# မြဝတီ နေ့စဉ်

သတင်းလောက ရှေ့ဆောင်မည် လူထုကြားက မြဝတီ

www.myawady.net.mm
E-mail:mwddailynewspapergroup@gmail.com

အတွဲ(၁၆)၊ အမှတ်(၂၆)

၁၃၇၈ ခုနှစ်၊ ကဆုန်လပြည့်ကျော် ၁၄ ရက်
၂၀၁၆ ခုနှစ်၊ မေ ၁၄ ရက်၊ ကြာသပတေးနေ့


**မြတ်ဗုဒ္ဓ၏အဆုံးအမတရား**

လောကၥ္ အမိကိုပြုစုလုပ်ကျွေးခြင်းသည် ချမ်းသာ၏။ အဖကိုပြုစုလုပ်ကျွေးခြင်းသည် ချမ်းသာ၏။ လောက၌ ရဟန်းတို့ကို ပစ္စည်းလေးပါးတို့ဖြင့် အရိုအသေပြုစုခြင်းသည် ချမ်းသာ၏။ မကောင်းမှုကင်းကုန်သော ဘုရား၊ ပစ္စေကဗုဒ္ဓါ၊ သာဝကတို့ကို ပစ္စည်းလေးပါးဖြင့် အရိုအသေပြုစုခြင်းသည် ချမ်းသာ၏။

**ဓမ္မပဒ**

**ဒို့တာဝန်အရေးသုံးပါး**

- ♦ ပြည်ထောင်စုမပြိုကွဲရေး။
- ♦ တိုင်းရင်းသားစည်းလုံးညီညွတ်မှုမပြိုကွဲရေး။
- ♦ အချုပ်အခြာအာဏာတည်တံ့ခိုင်မြဲရေး။

## ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော်သမ္မတအဖြစ်ရွေးကောက်တင်မြှောက်ခြင်းခံရသော နိုင်ငံတော်သမ္မတ ဦးမင်းအောင်လှိုင်ထံသို့ အယ်လ်ဂျီးရီးယားပြည်သူ့ဒီမိုကရက်တစ်သမ္မတထံမှ ဝမ်းမြောက်ကြောင်း သဝဏ်လွှာပေးပို့

နေပြည်တော် မေ ၁၃

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော်သမ္မတအဖြစ် ရွေးကောက်တင်မြှောက်ခြင်းခံရသော နိုင်ငံတော်သမ္မတ ဦးမင်းအောင်လှိုင်ထံသို့ အယ်လ်ဂျီးရီးယားပြည်သူ့ဒီမိုကရက်တစ်သမ္မတ မစ္စတာ အက်ဘ်ဒယ်လ်မက်ဂျစ် တက်ဘွန်းထံမှ ဝမ်းမြောက်ကြောင်း သဝဏ်လွှာပေးပို့သည်။

မြဝတီ

## ၂၀၂၆ ခုနှစ်၊ ရေကြောင်းနှင့်လေကြောင်းလူငယ်အခြေခံသင်တန်းများနှင့်တန်းမြင့်သင်တန်းများကို သက်ဆိုင်ရာမြို့နယ်အသီးသီးရှိ သင်တန်းစခန်းများတွင် လေ့ကျင့်သင်ကြားပေးလျက်ရှိ



လေကြောင်းလူငယ်အခြေခံသင်တန်းနှင့်တန်းမြင့်သင်တန်းများမှ သင်တန်းသား၊ သင်တန်းသူများ ပျံသန်းရေးအုပ်များကို လက်တွေ့ကွင်းဆင်းလေ့လာစဉ်။

နေပြည်တော် မေ ၁၃

ကျောင်းသား၊ ကျောင်းသူမျိုးဆက်သစ်လူငယ်မောင်မယ်များကို နွေရာသီကျောင်းပိတ်ရက်ကာလအတွင်း အသိပညာများဖွံ့ဖြိုးတိုးတက်စေရန်၊ အားလပ်ရက်များအကျိုးရှိစေရန်၊ မိမိဝါသနာပါသည့် ပညာရပ်များကို လေ့လာဆည်းပူးနိုင်စေရန်နှင့် နိုင်ငံတော်အတွက် ရေကြောင်းပညာ၊ လေကြောင်းပညာကျွမ်းကျင်သော အနာဂတ်မျိုးဆက်သစ်လူငယ်များပေါ်ထွန်းလာစေရန်ရည်ရွယ်၍ တပ်မတော်(ရေ)က ရေကြောင်းလူငယ်အခြေခံနှင့် တန်းမြင့်သင်တန်းများ၊ တပ်မတော်(လေ)က အခြေခံလေကြောင်းလူငယ်သင်တန်းနှင့် တန်းမြင့်လေကြောင်းလူငယ်သင်တန်းများကို ဧပြီလ ၂၇ ရက်တွင် သက်ဆိုင်ရာမြို့နယ်အသီးသီးရှိ သင်တန်းစခန်းများ၌ ဖွင့်လှစ်ခဲ့ပြီး လေ့ကျင့်သင်ကြားပေးလျက်ရှိသည်။

ထိုသို့လေ့ကျင့်သင်ကြားလျက်ရှိရာ ယနေ့တွင် ရေတပ်ဆက်သွယ်ရေးဘာသာရပ်၌ပါဝင်သည့် ဗျည်း၊ သရ၊ လက္ခဏာ

**စာမျက်နှာ ၁၂ ကော်လံ ၁ ❍**

**အွန်လိုင်းလိမ်လည်မှု တိုက်ဖျက်ရေးဆိုင်ရာ ဥပဒေကြမ်း** စာ - ၇ သို့

**ပုဂံဌာနခွဲ တာဝန်ရှိသူများနှင့် အိန္ဒိယနိုင်ငံ(ASI)အဖွဲ့ ရှေးဟောင်းအဆောက်အအုံပြုပြင်ထိန်းသိမ်းခြင်းလုပ်ငန်းများနှင့် နံရံပန်းချီပြုပြင်ထိန်းသိမ်းခြင်းလုပ်ငန်းများကြည့်ရှု** စာ - ၁၃ သို့

**ဆောင်းပါး**

**မှို သို့မဟုတ် သဘာဝကပေးသည့် ထူးခြားသောလက်ဆောင်** စာ - ၅ သို့

**ညောင်ဦးမြို့နယ်၌ ဆီထွက်သီးနှံမြေပဲနှင့် နှမ်းများစတင်စိုက်ပျိုး** စာ - ၁၀ သို့

**ပြည်ပသို့ ရေချိန်ထွက်ကုန်ပစ္စည်းအေးခဲတင်ပို့မှုထက် အရှင်တင်ပို့နိုင်ပါက နိုင်ငံခြားငွေတိုးမြင့်ရရှိလာမည်** စာ - ၁၄ သို့




## အယ်ဒီတာ့အာဘော်

(၂၀၂၆ ခုနှစ်၊ မေ ၁၄ ရက်)

# အမြင်မှန်ရ၍ ဥပဒေဘောင်အတွင်းဝင်လာသူများ

နိုင်ငံတော်အစိုးရသည် PDF အပါအဝင် အဖွဲ့အစည်းအမျိုးမျိုးအမည်ခံ၍ လက်နက်ကိုင်ဆန့်ကျင်လျက်ရှိသည့် အဖွဲ့အစည်းများအတွင်းရောက်ရှိနေသူများအား ဥပဒေဘောင်အတွင်းသို့ပြန်လည်ဝင်ရောက်ရန်ဖိတ်ခေါ်၍ ဥပဒေဘောင်အတွင်းသို့ဝင်ရောက်လာသူများကိုလည်း လိုအပ်သည့်ကူညီပံ့ပိုးမှုများဆောင်ရွက်ပေးလျက်ရှိသည်။ အတွေးအခေါ်အယူလွဲမှားကာ တောတွင်းလက်နက်ကိုင်များအဖြစ်သို့ရောက်ရှိသွားကြသည့်လူငယ်အများစုသည် ယခုအခါ နိုင်ငံတော်နှင့်တပ်မတော်၏ငြိမ်းချမ်းရေးလုပ်ငန်းစဉ်များကို နားလည်သဘောပေါက်လာသည့်အတွက် ဥပဒေဘောင်အတွင်းသို့တဖွဲဖွဲပြန်လည်ဝင်ရောက်လျက်ရှိကြသည်။

ထိုသို့ဝင်ရောက်လျက်ရှိရာတွင် DPLA အဖွဲ့ဝင် အမျိုးသား ၁၆ ဦး၊ အမျိုးသမီး ၄၀ ဦး၊ TNLA အဖွဲ့ဝင် အမျိုးသား ၃ ဦးနှင့် PDF အဖွဲ့ဝင်အမျိုးသား ၁၁ ဦး၊ အမျိုးသမီး ၂ ဦး စုစုပေါင်း ၇၂ ဦးတို့သည် ဥပဒေဘောင်အတွင်းသို့ထပ်မံဝင်ရောက်လာကြသဖြင့် ၎င်းတို့အားတာဝန်ရှိသူများက ကြိုဆိုလက်ခံ၍ မိဘအုပ်ထိန်းသူများထံလွှဲပြောင်းအပ်နှံပွဲကို မေလ ၁၁ ရက်က ရှမ်းပြည်နယ် (မြောက်ပိုင်း) ကျောက်မဲမြို့၌ကျင်းပခဲ့သည်။ တာဝန်ရှိသူများက ဥပဒေဘောင်အတွင်းပြန်လည်ဝင်ရောက်လာသူများအား ထောက်ပံ့ပစ္စည်းများပေးအပ်ပြီး ဝန်ခံကတိလက်မှတ်ရေးထိုးစေကာ မိဘအုပ်ထိန်းသူများထံပြန်လည်လွှဲပြောင်းအပ်နှံပေးကြသည်။

ထို့အတူ AA အဖွဲ့နှင့် PDF အမည်ခံအဖွဲ့မှ အဖွဲ့ဝင်အမျိုးသား ၃၁ ဦးတို့သည် လက်နက်ခဲယမ်းများနှင့်အတူ ဥပဒေဘောင်အတွင်းသို့ဝင်ရောက်လာခဲ့ကြသည်။ အဆိုပါဥပဒေဘောင်အတွင်းဝင်လာသူများအား မေလ ၁၁ ရက်တွင် အနောက်တောင်တိုင်းစစ်ဌာနချုပ် ရေဝတီခန်းမ၌ တာဝန်ရှိသူများက ကြိုဆိုလက်ခံ၍ မိဘအုပ်ထိန်းသူများထံပြန်လည်လွှဲပြောင်းအပ်နှံပွဲကိုကျင်းပခဲ့သည်။ ဥပဒေဘောင်အတွင်းပြန်လည်ဝင်ရောက်ခဲ့ကြသူများက ၎င်းတို့နှင့်အတူပါရှိလာသည့်လက်နက်ခဲယမ်းများကိုလွှဲပြောင်းအပ်နှံကြသည်။ အဆိုပါလက်နက်ခဲယမ်းများနှင့် ဥပဒေဘောင်အတွင်းဝင်ရောက်လာကြသူများအတွက် တာဝန်ရှိသူများက စုစုပေါင်းငွေကျပ် ၃၄၆ သိန်းပေးအပ်ပြီး ဝန်ခံကတိလက်မှတ်ရေးထိုးစေကာ မိဘအုပ်ထိန်းသူများထံပြန်လည်လွှဲပြောင်းပေးအပ်သည်။

ဥပဒေဘောင်အတွင်းဝင်ရောက်လာကြသည့် တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့များမှ အဖွဲ့ဝင်များနှင့် PDF အမည်ခံအဖွဲ့များမှအဖွဲ့ဝင်များသည် အတင်းအဓမ္မစုဆောင်းခံကြရခြင်း၊ အကြမ်းဖက်အဖွဲ့များ၏ အကျိုးစီးပွားအတွက် အပြစ်မဲ့ပြည်သူများနှင့် နိုင်ငံ့ဝန်ထမ်းများအားခြိမ်းခြောက်၊ ဖမ်းဆီး၊ သတ်ဖြတ်ခြင်း၊ စစ်ရေးပစ်မှတ်မဟုတ်သည့် အခြေခံအဆောက်အအုံများ၊ လမ်း၊ တံတားများကို မိုင်းထောင်ဖောက်ခွဲဖျက်ဆီးခြင်းစသည့် အကြမ်းဖက်လုပ်ရပ်များကို လက်မခံနိုင်တော့ခြင်း၊ ၎င်းအဖွဲ့များအတွင်းမှာပင် လူမျိုးရေးခွဲခြားဆက်ဆံမှုနှင့်အဆင့်အတန်းခွဲခြား၍ အချင်းချင်းဖိုလ်ကျနှိပ်စက်ခြင်း၊ သတ်ဖြတ်ခြင်း၊ အဓမ္မမှုများကျူးလွန်ခြင်း၊ အနေအစားဆင်းရဲ၍ ပင်ပန်းဆင်းရဲစွာနေထိုင်ရခြင်းတို့မှာ အရှင်လတ်လတ်ငရဲတွင်ခံစားနေရသကဲ့သို့ စိတ်ဆင်းရဲခြင်းကြီးစွာနေထိုင်ခဲ့ရခြင်းတို့ကြောင့် ဥပဒေဘောင်အတွင်းဝင်ရောက်လာခြင်းဖြစ်သည်။ အဆိုပါဥပဒေဘောင်အတွင်းဝင်ရောက်လာသူများကို နွေးထွေးစွာကြိုဆိုခြင်း၊ မိဘများထံစနစ်တကျပြန်လည်လွှဲအပ်ပေးခြင်း၊ လက်နက်ခဲယမ်းများပါရှိလာပါက ဆုကြေးငွေများကိုကြေညာထားသည့်အတိုင်းပေးအပ်ခြင်းတို့ဆောင်ရွက်ခဲ့ကြသည်။

တပ်မတော်အနေဖြင့် ပြည်သူလူထု၏အသက်အိုးအိမ်စည်းစိမ်ဥစ္စာကိုကာကွယ်စောင့်ရှောက်လျက်ရှိပြီး ပြည်သူလူထု၏အကျိုးစီးပွားကိုသာ အစဉ်ဦးထိပ်ထားဆောင်ရွက်နေခြင်းဖြစ်သည်။ မြန်မာနိုင်ငံ၏သမိုင်းတစ်လျှောက်တွင် နိုင်ငံတော်အစိုးရကို လက်နက်ကိုင်ပုန်ကန်နေသူများမှာ မည်သည့်အခါမှအောင်မြင်မှုရသည်မဟုတ်ဘဲ ကျဆုံးသွားခဲ့ရသည်ချည်းဖြစ်သည်။ ယခုကဲ့သို့အမြင်မှန်ရကာ ဥပဒေဘောင်အတွင်းသို့ဝင်ရောက်လာသည့်အတွက် မိဘများအနေဖြင့် ဝမ်းသာကြည်နူးနေကြမည်သာဖြစ်သည်။

ဥပဒေဘောင်အတွင်းဝင်ရောက်လာသူများအနေဖြင့် ၎င်းတို့ကြောင့်နစ်နာဆုံးရှုံးမှုများဖြစ်ပေါ်ခဲ့ရသည့်နိုင်ငံတော်နှင့်ပြည်သူလူထုအတွက် ပြန်လည်အကျိုးပြုခွင့်ရရှိတော့မည်ဖြစ်သည်။ ယခုကဲ့သို့ ဥပဒေဘောင်အတွင်းပြန်လည်ဝင်ရောက်လိုသူများအနေဖြင့်လည်း နီးစပ်ရာတပ်စခန်းများနှင့်ရဲစခန်းများသို့အမြန်ဆက်သွယ်ဝင်ရောက်ကြရန်ဖြစ်သည်။ ဥပဒေဘောင်အတွင်းဝင်ရောက်လာသူများကို နွေးထွေးစွာကြိုဆိုလက်ခံပြီး လိုအပ်သည့်အကူအညီထောက်ပံ့မှုပေးအပ်သွားမည်ဖြစ်ကြောင်းနှင့် လက်နက်/ခဲယမ်းများအတွက် ဆုကြေးငွေများပေးအပ်သွားမည်ဖြစ်သည်။ အမှားကိုပြင်၍အမှန်ကိုမြင်ကာ ဥပဒေဘောင်အတွင်းဝင်ရောက်ခြင်းဖြင့် မိမိတို့အနာဂတ်လှပနေမည်ဖြစ်ပါကြောင်း။ ။

# ချောက်မြို့နယ်၌ စံပြကွက် တောင်သူများအား သီးနှံမျိုးစေ့များ ပံ့ပိုးပေးအပ်

ချောက် မေ ၁၃

မကွေးတိုင်းဒေသကြီး ချောက်မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန အစည်းအဝေးခန်းမ၌ နိုင်ငံတော်အစိုးရ၏ ရက် ၁၀၀ စီမံချက်ဖြင့် မြို့နယ်စိုက်ပျိုးရေးဦးစီးဌာနမှစံပြကွက်ဆောင်ရွက်မည့်တောင်သူများအား သီးနှံမျိုးစေ့များပံ့ပိုးခြင်းကို မေလ ၁၂ ရက် နံနက်ပိုင်းတွင် ကျင်းပသည်။

ရေးဦးစွာ မြို့နယ်စိုက်ပျိုးရေးဦးစီးဌာနဦးစီးမှူး ဦးခင်မောင်ဝင်းက ရက် ၁၀၀ အတွင်း ဆောင်ရွက်မည့် တောင်သူများအား သီးနှံမျိုးကောင်းမျိုးသန့်များ ရရှိမှုအပေါ်ပန်းတိုင်အထွက်နှုန်းရရှိရေးဆောင်ရွက်ကြရန်နှင့် တောင်သူများသီးနှံစိုက်ပျိုးမှုတွင် အထောက်အကူပြုစေရန်နည်းလမ်းများ၊ တောင်သူများမှပူးပေါင်းဆောင်ရွက်၍ အဓိကသီးနှံများအထွက်နှုန်းရရှိရေးနည်းစနစ်များလိုက်နာကျင့်သုံးစေရေးတို့ကိုရှင်းလင်းပြောကြားသည်။

ထို့နောက်မြို့နယ်စီမံခန့်ခွဲရေးနှင့်အုပ်ချုပ်ရေးကော်မတီဥက္ကဋ္ဌဦးစိုးလွင်၊ တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ်ဦးသန်းလှိုင်နှင့်တာဝန်ရှိသူများက ရက် ၁၀၀ အတွင်း ဆောင်ရွက်မည့် သီးနှံမျိုးစေ့များဖြစ်သည့် စပါး၊ နှမ်း၊ မြေပဲ၊နေကြာ၊ပဲတီစိမ်းနှင့်ဝါမျိုးစေ့များ၊ ရိုဘတ်စတာကော်ဖီပျိုးပင်တို့ကို တောင်သူများအားပံ့ပိုးပေးအပ်သည်။

အဆိုပါအခမ်းအနားသို့ မြို့နယ်စီမံခန့်ခွဲရေးနှင့်အုပ်ချုပ်ရေးကော်မတီဥက္ကဋ္ဌ၊ မကွေးတိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ်၊ မြို့နယ်စိုက်ပျိုးစွမ်းအားမြှင့်တင်ရေးအဖွဲ့ဝင်များနှင့်တောင်သူများတက်ရောက်ကြကြောင်း သိရသည်။ **ကျော်မိုး(ပြန်/ဆက်)**

# ကျိုက်မရောမြို့နယ်၌ သဘာဝဘေးအန္တရာယ်ကြိုတင်ကာကွယ်ရေး ဇာတ်တိုက်လေ့ကျင့်

ကျိုက်မရော မေ ၁၃

မွန်ပြည်နယ် မော်လမြိုင်ခရိုင် ကျိုက်မရောမြို့နယ်ရန်မျိုးအောင်ရပ်ကွက်ရှိ မြို့နယ်မီးသတ်ဦးစီးဌာနရုံး၌ ပြည်သူလူထု၏ အသက်အိုးအိမ်စည်းစိမ်များ သဘာဝဘေးအန္တရာယ်ကြောင့် ပျက်စီးဆုံးရှုံးမှုလျော့နည်းစေရန်ရည်ရွယ်၍ မြို့နယ်စီမံခန့်ခွဲရေးနှင့်အုပ်ချုပ်ရေးကော်မတီအဖွဲ့၏ကြီးကြပ်မှုဖြင့် ကျိုက်မရောမြို့နယ်မီးသတ်ဦးစီးဌာနသည် သဘာဝဘေးအန္တရာယ် ရှာဖွေကယ်ဆယ်ရေးဇာတ်တိုက်လေ့ကျင့်ခြင်းနှင့် ရှာဖွေကယ်ဆယ်ရေးပစ္စည်းများ လက်တွေ့အသုံးချပြသခြင်းကို မေလ ၁၃ ရက် နံနက်ပိုင်းတွင် ဆောင်ရွက်သည်။

ရေးဦးစွာ မြို့နယ်မီးသတ်ဦးစီးဌာန ဦးစီးအရာရှိဦးတင်သောင်းဦးက သဘာဝဘေးအန္တရာယ်ကြိုတင်ကာကွယ်ရေးနှင့်ပတ်သက်၍ ဇာတ်တိုက်လေ့ကျင့်ရခြင်း၏ ရည်ရွယ်ချက်ကို ရှင်းလင်းဆွေးနွေးပြီး မုန်တိုင်းသတိပေးအရေးပေါ်ထုတ်ပြန်ချက်သတင်းများကို အချိန်မီသိရှိနိုင်ရန်အသံချဲ့စက်ဖြင့်နှိုးဆော်ကြေညာခြင်း ကြိုတင်စီစဉ်ထားသည့် ကုန်းမြင့်ပိုင်းဘေးလွတ်ရာနေရာသို့ ပြောင်းရွှေ့ခြင်း၊ သက်ကြီးရွယ်အိုများ၊ မသန်စွမ်းသူများ၊ ကလေးငယ်များအား ကူညီပြောင်းရွှေ့ခြင်းများကို လက်တွေ့သရုပ်ပြဇာတ်တိုက်လေ့ကျင့်ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

**ချိုမြတ်မြတ်ထွေး(ပြန်/ဆက်)**

## မြဝတီရုပ်မြင်သံကြားအစီအစဉ်

၁၄-၅-၂၀၂၆(ကြာသပတေးနေ့)

| | | | | | |
|---|---|---|---|---|---|
| ၁။ | ၀၆:၀၃ | တရားတော် | | | သူရဲကောင်းများ |
| ၂။ | ၀၆:၄၅ | ဓမ္မပူဇာတေး | ၁၂။ | ၁၃:၀၀ | မြဝတီရုပ်မြင်သံကြားသတင်း |
| ၃။ | ၀၇:၀၀ | နုပျိုလှပကျန်းမာဖို့ လမ်းလျှောက်ကြပါစို့ | ၁၃။ | ၁၃:၁၅ | တစ်ပတ်အတွင်းထိပ်တန်းရောက်ကမ္ဘာ့သတင်းသုံးသပ်ချက်များ |
| ၄။ | ၀၇:၁၀ | ကိုယ်လက်လှုပ်ရှားအားကစား | ၁၄။ | ၁၅:၄၀ | ဇာတ်လမ်းတို |
| ၅။ | ၀၈:၂၀ | မျိုးချစ်တပ်မတော် | ၁၅။ | ၁၇:၂၀ | လူသားတို့နှင့် ဆိုက်ဘာအန္တရာယ် |
| ၆။ | ၀၈:၄၀ | မောင်မယ်လေးများသိစေချင် | ၁၆။ | ၁၉:၀၀ | **ရုပ်မြင်သံကြားဇာတ်လမ်း** |
| ၇။ | ၀၉:၂၀ | ကျန်းမာသုတ | | | **လွမ်းလို့ကျန်ရစ်ခဲ့မှာကို အားနာ** |
| ၈။ | ၁၀:၄၀ | ဆောင်းပါးပေါ်မှစာစုများ | | | **ပါတယ်လေ(ပထမပိုင်း)** |
| ၉။ | ၁၁:၁၅ | ပြည်သူ့ကြားက ပြည်သူ့စကား | | | **သရုပ်ဆောင်-ရဲအောင်၊** |
| ၁၀။ | ၁၁:၄၅ | လူတိုင်းကျန်းမာသိမှတ်စရာ | | | **မို့မို့မြင့်အောင်၊ စိုးမြတ်သူဇာ** |
| ၁၁။ | ၁၂:၁၅ | လေးစားအတုယူ စံနမူ | | | **ဒါရိုက်တာ-အောင်မြင့်မြတ်** |

မြဝတီ နေ့စဉ်
the Myawady Daily

စာတည်းမှူးချုပ် - ဦးမျိုးဝင်းရှိန်
စာတည်းမှူး(မြန်မာ) - ဦးရာဇာအောင်
စာတည်းမှူး(အင်္ဂလိပ်) - ဦးရဲမင်းတင်
စာတည်း(ကျွမ်းကျင်)အင်္ဂလိပ် - ဦးတင်မောင်သန်း

စာတည်းအဖွဲ့(မြန်မာ) - ဦးနေမင်းဦး၊ ဦးထွန်းထွန်းနိုင်၊ ဒေါ်နီလာအောင်၊ ဒေါ်ဆွေဇင်သိမ့်
စာတည်းအဖွဲ့(အင်္ဂလိပ်) - ဦးထက်မြတ်၊ ဒေါ်သီရိမွန်
သတင်းအဖွဲ့(နေပြည်တော်) - ဦးဇော်မင်းပိုင်၊ ဒေါ်ခိုင်ဝါဝါကျော်
သတင်းအဖွဲ့(ရန်ကုန်) - ဦးစံမင်းသူ

နေပြည်တော်
စာတည်းအဖွဲ့ ၀၃၁-၇၃၉၉၈၊ ဖက်စ် ၀၃၁-၇၃၉၉၉/၀၃၂-၃၀၂၆၂၊
ဖြန့်ချိရေး/ကြော်ငြာ ၀၃၁-၇၄၀၀၆၊ ၀၃၁-၇၄၀၀၈၊
ဘုရင့်နောင်ရပ်ကွက်၊ ပုဗ္ဗသီရိမြို့နယ်၊ နေပြည်တော်။

ရန်ကုန်(ရုံးခွဲ)
စာတည်းအဖွဲ့ ၀၃၁-၇၄၀၂၁၊ ဖြန့်ချိရေး ၀၁၈-၄၀၀၆၉၇၊
ကြော်ငြာ ၀၃၁-၇၄၀၂၂၊ အမှတ်(၁၅)၊ မိုးကောင်းလမ်း၊ ရန်ကင်းမြို့နယ်၊ ရန်ကုန်မြို့။

မန္တလေး(ရုံးခွဲ)
တာဝန်ခံ ၀၉-၆၈၈၈၈၃၅၅၈၊ ၈၄ လမ်း၊
၂၉x၃၀ လမ်းကြား၊ ချမ်းအေးသာစံမြို့နယ်၊ မန္တလေးမြို့။

ကျိုင်းတုံ(ရုံးခွဲ)
တာဝန်ခံ ၀၉-၄၄၄၁၈၆၉၁၊ ၀၃၄-၇၃၆၀၁
လွိုင်မွေလမ်း၊ အမှတ်(၂)ရပ်ကွက်၊ ကျိုင်းတုံမြို့။

ပုံနှိပ်ခြင်း/ထုတ်ဝေခြင်းအမှတ် - ၀၀၃၇၈/၀၀၄၉၄
စတင်ထုတ်ဝေသည့်ရက် - ၂၀၁၁ ခုနှစ် ဧပြီလ ၁ ရက်
E-mail: mwddailynewspapergroup @ gmail.com
Website - www.myawady.net.mm

# ပြည်ထောင်စုတိုင်းရင်းသားလူငယ်များ စွမ်းရည်ဖွံ့ဖြိုးရေးဒီဂရီကောလိပ်(ရန်ကုန်)၌ သဘာဝဘေးအန္တရာယ်ဆိုင်ရာ အသိပညာပေးဟောပြောပွဲကျင်းပ



ရန်ကုန် မေ ၁၃

ရန်ကုန်တိုင်းဒေသကြီး ဒဂုံမြို့သစ်ခရိုင် ဒဂုံ(ဆိပ်ကမ်း)မြို့နယ် ပြည်ထောင်စုတိုင်းရင်းသားလူငယ်များ စွမ်းရည်ဖွံ့ဖြိုးရေးဒီဂရီကောလိပ် (ရန်ကုန်)၌ သဘာဝဘေးအန္တရာယ်ဆိုင်ရာ အသိပညာပေးဟောပြောပွဲကို မေလ ၁၂ ရက်က အဆိုပါကျောင်း ဘွဲ့နှင်းသဘင်ခန်းမ၌ ကျင်းပသည်။

ရှေးဦးစွာ ပြည်ထောင်စုတိုင်းရင်းသားလူငယ်များ စွမ်းရည်ဖွံ့ဖြိုးရေးဒီဂရီကောလိပ် (ရန်ကုန်)မှ ကျောင်းအုပ်ဆရာကြီး ဦးထိန်လင်းက အဖွင့်အမှာစကားပြောကြားပြီး ရန်ကုန်တိုင်းဒေသကြီး ဘေးအန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲမှုဦးစီးဌာန ဦးစီးမှူး ဦးသန်းစိုးက အမှာစကားပြောကြားသည်။

ထို့နောက် ဘေးအန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲမှုဦးစီးဌာန ဒုတိယညွှန်ကြားရေးမှူး ဒေါ်သန်းသန်းဝင်းက ငလျင်၏ပြင်းအား၊ ငလျင်အင်အားအဆင့်သတ်မှတ်ခြင်း၊ ငလျင်အမျိုးအစားသတ်မှတ်ခြင်း၊ ငလျင်လှုပ်ခတ်ပြီးနောက် ဖြစ်ပေါ်တတ်သော နောက်ဆက်တွဲဘေးအန္တရာယ်များ၊ မြန်မာနိုင်ငံ၌ ငလျင်လှုပ်ခတ်ရသည့် အဓိကအကြောင်းရင်းများ၊ ငလျင်လှုပ်ခတ်နေစဉ် လိုက်နာရမည့်အချက်များ၊ ငလျင်ဘေးအန္တရာယ် ကြိုတင်ပြင်ဆင်ရန်အချက်များ၊ ငလျင်လှုပ်ခတ်နေစဉ် လိုက်နာရမည့်အချက်များ၊ ငလျင်လှုပ်ခတ်နေစဉ် ရှောင်ရှားသင့်သည့်အချက်များ၊ ငလျင်လှုပ်ခတ်ပြီးနောက် ဆောင်ရွက်ရမည့်အချက်များ၊ ငလျင်မဖြစ်မီ ကြိုတင်ပြင်ဆင်မှုအစီအစဉ်များ စသည်တို့ကို အသိပညာပေးဟောပြောသည်။

ဆက်လက်၍ မြို့နယ်ကြက်ခြေနီတပ်ဖွဲ့ တပ်ဖွဲ့မှူး ဦးဇော်မျိုးထိုက်က မီးဘေး၊ ရေဘေးနှင့် သဘာဝဘေးအန္တရာယ်ကျရောက်လာပါက ထိခိုက်ဒဏ်ရာရရှိသူများအား ရှေးဦးပြုစုနည်းဖြင့် အသက်ကယ်ခြင်းလုပ်ငန်းများ ဆောင်ရွက်ရန် လိုအပ်ကြောင်း အသိပညာပေးဟောပြောသည်။

ထို့နောက် မြို့နယ်ကြက်ခြေနီတပ်ဖွဲ့ဝင်များက ပတ်တီးစည်းနည်းငါးမျိုး၊ အသက်ရှူအားကူနည်း (CPR) ပြုလုပ်ခြင်း၊ လူနာသယ်ဆောင်ခြင်းတို့ကို သရုပ်ပြကြောင်း သိရသည်။ **ဖြိုးစန္ဒာ(ဆိပ်ကမ်း)**

# မော်လမြိုင်ကျွန်းမြို့နယ်၌ ၂၀၂၄-၂၀၂၅ ပညာသင်နှစ် ကျောင်းအပ်နှံရေးလုပ်ငန်းများ အောင်မြင်စွာဆောင်ရွက်နိုင်ရေး တွေ့ဆုံဆွေးနွေး

မော်လမြိုင်ကျွန်း မေ ၁၃

ဧရာဝတီတိုင်းဒေသကြီး လပွတ္တာခရိုင် မော်လမြိုင်ကျွန်းမြို့နယ် အမှတ်(၁၁)ရပ်ကွက်ရှိ အမှတ်(၂)အခြေခံပညာအထက်တန်းကျောင်း ဝင်္ဂဆောင်ခန်းမ၌ ၂၀၂၄-၂၀၂၅ ပညာသင်နှစ် ကျောင်းအပ်နှံရေးလုပ်ငန်းများ အောင်မြင်စွာဆောင်ရွက်နိုင်ရေးအတွက် ကျောင်းအုပ်/ကျောင်းတာဝန်ခံများနှင့် တွေ့ဆုံဆွေးနွေးပွဲကို မေလ ၁၂ ရက်ကကျင်းပသည်။

ရှေးဦးစွာ မြို့နယ်စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေးကော်မတီဥက္ကဋ္ဌ ဦးခင်မောင်ဦးက ၂၀၂၄-၂၀၂၅ ပညာသင်နှစ်တွင် ကျောင်းသား၊ ကျောင်းသူများ ရာနှုန်းပြည့် ကျောင်းအပ်နှံနိုင်ရေး ယခင်နှစ်များကဲ့သို့ အိမ်တိုင်ရာရောက် လှုံ့ဆော်ဆောင်ရွက်ကြရန်၊ ရပ်ကွက်/ကျေးရွာအုပ်ချုပ်ရေးအဖွဲ့များ၊ ကျောင်းအုပ်များနှင့် ကျောင်းတာဝန်ခံများအချင်းချင်း တက်ညီလက်ညီ ပူးပေါင်းဆောင်ရွက်ကြရန်၊ ကျောင်းဝင်းအတွင်း/အပြင်နှင့် စာသင်ခန်းများ သန့်ရှင်းသာယာရေးလုပ်ငန်းများ စနစ်တကျဆောင်ရွက်ထားကြရန်နှင့် ကျောင်းအပ်နှံရေးလုပ်ငန်းများကို အလေးထားဆောင်ရွက်ကြရန်၊ လက်ရှိတွင် ဝမ်းပျက်ဝမ်းလျှောရောဂါများ ဖြစ်ပွားလျက်ရှိသဖြင့် ကျောင်းသား၊ ကျောင်းသူများ၏ ကျန်းမာရေးဆိုင်ရာကိစ္စရပ်များကို အထူးဂရုပြုဆောင်ရွက်ကြရန် ပြောကြားသည်။ ထို့နောက် မြို့နယ်ပညာရေးမှူး ဦးမင်းမင်းထွန်းက ၂၀၂၄-၂၀၂၅ ပညာသင်နှစ် ကျောင်းအပ်နှံရေးလုပ်ငန်းများနှင့်ပတ်သက်၍ လိုအပ်သည်များကို ရှင်းလင်းဆွေးနွေးသည်။

အဆိုပါအခမ်းအနားသို့ မြို့နယ်စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေးကော်မတီဥက္ကဋ္ဌ ဦးခင်မောင်ဦး၊ မြို့နယ်ပညာရေးမှူး ဦးမင်းမင်းထွန်းနှင့် ကျောင်းအုပ်/ကျောင်းတာဝန်ခံ ဆရာ၊ ဆရာမများ တက်ရောက်ကြကြောင်း သိရသည်။

**ရဲကိုမောင် (ပြန်/ဆက်)**

# ပေါတောမြို့နယ်၌ ဖိုလ်ကိတ်ပဲဧက ၄၉၀၀ ကျော်ရိတ်သိမ်းပြီးစီး

ပုတောေ မေ ၁၃

ဧရာဝတီတိုင်းဒေသကြီး ပုသိမ်ခရိုင် ငပုတောမြို့နယ်၌ပြီးခဲ့သည့်ဆောင်းသီးနှံစိုက်ပျိုးရာသီကစိုက်ပျိုးခဲ့သော ဖိုလ်ကိတ်ပဲဧက ၄၉၀၀ ကျော် ရိတ်သိမ်းပြီးစီးပြီဖြစ်ကြောင်း ငပုတောမြို့နယ်စိုက်ပျိုးရေးဦးစီးဌာနမှ သိရသည်။

ဆောင်းသီးနှံစိုက်ပျိုးရာသီက ငပုတောမြို့နယ်၌ ဖိုလ်ကိတ်ပဲ ၄၉၃၈ ဧက စိုက်ပျိုးနိုင်ခဲ့ကြောင်း၊ အဆိုပါဖိုလ်ကိတ်ပဲများကို ယခုနှစ် ဖေဖော်ဝါရီလဒုတိယပတ်က စတင်ရိတ်သိမ်းခဲ့ရာ လက်ရှိတွင် ၄၉၃၈ ဧက ရိတ်သိမ်းပြီးစီးပြီဖြစ်ကြောင်း သိရသည်။

"ဆောင်းသီးနှံစိုက်ပျိုးရာသီမှာ ဖိုလ်ကိတ်ပဲ ဧက ၄၉၀၀ ကျော် လျာထားစိုက်ပျိုးခဲ့ပါတယ်။ ဖိုလ်ကိတ်ပဲကို အခက်အခဲမရှိစိုက်ပျိုးနိုင်ဖို့၊ ဆောင်းသီးနှံတွေ ပိုးမွှားအန္တရာယ်ကင်းရှင်းစေဖို့နဲ့ အထွက်နှုန်းကောင်းစေဖို့ ဒေသခံတောင်သူတွေနဲ့ ပူးပေါင်းဆောင်ရွက်ခဲ့ပါတယ်။ ဒ့ါပြင် ဓာတ်မြေဩဇာတွေ၊ ပိုးသတ်ဆေးတွေကို စနစ်တကျသုံးစွဲတတ်စေဖို့ နည်းပညာပေးလုပ်ငန်းတွေကိုလည်း အသိပညာပေးထားပါတယ်"ဟု ငပုတောမြို့နယ် စိုက်ပျိုးရေးဦးစီးဌာန ဦးစီးမှူး ဦးဆန်းဝင်းက ပြောသည်။

ငပုတောမြို့နယ်၌ ဆောင်းသီးနှံစိုက်ပျိုးရာသီကစိုက်ပျိုးခဲ့သည့် ဖိုလ်ကိတ်ပဲများ ရိတ်သိမ်းခဲ့ရာ တစ်ဧကလျှင် ၁၄ ဒသမ ၄၈ တင်းခန့်ထွက်ရှိကြောင်း သိရသည်။

**သုတကျော်**

# တောင်ငူမြို့နယ်၌ အသေးစားကုန်ထုတ်လုပ်ငန်းများ ဖန်တီးပေးနိုင်ရေးနှင့် မိသားစုဝင်ငွေတိုးရေးသင်တန်းများဖွင့်လှစ်

တောင်ငူ မေ ၁၃

ပဲခူးတိုင်းဒေသကြီး တောင်ငူခရိုင် အသေးစားစက်မှုလက်မှုလုပ်ငန်းဦးစီးဌာနမှ တောင်ငူမြို့နယ် ကင်းဆိပ်ကျေးရွာအုပ်စု ဘော်နင်းစုကျေးရွာ၌ အကောင်အထည်ဖော်ဆောင်ရွက်သော အသေးစားကုန်ထုတ်လုပ်ငန်းများဖန်တီးပေးနိုင်ရေးနှင့် မိသားစုဝင်ငွေတိုးရေးသင်တန်းများကို မေလ ၁၂ ရက်က ဖွင့်လှစ်သည်။

ရှေးဦးစွာ တောင်ငူခရိုင် စီမံခန့်ခွဲရေးနှင့်အုပ်ချုပ်ရေးကော်မတီဥက္ကဋ္ဌ ဦးစောထွန်းဦးက သင်တန်းဖွင့်အမှာစကားပြောကြားပြီး တောင်ငူခရိုင် အသေးစားစက်မှုလက်မှုလုပ်ငန်း ဦးစီးဌာန ဦးစီးမှူးက သင်တန်းဖွင့်လှစ်ရခြင်းနှင့်ပတ်သက်၍ ပြောကြားသည်။

ထို့နောက် တောင်ငူမြို့နယ် စီမံခန့်ခွဲရေးနှင့်အုပ်ချုပ်ရေးကော်မတီဥက္ကဋ္ဌ ဦးဉာဏ်လင်းအောင်က သင်တန်းသူများအတွက် သင်တန်းသုံးစက်ပစ္စည်းများ ပေးအပ်ပြီး တောင်ငူခရိုင် အမျိုးသမီးရေးရာအဖွဲ့ဥက္ကဋ္ဌက သင်တန်းသူများအတွက် သင်တန်းသုံး သင်ထောက်ကူပစ္စည်းများနှင့် ကုန်ကြမ်းပစ္စည်းများ ပေးအပ်သည်။

ယင်းနောက် တောင်ငူခရိုင် စီမံခန့်ခွဲရေးနှင့်အုပ်ချုပ်ရေးကော်မတီဥက္ကဋ္ဌ ဦးစောထွန်းဦးနှင့် တက်ရောက်လာကြသူများက သင်တန်းသုံး သင်ထောက်ကူပစ္စည်းများနှင့် ကုန်ကြမ်းပစ္စည်းများကို ကြည့်ရှုကြသည်။

အဆိုပါစက်ချုပ်သင်တန်းကို မေလ ၁၂ ရက်မှ ဇွန်လ ၁၀ ရက်အထိ ဖွင့်လှစ်သင်ကြားပေးလျက်ရှိပြီး အမျိုးသမီးဝတ်အင်္ကျီအမျိုးမျိုး၊ အမျိုးသားဝတ်ရှပ်အင်္ကျီချုပ်နည်းများကို စာတွေ့၊ လက်တွေ့သင်ကြားပေးသည်။

ဆက်လက်၍ တောင်ငူခရိုင် စီမံခန့်ခွဲရေးနှင့်အုပ်ချုပ်ရေးကော်မတီဥက္ကဋ္ဌ ဦးစောထွန်းဦး၊ မြို့နယ်စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေးကော်မတီဥက္ကဋ္ဌ ဦးဉာဏ်လင်းအောင်နှင့် တာဝန်ရှိသူများသည် တောင်ငူမြို့နယ် ဆင်ဆိပ်ကျေးရွာအုပ်စု ခပေါင်းတိန်ကျေးရွာ၌ ဖွင့်လှစ်သော အသက်မွေးဝမ်းကျောင်းအထောက်အကူပြု ဆပ်ပြာ၊ ခေါင်းလျှော်ရည်ပြုလုပ်နည်းသင်တန်းဖွင့်ပွဲသို့ တက်ရောက်ကြသည်။

အဆိုပါသင်တန်းကို မေလ ၁၂ ရက်မှ ၁၆ ရက်အထိ ဖွင့်လှစ်သင်ကြားပေးလျက်ရှိကြောင်း သိရသည်။

(၄၁၀)

မဝ်ဝတီ ကာတွန်း



# ကမ္မဖလ

တင့်တယ်

**ယမန်နေ့မှအဆက်**

တစ်ဖန် ကျွန်ုပ်၏မိခင်သည် ကျွန်ုပ်အား မွေးဖွားသောအခါ၌ အဘိုးကိုသာလျှင် အားကိုးရာရှိသည့်အလျောက် အဘိုးရှိရာသို့ သွားရောက်၍ ခြေထောက်ကို ဆံပင်ဖြင့်ပွတ်ကာ ရှိခိုးတောင်းပန် အသနားခံရှာပေသည်။ ဤတွင်လည်း ကျွန်ုပ်၏အဘိုးသည် ချစ်လှစွာသော သမီးထွေးကလေးမို့ ခိုးရာမလိုက်ခင်က ရွှေပေါ်မြတင် သဲလဲစင် ဖူးဖူးမှုတ်ထားခဲ့ပါလျက်နှင့် မိခင်၏အသနားခံချက်ကို နားမျှမဝင်၊ ပြင်ပြင်ကြီး ရက်စက်ခဲ့၏။ ထို့ကြောင့်လည်း မိုက်သည်ဟု ကျွန်ုပ်ယူဆ၏။ ကျွန်ုပ်အား သူစိမ်းတစ်ရံဆံ၏ သားကလေးထင်စဉ်ခဏ၌ ပွေ့ယူမြှောက်ချီ၍ ထားနိုင်ပါလျက်နှင့် အဘိုးသည် ကျွန်ုပ်အား သူနှင့်သွေးရင်းခေါက်ခေါက် မျိုးညှောက်မြေးဦးကလေး ဖြစ်မှန်းသိသည်နှင့်တစ်ပြိုင်နက် သူ၏ပေါင်ပေါ်မှ တွန်းဖယ်၍ချကာ ရက်စက်နိုင်အားလေသည်မှာလည်း တွေးလေတိုင်း နာကြည်းဆွေးမြည့်ဖွယ်ရာ ဖြစ်နေပေ၏။ ကျွန်ုပ်၏ ရင်ဝယ်ခိုသော ငုပ်စိတ်သည် ထိုသို့ တွန်းဖယ်၍ အချခံရသော လက်ဖြစ်တစ်တွက် ကာလကလေး၌ အမြစ်တွယ်လိုက်လေသလားမသိ။

ထားဦးတော့ ... ကျွန်ုပ်၏မိခင်ကို မိဘမျက်နှာ အိုးမဲသုတ်ရပါမည်လား၊ အရှက်ခွဲရပါမည်လား ဟူသော ပြစ်တင်ချက်ဖြင့် အိမ်သို့ အဝင်အထွက် လက်မခံလိုပါလျှင်လည်း ရှိပါစေတော့။ သို့သော် သားကလေးတစ်ကောင် တိုးလိုးတွဲလဲနှင့် မကောင်းလှသောဘဝဖြင့် မဟာတမဒုက္ခကြီးကျ၍ နေရသည်ကို ယုတ်စွအဆုံး မကောင်းတတ်သော အနေဖြင့်ဖြစ်စေ ငွေကလေး၊ ကြေးကလေးအစ ရပ်ဝေးမှ ထောက်သင့်ကြပါ၏။ ဤသို့လည်း မထောက်ခဲ့။ (မိဘစကားနားမထောင် သားတစ်ကောင်နှင့် တိုးလိုးတွဲလဲ) ဟူ၍ ပါးစပ်က ဆို၍ကောင်းအောင် ရှေးဟောင်းဆရာတို့ ကဗျာအစပ်ကောင်းခဲ့ကြသည့်တိုင် သူတို့၏ ကဗျာ၌ပါသော (မိဘ) ဆိုသည့်စကားအရ မိဘသည် မိဘအဖြစ်မှ နုတ်ထွက်၍မရ၊ ရှောင်လွှဲ၍မရ။ ပုတ္တဒါရဿကို မလွှတ်ကင်းနိုင်ပါလျက် ရက်စက်စွာ ပစ်စလက်ခတ်ထားနိုင်ကြသည်မှာ (တောင်းစုတ်ပလုံးစုတ်ကိုသာ စွန့်နိုင်သည်၊ သားဆိုး၊ သမီးဆိုးကို မစွန့်နိုင်)ဟူသော ရှေးဆရာတို့၏ စကားပုံနှင့်လည်း ဖီလာကြီးဖြစ်၍ နေပါလေသေးသည်။ တိုးလိုးတွဲလဲ၊ ငယ်နှောင်းသောသားကလေးမှာလည်း စင်စစ်၌ မိမိ၏ ရင်နှစ်မြေးကလေးပင် ဖြစ်ပေရာ မိခင်၏အမှားကို သားကလေးကပါ လုံးပါးပါးအောင် အခံခိုင်းသလို ရှိနေခဲ့သည်မှာကား မတရားနိုင်လှပေသည်ဟု ထင်ခဲ့ပေသည်။

ဒီတစ်ခါလည်း ထားလိုက်ဦးတော့။ မိဘသိုက်မြုံကို ခြေစုံကန်၍ ထွက်သွားသော သမီးအား အဝေးအရပ်တစ်ပါးမှ မကြည့်မရှုလိုသည်ကို ထားလိုက်ပါဦးတော့။ ကျွန်ုပ်၏မိခင်က ကျွန်ုပ်အား ရှင်ပြုရာတွင် အဘိုးနှင့်ဦးလေးတို့အား ဖိတ်ခေါ်ရာ၌ မလာကြဟုဆိုလျှင် နားလည်နိုင်ပါသေး၏။ ယခုမူ သာရေးမဟုတ် နာရေးကြီးဖြစ်၏။ နာရေးမျှ မကသေး။ သေရမည့်ဘေးကြီး ဆိုက်နေသောအခါလည်း ဖြစ်၏။ ကျွန်ုပ်၏မိခင်သေငယ်ဇောနှင့် မြောနေသည့်အခါသို့တိုင်အောင်ပင် လာ၍မကြည့်ခဲ့ကြ။ လူကိုယ်တိုင်မလာလိုက ထားလိုက်ပါဦးတော့။ ကျွန်ုပ်ကားအစွမ်းကုန် ပစားပေး၍ တွေးပါ၏။ လူကိုယ်တိုင်မလာလိုလျှင် ရှိပါစေဦးတော့။ နေ့လား၊ ညလား ဖြစ်နေရသည့် အချိန်မျိုး၌ အဝေးကနေ၍ ဆေးဝါးကုသရန် ငွေကြေးဖူလုံစွာ ထောက်ပံ့သင့်ကြပါ၏။ ကျွန်ုပ်၏အဘိုးသည် သူ့တစ်သက်တွင် ရောက်ဖူးဖို့ထားဦး မြင်ဖူးရုံမျှပင် မြင်ဖူးဖို့ လမ်းမရှိသော နိုင်ငံခြားက အနူရုံများသို့ပင် အလှူငွေများ ထောင်နှင့်သောင်းနှင့် လှူဒါန်းခဲ့ဖူးပါ၏။ နောက်မှ သိရ၏။ သို့စင်ပါလျက် ကိုယ့်သမီးအရင်းခေါက်ခေါက် အသက်ပျောက်ခါနီးသည်ကိုပင် ဆေးဝါးကုသနိုင်ခွင့်ရစေရန် ငွေကြေးဖြင့် မကူညီခဲ့သေး။ တစ်ရပ်လုံးဝိုင်း၍ ပြောသောအခါမှ သမီးမျက်နှာကို ထောက်၍ အားနာပါးနာ မသဒ္ဒါရေစာ ငွေကလေးတစ်ရာကို ပို့လိုက်၏။ ငွေတစ်ရာမှာကား အဘိုး၏ ပစ္စည်းထုထည်နှင့်စာ၍ ကြည့်ပါလျှင် ဆောင်းဝစပါးကျီမှ စာကလေး တစ်ကောင်စားသောက်သော စပါးစေ့မျှသာ ရှိပါလိမ့်မည်။ သို့စင်လျက် ထိုငွေကလေးတစ်ရာပေးမည့်အရေးကို သတင်းပို့လာသူအား အတွေ့မခံဘဲ အီလေးဆွဲ၍နေကြသဖြင့် ငွေအရောက်နှောင်းကာ ကျွန်ုပ်၏ မိခင်မှာသာလျှင် ရေတိမ်တွင်နစ်၍ လူညွန့်တုံးသောဘဝဖြင့် လူဖြစ်ရှုံးကာ ဇာတ်ဆုံးသတ်၍ သွားရရှာပေသည်။

ယင်းသည်တို့ကား ယခုရေးကာမှ ဤမျှထင်ရှားပေါ်လွင်စွာ တွေး၍ရေးသားခြင်းဖြစ်၏။ ကလေးအရွယ် လူမမည်ဘဝဖြင့် လောကအလယ်တွင် ယောင်တိယောင်တ ကိုးကွယ်ရာမဲ့အခါက ဤမျှအထိ မတွေးမိခဲ့ (ဘိုးဘိုး ရက်စက်သည်) ဟူ၍မျှလောက်သာ တွေးတတ်ခဲ့၏။ တဖြည်းဖြည်း လူလားမြောက်လာသောအခါတွင်ကား (ပိုက်ဆံမရှိလို့ ငါ့အမေ သေရလေခြင်း၊ ပိုက်ဆံမရှိလို့ ငါ့အမေ သေရလေခြင်း) ဟု စေ့စေ့တွေးတိုင်း တရေးရေးနာကြည်းခဲ့၏။ ထို့ကြောင့် (ဘိုးဘိုး ရက်စက်သည်) ဟူသော တွေးလုံးနှင့် (ပိုက်ဆံမရှိလို့ ငါ့အမေ သေရလေခြင်း) ဟူသော တွေးလုံးတို့ကို ပေါင်းစပ်ကြည့်လိုက်မိသောအခါတွင် (ဘိုးဘိုးနှင့် ဦးလေး ရက်စက်ကြလို့ ငါ့အမေ သေရလေခြင်း ... ငါ့အမေ သေရတာက ဘိုးဘိုးနဲ့ ဦးလေးတို့ လက်ချက်ပါပဲ ... သူတို့က ငါ့အမေကို မငတ်ရုံလေးပဲဖြစ်ဖြစ် ငွေထောက်ကြရင် ငါ့အမေက ငါးပေါင်းကြော်လည်း ကြော်ရမှာ မဟုတ်ဘူး။ အုန်းလက်ခြောက်ကိုလည်း ထင်းခုတ်ရမှာ မဟုတ်ဘူး။ အနာဝင်ပြီး သေမှာလည်း မဟုတ်ဘူး။ ပြီးတော့ ဘိုးဘိုးနဲ့ ဦးလေးတို့ကသာ ငါ့အမေ မမာစက ငွေကလေး ဘာကလေး လုံလောက်အောင်ပို့ရင် ငါ့အမေက ဆရာဝန်နဲ့ကုနိုင်ပြီး သက်ဆိုးရှည်ရှာမှာပဲ။ အခုတော့ ဘိုးဘိုးနဲ့ ဦးလေးတို့က ငွေပို့သင့်ကောင်းပါလျက်ကနဲ့ မပို့ကြလို့ ငါ့အမေ သေရလေတယ် ... ငါ့မေမေက စင်စစ်မှာ ဘိုးဘိုးသေရင် ဘိုးဘိုးရဲ့အမွေကို သုံးစုတစ်စု ဆိုင်တယ်ထားပါတော့၊ ငွေတစ်သိန်းပဲဆိုပါတော့၊ တစ်ဝက်၊ လေးပုံတစ်ပုံ၊ ရှစ်ပုံတစ်ပုံ၊ ဆယ်ပုံတစ်ပုံ၊ ဆယ်ပုံမှာ တစ်ပုံကလေးပဲ ပို့ကြဦးတော့ ငါ့အမေက လူနဲ့သူနဲ့တူအောင် နေရမယ် ... အခုတော့ သေရာမှာတောင် သူ့ဟာသူ ငါးပေါင်းကြော်ကလေးရောင်းပြီး မသာစရိတ်စုခဲ့ရှာလို့ ဖျာလိပ်နဲ့ မသွားရရှာတယ်) ဟူသော တွေးလုံးတောလုံးတို့သည် ခုနစ်စဉ်အမျှင်တန်း၍ တစ်တန်းကြီး ပေါ်ထွက်လာလေသည်။

**"ထိုတွေးလုံးများ ပေါ်လာသောအခါ၌ ငုပ်စိတ်၏ အမြစ်သည် ပို၍တွယ်ခဲ့၏။ ဤသို့ ငုပ်စိတ်အမြစ်တွယ်ခဲ့ပြီဖြစ်သောအခါသို့ရောက်သည်၌ အကယ်၍ ကျောင်းသားကြီးများက ကြီးနိုင်ငယ်ညှဉ်းဆဲသဘာဝအတိုင်း အနိုင်ကျင့်ခြင်းကို ခံရသည့်အခါမျိုးတွင် ငုပ်စိတ်ကလေးကား အသာဆွ၍ပေးလိုက်၏။ ထိုခဏတွင် ရင်ထဲ၌ကြိတ်၍ ဒေါသအိုးပေါက်ကွဲ၏။ အနိုင်ကျင့်သူ ကျောင်းသားကြီးကို အတွင်းကျိတ်ဆဲမိသည်ထက် (ဘိုးဘိုးနဲ့ ဦးလေး ရက်စက်လို့ ငါ့အမေ သေရတယ် ... ငါလည်း ကလေကချေ နေရတယ်) ဟူသော ဒေါသမီးမှာ ပွင့်လျှံမီးတောင်ကြီးအန်သလိုဖြစ်တတ်ပေသည် . . . "**

ထိုတွေးလုံးများ ပေါ်လာသောအခါ၌ ငုပ်စိတ်၏ အမြစ်သည် ပို၍တွယ်ခဲ့၏။ ဤသို့ ငုပ်စိတ်အမြစ်တွယ်ခဲ့ပြီဖြစ်သော အခါသို့ရောက်သည်၌ အကယ်၍ ကျောင်းသားကြီးများက ကြီးနိုင်ငယ်ညှဉ်းဆဲ သဘာဝအတိုင်း အနိုင်ကျင့်ခြင်းကို ခံရသည့်အခါမျိုးတွင် ငုပ်စိတ်ကလေးကား အသာဆွ၍ပေးလိုက်၏။ ထိုခဏတွင် ရင်ထဲ၌ကြိတ်၍ ဒေါသအိုးပေါက်ကွဲ၏။ အနိုင်ကျင့်သူ ကျောင်းသားကြီးကို အတွင်းကျိတ်ဆဲမိသည်ထက် (ဘိုးဘိုးနဲ့ ဦးလေး ရက်စက်လို့ ငါ့အမေ သေရတယ် ... ငါလည်း ကလေကချေနေရတယ်) ဟူသော ဒေါသမီးမှာ ပွင့်လျှံမီးတောင်ကြီးအန်သလိုဖြစ်တတ်ပေသည်။ သို့သော် အပြင်သို့ ပွင့်ပွင့်လင်းလင်းထုတ်၍ ကိုယ်အမူအရာ၊ နှုတ်အမူအရာတို့ဖြင့် ပြသကာ ဒေါသအခိုးကို ရထားစက်ခေါင်း ရေနွေးငွေ့ထုတ်သလို ထုတ်လိုက်ရရင် အကောင်းသား၊ နို့ပေမဲ့ ဒေါသကို ပုံ၍ချစရာနေရာမရှိ။ ကျောင်းသားကြီးကို ပြန်၍လည်း မထိုးနိုင်၊ ဆဲလည်း မဆဲဝံ့၊ ပေါက်ကွဲထွက်အံ့သော ဒေါသကို ပြန်၍ ဖွတ်မိုတ်ကာ မျို၍ချရ၏။ ထိုအခါမျိုးတွင် အရက်မူးလွန်သောသူ အော့အန်ပစ်လိုက်လျှင် သက်သာရာရလျက်၊ မအော့အန်ဘဲ အောင့်ထားပါက အိမ်ကြီးပါ ချာချာလည်အောင် မူးသလို ကျွန်ုပ်မှာလည်း အပြင်သို့ မထွက်ရသဖြင့် အတွင်း၌ လှိုက်၍စားသော ဒေါသမီးပူပြင်းစွာ တောက်လောင်ခြင်းကို ခံရပေတော့သည်။ တစ်ခါတစ်ရံ မအောင့်နိုင်သဖြင့် ကျောင်းကခွေးကိုပင် ပြေး၍ တအားကန်မိ၏။ သို့အကန်တွင် ဆွမ်းစားကျောင်းကိုယ်တော်၏ ခွေးကို ကန်မိသဖြင့် ဝါးခြမ်းပြားနှင့် အရှိုးထင်သွေးစို့အောင် အနက်တစ်ခါ ခံရပြန်လေသည်။ ချင့်ကြည့်ပေတော့။ **ဆက်လက်ဖော်ပြပါမည်။**

## ရွှေတောင်မြို့နယ်၌ စာဖတ်စွမ်းရည်ပြိုင်ပွဲနှင့် ဟောပြောပွဲကျင်းပ

**ရွှေတောင် မေ ၁၃**

ပဲခူးတိုင်းဒေသကြီး ပြည်ခရိုင် ရွှေတောင်မြို့နယ် ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာန လူထုအခြေပြုဗဟိုဌာန၌ မေလ ၁၂ ရက်က စာဖတ်စွမ်းရည်ပြိုင်ပွဲနှင့် ဟောပြောပွဲကျင်းပသည်။

ရှေးဦးစွာ မြို့နယ်ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ဦးစီးအရာရှိဦးအောင်ကိုသန့်က ကျောင်းသား၊ ကျောင်းသူများ စာပေနှင့်ပိုမိုရင်းနှီးကျွမ်းဝင်လာစေရန်၊ စာပေမှရရှိသော အသိပညာဗဟုသုတများ တိုးပွားလာစေရန်၊ ဉာဏ်ရည်ဉာဏ်သွေးဖွံ့ဖြိုးတိုးတက်လာစေရန်နှင့် ကိုယ်ရည်ကိုယ်သွေးထက်မြက်လာစေရန် အသိပညာပေးဟောပြောပြီး စာဖတ်စွမ်းရည်ပြိုင်ပွဲကျင်းပသည်။



ထို့နောက် မြို့နယ်ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာနမှ လူကုန်ကူးမှုတိုက်ဖျက်ရေး၊ ကလေးအလုပ်သမားပပျောက်ရေး၊ မူးယစ်ဆေးဝါးအန္တရာယ် အသိပညာပေးနံရံကပ်စာစောင်များခင်းကျင်းပြသထားရာ ကျောင်းသား၊ ကျောင်းသူများက ကြည့်ရှုလေ့လာကြကြောင်း သိရသည်။

**ကိုကိုမင်း(ပြန်/ဆက်)**

## ဒေသန္တရစီမံကိန်းရည်မှန်းချက်များနှင့် ရင်းနှီးမြှုပ်နှံမှုစီမံကိန်းရည်မှန်းချက်များ တာဝန်ပေးအပ်ပွဲကျင်းပ

ကျောက်တံခါး မေ ၁၃

ပဲခူးတိုင်းဒေသကြီး ညောင်လေးပင်ခရိုင် ကျောက်တံခါးမြို့နယ်၌ ၂၀၂၆-၂၀၂၇ ဘဏ္ဍာနှစ် ဒေသန္တရစီမံကိန်းရည်မှန်းချက်များနှင့် ရင်းနှီးမြှုပ်နှံမှုစီမံကိန်းရည်မှန်းချက်များ တာဝန်ပေးအပ်ပွဲအခမ်းအနားကို မေလ ၁၂ ရက်က မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန အစည်းအဝေးခန်းမ၌ ကျင်းပသည်။

ရှေးဦးစွာ ကျောက်တံခါးမြို့နယ် စီမံခန့်ခွဲရေးနှင့်အုပ်ချုပ်ရေးကော်မတီဥက္ကဋ္ဌ ဦးညွန့်ဆွေက အဖွင့်အမှာစကားပြောကြားပြီး မြို့နယ်စီမံကိန်းရေးဆွဲအကောင်အထည်ဖော်ရေးကော်မတီ အတွင်းရေးမှူး ဦးအောင်အောင်သွင်က ကျောက်တံခါးမြို့နယ်၏ ၂၀၂၆-၂၀၂၇ ဘဏ္ဍာနှစ် ဒေသန္တရစီမံကိန်းရည်မှန်းချက်များနှင့် ရင်းနှီးမြှုပ်နှံမှုစီမံကိန်းရည်မှန်းချက်များအပေါ် ကဏ္ဍအလိုက် အကောင်အထည်ဖော်ဆောင်ရွက်မည့်အခြေအနေများနှင့် နိုင်ငံပိုင်အခန်းကဏ္ဍမှဆောင်ရွက်မည့် လုပ်ငန်းစီမံကိန်းများ၏ ရင်းနှီးမြှုပ်နှံမှုလျာထားချက်များအပေါ် ရှင်းလင်းပြောကြားသည်။

ထို့နောက် မြို့နယ်စီမံခန့်ခွဲရေးနှင့်အုပ်ချုပ်ရေးကော်မတီဥက္ကဋ္ဌ ဦးညွန့်ဆွေနှင့် တာဝန်ရှိသူများက ၂၀၂၆-၂၀၂၇ ဘဏ္ဍာနှစ် ဒေသန္တရစီမံကိန်းရည်မှန်းချက်များနှင့် ရင်းနှီးမြှုပ်နှံမှုစီမံကိန်းရည်မှန်းချက် တာဝန်ပေးအပ်လွှာများကို သက်ဆိုင်ရာဌာနများသို့ ပေးအပ်ကြောင်း သိရသည်။

**မျိုးမင်း(ကျောက်တံခါး)**

# မှို သို့မဟုတ် သဘာဝကပေးသည့် ထူးခြားသော လက်ဆောင်

**သဘာဝကပေးသည့် အစားအစာများတွင် ထူးခြားသည့်အာဟာရဓာတ်များပေါ်များစွာပါဝင်သည့်အတွက် လူသားတို့၏ကျန်းမာရေးအပေါ် ကြီးမားသော အကျိုးရလဒ်များဖြစ်ပေါ်စေသည့်အတွက် မှို သို့မဟုတ် သဘာဝကပေးသည့်ထူးခြားသောလက်ဆောင်အကြောင်း ကျန်းမာရေးရှုထောင့်အရသိကောင်းစရာများကို ရေးသားတင်ပြလိုက်ရပါသည်။**

## ဒေါက်တာသန်းနိုင်စိုး၊ ဒေါက်တာအေးသော်တာမွန်



ကောက်ရိုးမှို

မှိုတွင် ကယ်လိုရီဓာတ်နည်းပါးစွာပါဝင်ခြင်းကြောင့် ကိုယ်အလေးချိန်ထိန်းညှိနေသူများအတွက် အထူးသင့်တော်ပါသည်။ နေရောင်ခြည်နှင့်ထိတွေ့ထားသော မှိုများသည် အရိုးကျန်းမာရေးအတွက် အရေးပါသော သဘာဝဗီတာမင်ဒီဓာတ်ပါဝင်ပါသည်။ မှိုတွင် ခန္ဓာကိုယ်ရှိ ဆဲလ်များပျက်စီးမှုကို ကာကွယ်ပေးပြီး ကိုယ်ခံအားကို မြှင့်တင်ပေးသော ဆီလီနီယမ် (Selenium) သတ္တုဓာတ်ပါဝင်ပြီး သက်သတ်လွတ်စားသူများအတွက် အသားအစားထိုးအာဟာရ အရင်းအမြစ်ကောင်းတစ်ခုလည်းဖြစ်ပါသည်။ မှိုတွင် အမျှင်ဓာတ်ကြွယ်ဝပြီး ကစီဓာတ်နည်းပါးသည့်အတွက် ဆီးချိုဝေဒနာရှင်များအနေဖြင့်လည်း စားသုံးနိုင်ပါသည်။

မှိုတွင် ထူးခြားသော အာဟာရတန်ဖိုးများပါရှိပါသည်။ မှိုအမျိုးအစားအလိုက် အနည်းငယ်ကွာခြားနိုင်သော်လည်း ယေဘုယျအားဖြင့် မှို (၁၀၀) ဂရမ် (၆ ကျပ်သားခန့်)တွင် ကယ်လိုရီ (၂၂) မှ (၃၅) ကယ်လိုရီခန့်ပါဝင်ပြီး ရေဓာတ် (၈၀) မှ (၉၀) ရာခိုင်နှုန်းခန့် ပါဝင်ပါသည်။ အသားဓာတ်(၃.၁) ဂရမ်ခန့် ပါဝင်ပြီး အခြားဟင်းသီးဟင်းရွက်များထက် အသားဓာတ်များ ပိုမိုပါဝင်ကာ ခန္ဓာကိုယ်၏လုပ်ငန်းဆောင်တာများအတွက် အရေးပါသည့် အမိုင်နိုအက်စစ်များစွာ ပါဝင်ပါသည်။ မှို (၁၀၀) ဂရမ်တွင် အဆီဓာတ် (၀.၃) ဂရမ်ခန့်သာ ပါဝင်သောကြောင့် အဆီဓာတ်နှင့် ကိုလက်စထရောအဆီများ လုံးဝမပါဝင်သလောက် နည်းပါးပြီး အမျှင်ဓာတ် (Fiber) (၁) မှ (၂) ဂရမ်ခန့် ပါဝင်သောကြောင့် လူ၏အစာခြေစနစ်ကို များစွာ အထောက်အကူပြုပါသည်။

မှိုသည် ဗီတာမင်ဓာတ်ကြွယ်ဝသော အရင်းအမြစ်တစ်ခုလည်းဖြစ်ပါသည်။ အထူးသဖြင့် ဗီတာမင်ဒီကို သဘာဝအတိုင်း ပေးစွမ်းနိုင်ပြီး နေရောင်ခြည်နှင့် ထိတွေ့ထားသောမှိုများတွင် ပိုမိုများပြားစွာ ပါဝင်ပါသည်။ ဗီတာမင်ဘီအုပ်စုများအနက် အထူးသဖြင့် Riboflavin (B2)၊ Niacin (B3) နှင့် Pantothenic Acid (B5) ဓာတ်တို့ ကြွယ်ဝစွာပါဝင်သဖြင့် ခန္ဓာကိုယ်အတွက်လိုအပ်သော စွမ်းအင်ထုတ်လုပ်မှုနှင့် အာရုံကြောစနစ်အတွက် အထူးကောင်းမွန်ပါသည်။

မှိုတွင်ပါဝင်သော သတ္တုဓာတ်တစ်မျိုးဖြစ်သည့် ဆီလီနီယမ်သည် ခန္ဓာကိုယ်၏ကိုယ်ခံအားစနစ်ကို မြှင့်တင်ပေးပြီး ဓာတ်တိုးဆန့်ကျင်ပစ္စည်းအဖြစ် ဆောင်ရွက်ပါသည်။ မှိုတွင်ကျန်းမာရေးအတွက် အထောက်အကူပြုသည့် ပိုတက်စီယမ်နှင့် ကြေးနီ သတ္တုဓာတ်များလည်း ပါဝင်သောကြောင့် သွေးပေါင်ချိန်ထိန်းညှိခြင်း၊ နှလုံးကျန်းမာရေးအတွက် အထောက်အကူပြုခြင်း၊ သွေးနီဥဆဲလ်များ ဖြစ်ပေါ်စေခြင်းနှင့် အရိုးများခိုင်မာစေခြင်းတို့အတွက် ကူညီပေးပါသည်။

မှိုတွင်ဓာတ်တိုးဆန့်ကျင်ပစ္စည်းများ (Antioxidants) ဖြစ်သည့် Ergothioneine နှင့် Glutathione ပါဝင်သောကြောင့် ဆဲလ်များရောင်ရမ်းမှုနှင့် ပျက်စီးမှုကို ကာကွယ်ပေးပါသည်။ မှိုတွင်ပါဝင်သည့် ဓာတ်တိုးဆန့်ကျင်ပစ္စည်းများသည် အသက်ကြီးလာသည့်အခါ ဖြစ်တတ်သောမေ့လျော့သည့်ရောဂါများကိုကာကွယ်ပေးနိုင်ကြောင်း သုတေသနစာတမ်းများတွင် ဖော်ပြထားသည်ကို တွေ့ရှိရပါသည်။ မှို၏ ဆဲလ်နံရံတွင် ပါဝင်သော အမျှင်ဓာတ် (Beta-glucans) သည် သွေးတွင်း အဆီဓာတ်ကို လျော့ကျစေပြီး ကိုယ်ခံအားကို ကောင်းမွန်စေပါသည်။

အဆိပ်ရှိသောမှိုနှင့် စားသုံးနိုင်သောမှိုကို ခွဲခြားရန် ခက်ခဲနိုင်သောကြောင့် တောတွင်းအလေ့ကျပေါက်သည့်မှိုများကို အလွယ်တကူ ခူးဆွတ်မစားသုံးမိရန် အထူးသတိပြုရမည် ဖြစ်ပါသည်။ စနစ်တကျစိုက်ပျိုးထုတ်လုပ်ထားသောမှို (ဥပမာ- ကောက်ရိုးမှို၊ ငွေနှင်းမှို၊ ကြက်တောင်မှို) များကိုသာ စားသုံးသင့်ပါသည်။ မှိုသည် ပျက်စီးလွယ်သောကြောင့် လတ်ဆတ်သောမှိုကိုသာ ရွေးချယ်ရန်နှင့်မချက်ပြုတ်ခင် သေချာဆေးကြောရန် လိုအပ်ပါသည်။ ဆေးဖက်ဝင်မှိုများ (ဥပမာ - လင်ဇီးမှို စသည်) ကို ကိုယ်ခံအားမြှင့်တင်ရန်နှင့် မောပန်းနွမ်းနယ်မှုလျော့ကျစေရန် စသည်တို့အတွက် အာဟာရဖြည့်စွက်စာအဖြစ် အသုံးပြုကြကြောင်း တွေ့ရပါသည်။

> ➲ **မှိုသည် ဗီတာမင်ဓာတ်ကြွယ်ဝသော အရင်းအမြစ်တစ်ခုလည်းဖြစ်ပါသည်။ အထူးသဖြင့် ဗီတာမင်ဒီကို သဘာဝအတိုင်းပေးစွမ်းနိုင်ပြီး နေရောင်ခြည်နှင့် ထိတွေ့ထားသောမှိုများတွင် ပိုမိုများပြားစွာပါဝင်ပါသည်။ ဗီတာမင်ဘီအုပ်စုများအနက် အထူးသဖြင့်** Riboflavin (B2)၊ Niacin (B3) **နှင့်** Pantothenic Acid (B5) **ဓာတ်တို့ ကြွယ်ဝစွာပါဝင်သဖြင့် ခန္ဓာကိုယ်အတွက်လိုအပ်သော စွမ်းအင်ထုတ်လုပ်မှုနှင့် အာရုံကြောစနစ်အတွက် အထူးကောင်းမွန် . . .**

မှိုကို အစိမ်းစားခြင်းထက် ချက်ပြုတ်စားခြင်းက အာဟာရဓာတ်များကိုပိုမိုစုပ်ယူနိုင်စေပြီး အစာခြေစနစ်အတွက်လည်း ပိုမိုကောင်းမွန်ပါသည်။ မှိုကို ဟင်းရည်ချက်သောက်ခြင်းဖြင့်လည်းကောင်း၊ အသီးအရွက်များနှင့်ရော၍ချက်ပြုတ်ခြင်းဖြင့်လည်းကောင်း အာဟာရမျှတစွာစားသုံးနိုင်ပါသည်။

မှိုကို ဟင်းလျာတစ်ခုအနေဖြင့်သာမဟုတ်ဘဲ ကျန်းမာရေးနှင့်မညီညွတ်သော ဟင်းခတ်မှုန့်နေရာတွင် အစားထိုး၍ **"သဘာဝဟင်းခတ်မှုန့်"** အဖြစ်လည်း အသုံးပြုနိုင်ပါသည်။ မှိုခြောက် (အထူးသဖြင့် မှိုနက် သို့မဟုတ် ရှီတာကေးမှို) ကို အမှုန့်ကြိတ်ပြီး ဟင်းချို၊ ဆော့စ်၊ အသားနှပ်ခြင်းနှင့် အသီးအရွက်ကြော်များတွင် သဘာဝဟင်းခတ်မှုန့်အဖြစ် အသုံးပြုနိုင်ပါသည်။ မှိုတွင် Glutamate ဓာတ် သဘာဝအတိုင်းကြွယ်ဝစွာပါဝင်သောကြောင့် အချိုမှုန့် (Monosodium Glutamate - MSG) အစားထိုး သဘာဝပစ္စည်းအဖြစ် အသုံးပြုလေ့ရှိကြပါသည်။ မှိုကို အနှစ်ပြုလုပ်ပြီး ဟင်းချက်ရာတွင် ထည့်သွင်းခြင်းဖြင့် ဟင်းရည်ကို ပိုမိုပျစ်နှစ်စေပြီး အရသာကို ပိုမိုကောင်းမွန်စေပါသည်။ ဥရောပဟင်းလျာများတွင် မှိုကိုအခြေခံသော ကရင်မ်ဆော့စ်အနှစ်များကို အသားကင်များနှင့် တွဲဖက်သုံးစွဲလေ့ရှိပါသည်။ မှိုကို ဟင်းခတ်အမွှေးအကြိုင်အဖြစ် သုံးစွဲရာတွင် မှို၏ထူးခြားသောအရသာကြောင့် ဟင်းလျာများတွင် ဆားအများကြီးထည့်ရန်မလိုအပ်ဘဲ အရသာဖြင့်ပြည့်စုံစေသဖြင့် သွေးတိုးရောဂါရှိသူများအတွက် အထူးသင့်လျော်ပါသည်။ မှိုခြောက်ကို ပြန်စိမ်ထားသည့် ရေကိုဟင်းရည်ချက်ပြုတ်ရာတွင် ပြန်လည်သုံးစွဲခြင်းဖြင့် ဟင်း၏ထူးခြားသော သဘာဝအနံ့ကို ရရှိစေပါသည်။ မှိုနက်သည် အနံ့အသက်ထူးခြားပြီး အရသာအလွန်ရှိ၍ ဟင်းခတ်မှုန့်ပြုလုပ်ရန် အကောင်းဆုံးဖြစ်ပါသည်။ လတ်ဆတ်သောမှိုထက်ခြောက်သွေ့အောင်ပြုလုပ်ထားသောမှိုများက အနံ့နှင့် အရသာ ပိုမိုစူးရှပြီး ဟင်းခတ်အမွှေးအကြိုင်အဖြစ် အသုံးပြုရန် ပိုမိုသင့်တော်ပါသည်။

မှိုကို သာမန်ဟင်းလျာတစ်ခွက်အဖြစ်သာမဟုတ်ဘဲ စီးပွားရေးအရသော်လည်းကောင်း၊ အာဟာရဗေဒအရသော်လည်းကောင်း တန်ဖိုးမြှင့်ထုတ်ကုန်အဖြစ် ပြောင်းလဲအသုံးပြုနိုင်ပါသည်။

### အာဟာရနှင့် ကျန်းမာရေးဆိုင်ရာ တန်ဖိုးမြှင့်မှု

**သဘာဝအချိုမှုန့်** - မှိုကို အခြောက်လှန်းပြီး အမှုန့်ပြုလုပ်ခြင်းဖြင့် ဓာတုကင်းစင်သော "မှိုဟင်းခတ်မှုန့်" အဖြစ် ထုတ်လုပ်နိုင်ပြီး ကျန်းမာရေးရှုထောင့်မှ ကြည့်လျှင် အလွန်တန်ဖိုးရှိသော အချိုမှုန့်အစားထိုး ပစ္စည်းဖြစ်ပါသည်။

**ဗီတာမင်ဒီမြှင့်တင်ခြင်း** - မှိုကို မချက်ပြုတ်ခင် နေရောင်ခြည်အောက်တွင် ၁၅ မိနစ်မှ မိနစ် ၃၀ ခန့် ထားရှိခြင်းဖြင့် ဗီတာမင်ဒီပါဝင်မှုကို သိသိသာသာ မြှင့်တင်နိုင်ပါသည်။

### ထုတ်ကုန်ပိုင်းဆိုင်ရာ တန်ဖိုးမြှင့်မှု (Value Added Products)

မှိုအစိုသည် သက်တမ်းတိုပြီး ပျက်စီးလွယ်သော်လည်း အောက်ပါအတိုင်း ပြုလုပ်ခြင်းဖြင့် ဈေးကွက်တန်ဖိုးမြှင့်တင်နိုင်ပါသည်။

**မှိုခြောက်နှင့် မှိုမှုန့်** - တာရှည်ခံအောင် အခြောက်ခံခြင်းဖြင့် ရာသီမရွေးရောင်းချနိုင်ပြီး မှိုမှုန့်ကို ကော်ဖီ၊ လက်ဖက်ရည် သို့မဟုတ် စွပ်ပြုတ်ထုပ်များတွင် ထည့်သွင်း၍ အားဖြည့်အစာ (Functional Food) အဖြစ်ထုတ်လုပ်နိုင်ပါသည်။ **စာမျက်နှာ ၆ သို့ ✦**



မှိုခြောက်

✦ စာမျက်နှာ ၅ မှအဆက်

**မှိုအခြေခံသရေစာများ –** မှိုကြော်နှင့် မှိုချဉ်များအပြင် မှို၏အသားကဲ့သို့ ကျစ်လျစ်သောအသွင်အပြင်ကြောင့် ဟမ်ဘာဂါအသားပြားနှင့် ဝက်အူချောင်းများတွင် သက်သတ်လွတ်အစားအစာအဖြစ် တန်ဖိုးမြှင့်ထုတ်လုပ်နိုင်ခဲ့ရာ သက်သတ်လွတ်စားသုံးသူများအကြားတွင် မှိုအခြေခံသရေစာများသည် အထူးလူကြိုက်များလှပါသည်။

## စီးပွားရေးနှင့် ပတ်ဝန်းကျင်ဆိုင်ရာ တန်ဖိုးမြှင့်မှု

**စိုက်ပျိုးစရိတ်သက်သာခြင်း –** စိုက်ပျိုးရေးဘေးထွက်ပစ္စည်းများဖြစ်သော ကောက်ရိုး၊ လွှစာ၊ နှမ်းရိုးများကိုအသုံးပြုပြီး မှိုစိုက်ပျိုးနိုင်သည့်အတွက် စွန့်ပစ်ပစ္စည်းကို အကျိုးရှိရှိအသုံးချရာရောက်ပါသည်။ မှိုခူးပြီး ကျန်ရစ်သောစိုက်ခင်းအကြွင်းအကျန်များကို အရည်အသွေးမြင့် သဘာဝမြေဩဇာအဖြစ် ပြန်လည်ရောင်းချနိုင်သည့်အတွက် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးကိုလည်း အထောက်အကူပြုပါသည်။

မြန်မာ့တိုင်းရင်းဆေးပညာနှင့် ရိုးရာကုထုံးများတွင် မှိုအမျိုးအစားအလိုက် ဆေးဖက်ဝင်ပုံများကွဲပြားသော်လည်း ယေဘုယျအားဖြင့် တိုင်းရင်းဆေးပညာရှုထောင့်အရ ဆေးဖက်ဝင်ပုံများကို အောက်ပါအတိုင်း တွေ့ရှိနိုင်ပါသည်။

## ကိုယ်တွင်းအပူကို ငြိမ်းစေခြင်း

မှိုသည် အေးမြသောဂုဏ်သတ္တိရှိသဖြင့် ခန္ဓာကိုယ်အတွင်း အပူအောင်းခြင်း၊ ဆီးပူခြင်းနှင့် အပူကြောင့်ဖြစ်သော အနာအဆာများကိုသက်သာစေပါသည်။ အထူးသဖြင့် နွေရာသီတွင် မှိုကို ဟင်းရည်ချက်၍ သောက်ခြင်းဖြင့်ကိုယ်တွင်းအပူကိုလျော့ကျစေပါသည်။

## အားအင်ဖြည့်တင်းပေးခြင်း (ဓာတ်စာ)

မှိုတွင်ပါဝင်သောအာဟာရဓာတ်များသည် ကိုယ်ခံအားကိုမြှင့်တင်ပေးပြီး သွေးအားကိုလည်း အားပေးသည့်အတွက် တိုင်းရင်းဆေးကျမ်းများတွင် မှိုကို အားနည်းသူများ၊ ဖျားနာပြီးစ လူနာများအတွက် ဓာတ်စာအဖြစ် ညွှန်းဆိုလေ့ရှိပါသည်။

## ဆီးနှင့် ကျောက်ကပ်ဆိုင်ရာအကျိုးပြုပုံ

မှိုသည် ဆီးရွှင်သောအာနိသင်ရှိပြီး ဆီးအိမ်ရောင်ခြင်းနှင့်ဆီးလမ်းကြောင်းဆိုင်ရာရောဂါအချို့တွင် မှိုကိုဟင်းလျာအဖြစ်စားသုံးပေးနိုင်ပါသည်။

## ဆေးဖက်ဝင်မှိုများ၏ ထူးခြားချက်

**လင်ဇီးမှို (Reishi) –** သွေးတိုး၊ ဆီးချို၊ နှလုံးနှင့် အသည်းရောဂါများအတွက် အထူးဆေးဖက်ဝင်သည့်အတွက် တိုင်းရင်းဆေးနှင့် တရုတ်ရိုးရာဆေးပညာတွင် အသုံးပြုကြပါသည်။

**ကောက်ရိုးမှို –** နှလုံးအားကောင်းစေပြီး အပူငြိမ်းစေပါသည်။

**ကြွက်နားရွက်မှို (Wood Ear) –** သွေးကြောပိတ်ခြင်းကိုကာကွယ်ပေးပြီး ဝမ်းမှန်စေရန် အသုံးပြုလေ့ရှိသည်။

မှို၏အာဟာရဓာတ်များသည်အထူးပင်ဆေးဖက်ဝင်လှသော်လည်း အချို့သောရောဂါဝေဒနာရှင်များအနေဖြင့် သတိပြု၍ မှိုကိုစားသုံးသင့်ပါသည်။ အထူးသဖြင့် ဂေါက်ရောဂါနှင့် အဆစ်ရောင်ဝေဒနာရှင်များ၊ ယားယံတတ်သော အရေပြားရောဂါနှင့် အစာအိမ်လေထိုးလေအောင့် ဖြစ်တတ်သူများအနေဖြင့် မှိုကိုသတိပြု၍စားသုံးသင့်ပါသည်။

အချုပ်အားဖြင့်ဆိုသော် မှိုကို ဟင်းချက်စရာအဖြစ်သာမက စနစ်တကျပြုပြင်ထုတ်လုပ်ပါက ကျန်းမာရေးအတွက် ဘေးကင်းသော ဟင်းခတ်မှုန့်၊ အသားအစားထိုး အာဟာရပြည့်အစားအစာနှင့် မိသားစု အပိုဝင်ငွေရရှိစေမည့် တန်ဖိုးမြှင့်ထုတ်ကုန်တစ်ခုအဖြစ်ပြောင်းလဲနိုင်ပါသည်။ မှိုသည် ဆေးဖက်ဝင်သောအစားအစာဖြစ်သော်လည်း တောတွင်းအလေ့ကျပေါက်သောမှိုများကို စားသုံးရာတွင် အဆိပ်ရှိနေနိုင်သည်ကို အထူးဂရုပြုရန်နှင့် ရောဂါအခံရှိသူများအနေဖြင့် မိမိနှင့်သင့်လျော်သော မှိုအမျိုးအစားကိုသာ ရွေးချယ်စားသုံးရန်လိုအပ်ပါသည်။

မှိုတွင် အဆီဓာတ်နှင့် ကယ်လိုရီပါဝင်မှု အလွန်နည်းသော်လည်း ခန္ဓာကိုယ်အတွက် မရှိမဖြစ်လိုအပ်သည့် ဗီတာမင်ဘီအုပ်စု၊ ဗီတာမင်ဒီနှင့် ဓာတ်တိုးဆန့်ကျင်ပစ္စည်းများ ကြွယ်ဝစွာပါဝင်နေသောအစားအစာဖြစ်၍ အထူးသဖြင့် အသားမစားသူ(သက်သတ်လွတ်စားသူ)များအတွက် အသားဓာတ်နှင့်ဗီတာမင်ဓာတ်များကို ကြွယ်ဝစွာဖြည့်တင်းပေးနိုင်သော အာဟာရဓာတ်ထူးခြားပြည့်ဝသည့် အစားအစာတစ်ခုဖြစ်၍ မှို သို့မဟုတ် သဘာဝကပေးသည့် ထူးခြားသောလက်ဆောင်အဖြစ် မိဘပြည်သူများအနေဖြင့် သိရှိထုတ်လုပ်အသုံးပြုနိုင်ရန် ရေးသားတင်ပြလိုက်ရပါသည်။ ။

# ပုသိမ်မြို့ မြို့မဈေးရှိ ဈေးဆိုင်များကို ရွေ့လျားဓာတ်ခွဲယာဉ်ဖြင့် ရှောင်တခင်စစ်ဆေးခြင်းများဆောင်ရွက်


**ပုသိမ် မေ ၁၃**

ဧရာဝတီတိုင်းဒေသကြီး အစားအသောက်နှင့် ဆေးဝါးကွပ်ကဲရေးဦးစီးဌာန(FDA)မှ ရက် (၁၀၀)စီမံချက်ဖြင့် ပုသိမ်မြို့နယ် အစားအသောက်နှင့်ဆေးဝါးကြီးကြပ်ကွပ်ကဲရေး ကော်မတီဝင်များနှင့်ပူးပေါင်း၍ ပုသိမ်မြို့ မြို့မဈေးရှိ ဈေးဆိုင်များကို ရွေ့လျားဓာတ်ခွဲယာဉ် (Mobile lab Van) ဖြင့် ရှောင်တခင်ဝင်ရောက်စစ်ဆေးခြင်းကို ယနေ့တွင် ဆောင်ရွက်သည်။

ရှေးဦးစွာ ဧရာဝတီတိုင်းဒေသကြီး အစားအသောက်နှင့် ဆေးဝါးကွပ်ကဲရေးဦးစီးဌာန(FDA) ဦးဆောင်သော ပူးပေါင်းအဖွဲ့သည် ပုသိမ်မြို့ မြို့မဈေးသို့ ရှောင်တခင်ဝင်ရောက်စစ်ဆေးပြီး ကျန်းမာရေးဝန်ကြီးဌာနမှချမှတ်ထားသော စည်းမျဉ်းစည်းကမ်းများနှင့်အညီ ရောင်းချခြင်း ရှိ၊ မရှိ၊ သက်တမ်းလွန်နေသော အစားအသောက်များနှင့် စားသုံးရန်မသင့်သော အစားအသောက်များ ရောင်းချနေမှုရှိ၊ မရှိ တို့ကို လိုက်လံကြည့်ရှုစစ်ဆေးကြသည်။

ဆက်လက်ပြီး အစားအသောက်နမူနာများအနက် နမူနာ ၄၂ မျိုးတွင် စားသုံးရန်မသင့်သော ခွင့်မပြုဓာတုဆိုးဆေးများ ပါဝင်မှုရှိ၊ မရှိ ရွေ့လျားဓာတ်ခွဲယာဉ်ပေါ်၌ Rapid Test Kit များဖြင့် စစ်ဆေးခြင်း၊ Colour Dye Test စစ်ဆေးခြင်းများဆောင်ရွက်ခဲ့ရာ ငရုတ်သီးမှုန့်သုံးမျိုးတွင် ခွင့်မပြုဆိုးဆေးများ စစ်ဆေးတွေ့ရှိရသဖြင့် ပူးပေါင်းအဖွဲ့မှ သိမ်းဆည်းဖျက်ဆီးခြင်းများ ဆောင်ရွက်မည်ဖြစ်ပြီး ကျန်နမူနာ ၁၈ မျိုးကို ရန်ကုန်မြို့ရှိ FDA ဓာတ်ခွဲခန်းသို့ ပေးပို့စစ်ဆေးမည်ဖြစ်ကြောင်း သိရသည်။

ချမ်းမြေ့




# သဘာဝမြေဩဇာ(EM ဘိုကာရှီ)ပြုလုပ်နည်းသရုပ်ပြခြင်း၊ သစ်စိမ်းမြေဩဇာ (ပိုက်ဆန်လျှော်)မျိုးစေ့ပေးအပ်ခြင်းနှင့် ကြဲပက်ခြင်းအခမ်းအနားကျင်းပ

**ဝါးခယ်မ မေ ၁၃**



ဧရာဝတီတိုင်းဒေသကြီး မြောင်းမြခရိုင် ဝါးခယ်မမြို့နယ် ရေလိန်ကျေးရွာ ကွင်းအမှတ်(၁၀၁၄/က) ဦးပိုင်အမှတ်(၁က/၂) တောင်သူဦးခင်မောင်ရီ၏ လယ်မြေငါးဧက၌ ယနေ့တွင် သဘာဝမြေဩဇာ (EM ဘိုကာရှီ) ပြုလုပ်နည်းသရုပ်ပြခြင်း၊ သစ်စိမ်းမြေဩဇာ(ပိုက်ဆန်လျှော်)မျိုးစေ့ပေးအပ်ခြင်းနှင့် ကြဲပက်ခြင်းအခမ်းအနား ကျင်းပသည်။

ရှေးဦးစွာ ဝါးခယ်မမြို့နယ် စိုက်ပျိုးရေးဦးစီးဌာန ဝန်ထမ်းများက သဘာဝမြေဩဇာ (EM ဘိုကာရှီ) လက်တွေ့ပြုလုပ်နည်း သရုပ်ပြခြင်းဆောင်ရွက်နေမှုကို ဧရာဝတီတိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးအေးကျော်နှင့် အစိုးရအဖွဲ့ဝင်ဝန်ကြီးများ၊ တိုင်းဒေသကြီး/ ခရိုင်/မြို့နယ်အဆင့် တာဝန်ရှိသူများ၊ ဒေသခံတောင်သူများက ကြည့်ရှုအားပေးကြသည်။ ဆက်လက်၍ တိုင်းဒေသကြီးဝန်ကြီးချုပ်နှင့် တိုင်းဒေသကြီးအစိုးရအဖွဲ့ဝင် စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီး ဦးကျော်မျိုးတင်တို့က တောင်သူများထံ သစ်စိမ်းမြေဩဇာ (ပိုက်ဆန်လျှော်)မျိုးစေ့များပေးအပ်ကြပြီး တောင်သူဦးခင်မောင်ရီ၏ လယ်မြေအတွင်း သစ်စိမ်းမြေဩဇာ (ပိုက်ဆန်လျှော်)မျိုးစေ့များ စုပေါင်းကြဲပက်ကြသည်။

ထို့နောက် ကျွန်းကုန်းကျေးရွာ အခြေခံပညာအထက်တန်းကျောင်း၌ ပညာရေးဌာနသို့ ကျောင်းဆောင်သစ်လွှဲအပ်လှူဒါန်းပွဲအခမ်းအနားကို ကျင်းပရာ တာဝန်ရှိသူများနှင့် အလှူရှင်များက ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးကြသည်။

ယင်းနောက် အလှူရှင်မိသားစုမှ လှူဒါန်းသည့် ငွေကျပ် ၃၃၆ သန်းတန်ဖိုးရှိ ပေ ၁၆၀၊ ပေ ၃၀ Steel Structure တစ်ထပ်ကျောင်းဆောင်သစ်ဆောက်လုပ်ခဲ့မှုမှတ်တမ်းကို ဧရာဝတီတိုင်းဒေသကြီး ပညာရေးမှူး ဦးခင်မောင်ထွေးထံ လွှဲပြောင်းပေးအပ်၍ အလှူရှင်များအား ဂုဏ်ပြုမှတ်တမ်းလွှာ ပြန်လည်ပေးအပ်ကြောင်း သိရသည်။**လွှမ်းသီဟ(ပြန်/ဆက်)**

မိမိပိုင် နိုင်ငံသားစိစစ်ရေးကတ်၊ Mobile SIM Card၊ Mobile Payment Account၊ Bank Account များအား မသက်ဆိုင်သူထံသို့ အခကြေးငွေဖြင့် ရောင်းချခြင်း၊ ငှားရမ်းအသုံးပြုစေခြင်းများဆောင်ရွက်ပါက တည်ဆဲဥပဒေများနှင့်အညီ အရေးယူခံရနိုင်ပါသည်။

# အွန်လိုင်းလိမ်လည်မှုတိုက်ဖျက်ရေးဆိုင်ရာဥပဒေကြမ်း

**ပြည်သူများသိရှိလေ့လာ အကြံပြုနိုင်ရန် ဖော်ပြခြင်းဖြစ်ပါသည်။ အကြံပြုစာများကို ပြည်ထောင်စုလွှတ်တော်ရုံးသို့ လိပ်မူပေးပို့နိုင်ပါသည်။**

**ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်**

**အွန်လိုင်းလိမ်လည်မှုတိုက်ဖျက်ရေးဆိုင်ရာဥပဒေကြမ်း**

**(၂၀၂၆ ခုနှစ်၊ ပြည်ထောင်စုလွှတ်တော်ဥပဒေအမှတ်         )**

**၁၃၈၈ ခုနှစ်၊         လ                 ရက်**

**( ၂၀၂၆ ခုနှစ်၊         လ                 ရက် )**

ပြည်ထောင်စုလွှတ်တော်သည် ဤဥပဒေကို ပြဋ္ဌာန်းလိုက်သည်။

**အခန်း (၁)**

**အမည်နှင့် စီရင်ပိုင်ခွင့်**

၁။ ဤဥပဒေကို **အွန်လိုင်းလိမ်လည်မှုတိုက်ဖျက်ရေးဆိုင်ရာဥပဒေ** ဟု ခေါ်တွင်စေရမည်။

၂။ အွန်လိုင်းလိမ်လည်မှုနှင့်သက်ဆိုင်သည့် အောက်ပါကျူးလွန်မှု တစ်ရပ်ရပ်အတွက် ဤဥပဒေအရ စီရင်ပိုင်ခွင့်ရှိစေရမည်-

(က) နိုင်ငံတော်အတွင်း ကျူးလွန်မှု၊

( ခ ) နိုင်ငံတော်၏တည်ဆဲဥပဒေအရ မှတ်ပုံတင်ထားသော ရေယာဉ် သို့မဟုတ် လေယာဉ် တစ်ခုခုပေါ်တွင် ကျူးလွန်မှု၊

( ဂ ) နိုင်ငံတော်တွင် အမြဲတမ်းနေထိုင်ပြီး နိုင်ငံခြားသားမှတ်ပုံတင် ကိုင်ဆောင်ထားသူကဖြစ်စေ၊ နိုင်ငံတော်တွင် အမြဲတမ်း နေထိုင်ခွင့်ရရှိထားသည့် နိုင်ငံခြားသားကဖြစ်စေ ပြည်ပတွင် ကျူးလွန်မှု၊

(ဃ) အမျိုးသားဆိုက်ဘာနယ်ပယ်အတွင်း၌ဖြစ်စေ၊ အမျိုးသား ဆိုက်ဘာနယ်ပယ်နှင့် ချိတ်ဆက်နေသော အခြားဆိုက်ဘာ နယ်ပယ်တစ်ခုခု၌ဖြစ်စေ ကျူးလွန်မှု။

( င ) ပြည်ပရောက် မြန်မာနိုင်ငံသားက ကျူးလွန်မှု။

**အခန်း(၂)**

**အဓိပ္ပာယ်ဖော်ပြချက်**

၃။ ဤဥပဒေတွင်ပါရှိသော အောက်ပါစကားရပ်များသည် ဖော်ပြပါ အတိုင်း အဓိပ္ပာယ်သက်ရောက်စေရမည်-

(က) **နိုင်ငံတော်** ဆိုသည်မှာ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ကိုဆိုသည်။

( ခ ) **ဗဟိုကော်မတီ** ဆိုသည်မှာ ပြည်ထောင်စုအစိုးရအဖွဲ့က ဤဥပဒေအရ ဖွဲ့စည်းသည့် အွန်လိုင်းလိမ်လည်မှုတိုက်ဖျက် ရေးကြီးကြပ်မှုဗဟိုကော်မတီကို ဆိုသည်။

( ဂ ) **ဒေသဆိုင်ရာကော်မတီ** ဆိုသည်မှာ ဗဟိုကော်မတီက ဖွဲ့စည်း သည့် တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်၊ ပြည်ထောင်စုနယ်မြေ အွန်လိုင်းလိမ်လည်မှုတိုက်ဖျက်ရေးကော်မတီကို ဆိုသည်။

(ဃ) **ဗဟိုဌာန** ဆိုသည်မှာ ဗဟိုကော်မတီက ဖွဲ့စည်းသည့် အွန်လိုင်း လိမ်လည်မှုတိုက်ဖျက်ရေးဗဟိုဌာန (Anti – Scam Centre) ကို ဆိုသည်။

( င ) **ဝန်ကြီးဌာန** ဆိုသည်မှာ ဤဥပဒေပါကိစ္စရပ်များကို အကောင် အထည်ဖော်ဆောင်ရွက်သည့် ပြည်ထဲရေးဝန်ကြီးဌာနကို ဆိုသည်။

( စ ) **ဗဟိုဘဏ်** ဆိုသည်မှာ မြန်မာနိုင်ငံတော်ဗဟိုဘဏ်ကိုဆို သည်။

(ဆ) **အွန်လိုင်းလိမ်လည်မှု (Online Scam)**ဆိုသည်မှာ ဆက်သွယ်ရေး ကွန်ရက်မှတစ်ဆင့် အင်တာနက်နှင့် နည်းပညာအသုံးပြု၍ သူတစ်ဦးဦး၏ ငွေကြေး သို့မဟုတ် အဖိုးတန်ပစ္စည်းကို လှည့် ဖြားရယူခြင်းကို ဆိုသည်။

( ဇ ) **အချက်အလက်(Data)** ဆိုသည်မှာ ကွန်ရက် သို့မဟုတ် ကွန်ပျူတာစနစ်တစ်ခုအတွင်းတွင် ပုံစံအမျိုးမျိုးဖြင့် သိမ်းဆည်း ထားနိုင်သည့် အချက်အလက်ကိုဆိုသည်။

( ဈ ) **ဘဏ်ငွေစာရင်းအမှတ် (Bank Account)** ဆိုသည်မှာ သတင်းပို့ အဖွဲ့အစည်းတစ်ရပ်ရပ်၏ထုတ်ကုန်နှင့်ဝန်ဆောင်မှုများကို အသုံးပြုနိုင်ရန် ဆက်သွယ်ဆောင်ရွက်သူနှင့် သတင်းပို့အဖွဲ့ အစည်းအကြား ထူထောင်ထားရှိသည့် စီးပွားဆက်ဆံ ဆောင်ရွက်မှုကိုဆိုသည်။ ယင်းစကားရပ်တွင် တတိယပုဂ္ဂိုလ် သို့မဟုတ် တတိယကုမ္ပဏီ သို့မဟုတ် အဖွဲ့အစည်းက ၎င်းတို့ ကိုယ်တိုင် သို့မဟုတ် ၎င်းတို့ကိုယ်စား စီးပွားဆက်ဆံဆောင် ရွက်မှုများအတွက် တိုက်ရိုက်ဆက်သွယ်၍ ပေးချေမှုကို အသုံးပြုသည့် တစ်ဆင့်လက်ခံဘဏ်ငွေစာရင်းလည်းပါဝင် သည်။

(ည) **ဆက်သွယ်ရေးကွန်ရက်(Communication Network)** ဆိုသည် မှာ စာသား၊ အသံ၊ ရုပ်ပုံ၊ ရုပ်သံဗီဒီယို သို့မဟုတ် အချက်အလက် (Data) တစ်ရပ်ရပ်ကို အီလက်ထရောနစ်နည်းလမ်းဖြင့် ပေးပို့ ခြင်း၊ လက်ခံခြင်း၊ ထုတ်လွှင့်ခြင်း သို့မဟုတ် ဖလှယ်ခြင်းတို့ ပြုလုပ်နိုင်ရန်အတွက်ကြိုးမဲ့စနစ်၊ ကြိုးသုံးစနစ်၊ အလင်းဖိုက်ဘာ စနစ်၊ ဂြိုဟ်တုဆက်သွယ်ရေးစနစ် သို့မဟုတ် အခြားလျှပ်စစ် သံလိုက်စနစ် တစ်ခုခုဖြင့်ချိတ်ဆက်ထားသော ထိန်းချုပ်မှုစနစ် နှင့်အခြေခံအဆောက်အအုံကို ဆိုလိုသည်။ ယင်းစကားရပ် တွင် အများပြည်သူသုံးဆက်သွယ်ရေးကွန်ရက်၊ သီးသန့် ကွန်ရက်နှင့် အင်တာနက်ကွန်ရက်တို့လည်းအကျုံးဝင်သည်။

( ဋ ) **လူမှုကွန်ရက် (Social Network)** ဆိုသည်မှာ ဆက်သွယ်ရေး ကွန်ရက်တစ်ခုခုကိုအခြေပြု၍ အသုံးပြုသူက မိမိ၏ ကိုယ်ရေး အချက်အလက်များ သို့မဟုတ် ဒီဂျစ်တယ် အကြောင်းအရာ (Digital Content)များကို ဖန်တီးခြင်း၊ လွှင့်တင်ခြင်း၊ ဖလှယ်ခြင်း နှင့် အခြားအသုံးပြုသူများနှင့် အပြန်အလှန်ဆက်သွယ်ခြင်း တို့ကို ဆောင်ရွက်နိုင်သည့် အွန်လိုင်းအခြေပြု ဝန်ဆောင်မှု၊ ဝက်ဘ်ဆိုဒ်(website) သို့မဟုတ် ဆော့ဖ်ဝဲအပလီကေးရှင်း (Software Application)ကို ဆိုသည်။

( ဌ ) **မိုဘိုင်းငွေကြေးစာရင်း (Mobile Financial Services Account)** ဆိုသည်မှာ မိုဘိုင်းငွေရေးကြေးရေးဝန်ဆောင်မှုပေးသူက မိုဘိုင်းငွေရေးကြေးရေးဝန်ဆောင်မှုများဆောင်ရွက်ပေးရန် အလို့ငှာ ဆက်သွယ်ဆောင်ရွက်သူ၏ ငွေကြေးတန်ဖိုးတစ်ရပ် ကို ထိုသူ၏ မိုဘိုင်းဖုန်းတွင် သိုမှီးပေးထားခြင်းကိုဆိုသည်။

( ဍ ) **ဆက်သွယ်ရေး အော်ပရေတာ** ဆိုသည်မှာ ဒီဂျစ်တယ်ဖွံ့ဖြိုး တိုးတက်ရေးနှင့် ဆက်သွယ်ရေးဝန်ကြီးဌာန၊ ဆက်သွယ်ရေး ညွှန်ကြားမှုဦးစီးဌာန၏ ကြီးကြပ်မှုအောက်တွင်ရှိသော အော်ပရေတာများကိုဆိုသည်။

( ဎ ) **အင်တာနက်ဝန်ဆောင်မှုပေးသူ(Internet Service Provider – ISP)**ဆိုသည်မှာ နိုင်ငံတော်အတွင်းအသုံးပြုနိုင်သည့် ဒီဂျစ်တယ် ပလက်ဖောင်း ဝန်ဆောင်မှုလုပ်ငန်းကို ဆောင်ရွက်သော ပုဂ္ဂိုလ် သို့မဟုတ် အဖွဲ့အစည်းကိုဆိုသည်။

(ဏ) **ကြားခံဘဏ်ငွေစာရင်းအမှတ် (Mule Account)** ဆိုသည်မှာ ရာဇဝတ်မှုမှရရှိသော ငွေကြေးများကို လွှဲပြောင်းခြင်း၊ ဖုံးကွယ် ခြင်း သို့မဟုတ် ငွေကြေးခဝါချခြင်း ပြုလုပ်နိုင်ရန်အတွက် မိမိ၏ ဘဏ်ငွေစာရင်းအမှတ် အီလက်ထရောနစ် ဝေါလက် (E-wallet) သို့မဟုတ် ဆင်းကတ်(SIM CARD)ကို အခြားသူ တစ်ဦးအား အသုံးပြုခွင့်ပေးထားခြင်း သို့မဟုတ် အငှားချထား ခြင်းကို ဆိုသည်။

**အခန်း(၃)**

**ရည်ရွယ်ချက်**

၄။ ဤဥပဒေ၏ ရည်ရွယ်ချက်များမှာ အောက်ပါအတိုင်းဖြစ်သည်-

(က) အွန်လိုင်းလိမ်လည်မှုကို နိုင်ငံတော်အတွင်း အခြေမပြုနိုင်ရေး ပြည်တွင်းအင်အားစုများအပြင် ပြည်ပနိုင်ငံအစိုးရများနှင့် ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်နိုင်ရန်၊

( ခ ) နယ်စပ်ဒေသများမှတစ်ဆင့် နိုင်ငံတော်အတွင်းသို့ တရားမဝင် ဝင်ရောက်ပြီး အွန်လိုင်းလိမ်လည်မှုဆိုင်ရာမှုခင်းများကို ကျူးလွန်ခြင်းဖြင့် နိုင်ငံတော်၏ အချုပ်အခြာအာဏာနှင့် တည်ငြိမ်အေးချမ်းမှုကို ထိခိုက်စေခြင်းမှ ကာကွယ်နိုင်ရန်၊

( ဂ ) အွန်လိုင်းလိမ်လည်မှုဆိုင်ရာမှုခင်းများကို အမြစ်ပြတ်ဖော်ထုတ် အရေးယူဆောင်ရွက်နိုင်ရန်၊

(ဃ) အွန်လိုင်းလိမ်လည်မှုကြောင့် အများပြည်သူထိခိုက်နစ်နာ ဆုံးရှုံးမှုကို တားဆီးကာကွယ်နိုင်ရန်၊

( င ) ဘဏ်နှင့် ငွေရေးကြေးရေးဆိုင်ရာအဖွဲ့အစည်းများ၊ ဆက်သွယ် ရေးဝန်ဆောင်မှုပေးသူများနှင့် သက်ဆိုင်ရာအစိုးရဌာန၊ အစိုးရ အဖွဲ့အစည်းများအကြား သတင်းအချက်အလက်ဖလှယ်နိုင် မည့်စနစ်တစ်ခု တည်ထောင်နိုင်ရန်၊

( စ ) အွန်လိုင်းလိမ်လည်မှု ပြုလုပ်သည့်နေရာတွင် တရားမဝင် ရောက်ရှိနေသော နိုင်ငံခြားသားများကို စိစစ်ထိန်းသိမ်းနိုင်ရန်၊

(ဆ) အွန်လိုင်းလိမ်လည်မှုကျူးလွန်ရာတွင် အသုံးပြုသည့် ရွှေ့ပြောင်း နိုင်သည့် ပစ္စည်းများ၊ မရွှေ့ပြောင်းနိုင်သည့်ပစ္စည်းများနှင့် အွန်လိုင်းလိမ်လည်မှုကျူးလွန်ရာမှရရှိလာသည့် အကျိုးအမြတ် များကို သိမ်းဆည်းခြင်း၊ စီမံခန့်ခွဲခြင်းဆောင်ရွက်နိုင်ရန်။

**အခန်း(၄)**

**ဗဟိုကော်မတီဖွဲ့စည်းခြင်းနှင့် ယင်း၏တာဝန်နှင့် လုပ်ပိုင်ခွင့်များ**

၅။ ပြည်ထောင်စုအစိုးရအဖွဲ့သည်-

(က) အွန်လိုင်းလိမ်လည်မှုတိုက်ဖျက်ရေးကြီးကြပ်မှုဗဟိုကော်မတီ ကို အောက်ပါအတိုင်း ဖွဲ့စည်းရမည်-

( ၁ ) ပြည်ထောင်စုဝန်ကြီး — ဥက္ကဋ္ဌ
ပြည်ထဲရေးဝန်ကြီးဌာန

( ၂ ) ပြည်ထောင်စုဝန်ကြီး — ဒုတိယဥက္ကဋ္ဌ(၁)
နိုင်ငံခြားရေးဝန်ကြီးဌာန

( ၃ ) ပြည်ထောင်စုဝန်ကြီး — ဒုတိယဥက္ကဋ္ဌ(၂)
လူဝင်မှုကြီးကြပ်ရေးနှင့်ပြည်သူ့အင်အားဝန်ကြီးဌာန

( ၄ ) ဥက္ကဋ္ဌ/ ဝန်ကြီးချုပ် — အဖွဲ့ဝင်
နေပြည်တော်ကောင်စီ၊ တိုင်းဒေသကြီး/
ပြည်နယ်အစိုးရအဖွဲ့

( ၅ ) ဥက္ကဋ္ဌ — အဖွဲ့ဝင်
မြန်မာနိုင်ငံတော်ဗဟိုဘဏ်

( ၆ ) တိုင်းမှူး — အဖွဲ့ဝင်
သက်ဆိုင်ရာ တိုင်းစစ်ဌာနချုပ်

( ၇ ) ဒုတိယဝန်ကြီး — အဖွဲ့ဝင်
ပို့ဆောင်ရေးဝန်ကြီးဌာန

( ၈ ) ဒုတိယဝန်ကြီး — အဖွဲ့ဝင်
ဒီဂျစ်တယ်ဖွံ့ဖြိုးတိုးတက်ရေးနှင့်
ဆက်သွယ်ရေးဝန်ကြီးဌာန

( ၉ ) ဒုတိယဝန်ကြီး — အဖွဲ့ဝင်
ကာကွယ်ရေးဝန်ကြီးဌာန

(၁၀) ဒုတိယဝန်ကြီး — အဖွဲ့ဝင်
ပြည်ထဲရေးဝန်ကြီးဌာန

(၁၁) ဒုတိယဝန်ကြီး — အဖွဲ့ဝင်
နယ်စပ်ရေးရာဝန်ကြီးဌာန

(၁၂) ဒုတိယဝန်ကြီးနှင့် ဒုတိယရှေ့နေချုပ် — အဖွဲ့ဝင်
ဥပဒေရေးရာဝန်ကြီးဌာန

(၁၃) ဒုတိယဝန်ကြီး — အဖွဲ့ဝင်
ပြန်ကြားရေးဝန်ကြီးဌာန

(၁၄) ဒုတိယဝန်ကြီး — အဖွဲ့ဝင်
လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့်
ပြန်လည်နေရာချထားရေးဝန်ကြီးဌာန

(၁၅) ဒုတိယတပ်မတော်စစ်ဘက်ရေးရာ — အဖွဲ့ဝင်
လုံခြုံရေးအရာရှိချုပ်

(၁၆) ရဲချုပ် — အတွင်းရေးမှူး
မြန်မာနိုင်ငံရဲတပ်ဖွဲ့၊ ပြည်ထဲရေးဝန်ကြီးဌာန

(၁၇) ဒုတိယရဲချုပ်(၂) — တွဲဖက်အတွင်းရေးမှူး(၁)
မြန်မာနိုင်ငံရဲတပ်ဖွဲ့၊ ပြည်ထဲရေးဝန်ကြီးဌာန

(၁၈) ဌာနကြီးမှူး — တွဲဖက်အတွင်းရေးမှူး(၂)
နိုင်ငံဖြတ်ကျော်မှုခင်းဌာနကြီး
မြန်မာနိုင်ငံရဲတပ်ဖွဲ့၊ ပြည်ထဲရေးဝန်ကြီးဌာန

(၁၉) တပ်ဖွဲ့မှူး — တွဲဖက်အတွင်းရေးမှူး(၃)
မှုခင်းရဲတပ်ဖွဲ့
မြန်မာနိုင်ငံရဲတပ်ဖွဲ့၊ ပြည်ထဲရေးဝန်ကြီးဌာန

( ခ ) ဗဟိုကော်မတီကို လိုအပ်ပါက ပြင်ဆင်ဖွဲ့စည်းနိုင်သည်။

၆။ ဗဟိုကော်မတီ၏ တာဝန်နှင့် လုပ်ပိုင်ခွင့်များမှာ အောက်ပါအတိုင်း ဖြစ်သည်-

(က) အွန်လိုင်းလိမ်လည်မှု တိုက်ဖျက်ရေးမဟာဗျူဟာများ၊ မူဝါဒ များနှင့်လုပ်ထုံးလုပ်နည်းများကို ရေးဆွဲချမှတ်ခြင်း၊

( ခ ) အွန်လိုင်းလိမ်လည်မှုတိုက်ဖျက်ရေးအတွက် လိုအပ်သည့် ကော်မတီများဖွဲ့စည်းခြင်းနှင့် လုပ်ငန်းတာဝန်များ သတ်မှတ် ပေးခြင်း၊

( ဂ ) ဒီဂျစ်တယ်ဖွံ့ဖြိုးတိုးတက်ရေးနှင့် ဆက်သွယ်ရေးဝန်ကြီးဌာန၊ ပြည်ထဲရေးဝန်ကြီးဌာန၊ နိုင်ငံခြားရေးဝန်ကြီးဌာန၊ မြန်မာ နိုင်ငံတော်ဗဟိုဘဏ်၊ ငွေကြေးဆိုင်ရာစုံစမ်းထောက်လှမ်းရေး အဖွဲ့နှင့် အခြားသက်ဆိုင်ရာအဖွဲ့အစည်းများအကြား အွန်လိုင်း လိမ်လည်မှုတိုက်ဖျက်ရေးလုပ်ငန်းများ ပေါင်းစပ်ညှိနှိုင်းဆောင် ရွက်စေခြင်း၊

(ဃ) နိုင်ငံတကာနှင့် ပြည်တွင်းရှိ အွန်လိုင်းလိမ်လည်မှုကွန်ရက် များ၏ သတင်းအချက်အလက်များကို စုဆောင်းခြင်း၊ စိစစ် ခြင်း၊ လေ့လာဆန်းစစ်ခြင်းပြုကာ သက်ဆိုင်ရာအဖွဲ့အစည်း များသို့ ဖြန့်ဝေပေးခြင်း၊

( င ) အွန်လိုင်းလိမ်လည်မှုကျူးလွန်သူများ၊ အွန်လိုင်းလိမ်လည်မှု စင်တာများကို ဖော်ထုတ်ဖမ်းဆီး၍ ဥပဒေနှင့်အညီ တရားစွဲဆို နိုင်ရေး ညွှန်ကြားခြင်းနှင့် ကြီးကြပ်ခြင်း၊

( စ ) လူကုန်ကူးမှု၊ အတင်းအဓမ္မခိုင်းစေမှုများကျူးလွန်သည့် အွန်လိုင်းလိမ်လည်မှုခေါင်းဆောင်များကို ဥပဒေအရ ထိရောက်စွာအရေးယူနိုင်ရေး ညွှန်ကြားခြင်းနှင့်ကြီးကြပ်ခြင်း၊

စာမျက်နှာ ၈ သို့ →

→ စာမျက်နှာ ၇ မှအဆက်

( ဆ ) အပြည်ပြည်ဆိုင်ရာရဲအဖွဲ့ (INTERPOL)၊ အာဆီယံရဲအဖွဲ့ (ASEANAPOL) အပါအဝင် ဒေသတွင်းနှင့် နိုင်ငံတကာမှ တာဝန်ရှိအဖွဲ့အစည်းများနှင့်ပူးပေါင်း၍ နယ်စပ်ဖြတ်ကျော် အွန်လိုင်းလိမ်လည်မှုများကို တိုက်ဖျက်ခြင်း၊

( ဇ ) အွန်လိုင်းလိမ်လည်မှုမှရရှိသော ငွေကြေးနှင့်ပိုင်ဆိုင်မှုများကို ခြေရာခံ၍ သိမ်းဆည်းထိန်းချုပ်နိုင်ရေးဆောင်ရွက်ခြင်း၊

( ဈ ) အွန်လိုင်းလိမ်လည်မှုတိုက်ဖျက်ရေးလုပ်ငန်းများအတွက် လိုအပ်သော လူအင်အား၊ နည်းပညာနှင့် ဘဏ္ဍာငွေများကို စနစ်တကျခွဲဝေချထားခြင်းနှင့် စီမံခန့်ခွဲခြင်း၊

( ည ) အွန်လိုင်းလိမ်လည်မှုကျူးလွန်ရာတွင်အသုံးပြုသည့် ရွှေ့ပြောင်းနိုင်သည့်ပစ္စည်းများ၊ မရွှေ့ပြောင်းနိုင်သည့်ပစ္စည်းများနှင့် အွန်လိုင်းလိမ်လည်မှုကျူးလွန်ရာမှ ရရှိလာသည့်အကျိုးအမြတ်များကို ချိပ်ပိတ်သိမ်းဆည်းရန် ဒေသဆိုင်ရာကော်မတီများသို့ ညွှန်ကြားခြင်းနှင့် ကြီးကြပ်ခြင်း၊

( ဋ ) အွန်လိုင်းလိမ်လည်ခံရသူများ၏ တိုင်ကြားချက်များကိုလက်ခံ၍ သက်ဆိုင်ရာဌာနများမှတစ်ဆင့် အကူအညီများပေးနိုင်ရန် ညှိနှိုင်းပေါင်းစပ်ဆောင်ရွက်ခြင်း (ဘဏ်လုပ်ငန်းရပ်ဆိုင်းခြင်း၊ စိတ်ပိုင်းဆိုင်ရာအထောက်အပံ့ပေးခြင်း)၊

( ဌ ) ဆက်သွယ်ရေးအော်ပရေတာများ၊ အင်တာနက်ဝန်ဆောင်မှုပေးသူများနှင့်ပူးပေါင်း၍ အွန်လိုင်းလိမ်လည်မှုကျူးလွန်ရန် အသုံးပြုသော မိုလ်ဘိုင်းတယ်လီဖုန်းနံပါတ်များ၊ ဝက်ဘ်ဆိုဒ်များနှင့် အကောင့်များကို ပိတ်ဆို့တားဆီးခြင်း၊

( ဍ ) အွန်လိုင်းလိမ်လည်မှုစင်တာများတွင် အဓမ္မခိုင်းစေခံရသော၊ ပိတ်မိနေသော နိုင်ငံသားများနှင့် နိုင်ငံခြားသားများကို ကယ်ဆယ်ရန်အစီအစဉ်များချမှတ်၍ ညှိနှိုင်းဆောင်ရွက်ခြင်း၊

( ဎ ) ကယ်ဆယ်ရရှိသူများအား သက်ဆိုင်ရာနိုင်ငံများသို့ လုံခြုံစွာ ပြန်လည်ပို့ဆောင်နိုင်ရေးအတွက် နိုင်ငံတကာအဖွဲ့အစည်းများ၊ သံရုံးများနှင့် ပူးပေါင်းဆောင်ရွက်ခြင်း၊

( ဏ ) အွန်လိုင်းလိမ်လည်မှုပုံစံအမျိုးမျိုး၊ အန္တရာယ်များနှင့် ကာကွယ်နိုင်မည့်နည်းလမ်းများကို အများပြည်သူအား အသိပညာပေးခြင်း၊

( တ ) ပြည်ထောင်စုအစိုးရအဖွဲ့က အခါအားလျော်စွာပေးအပ်သည့် အွန်လိုင်းလိမ်လည်မှုတိုက်ဖျက်ရေးဆိုင်ရာ လုပ်ငန်းတာဝန်များကို ဆောင်ရွက်ခြင်း။

**အခန်း(၅)**

**ဒေသဆိုင်ရာကော်မတီများဖွဲ့စည်းခြင်း**

၇။ ဗဟိုကော်မတီသည်–

( က ) တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ် အွန်လိုင်းလိမ်လည်မှုတိုက်ဖျက်ရေးကော်မတီကို အောက်ပါအတိုင်းဖွဲ့စည်းရမည်–

( ၁ ) ဝန်ကြီးချုပ် — ဥက္ကဋ္ဌ
တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်အစိုးရအဖွဲ့

( ၂ ) လူမှုရေးရာဝန်ကြီး — အဖွဲ့ဝင်
တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်အစိုးရအဖွဲ့

( ၃ ) တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်ဥပဒေချုပ် — အဖွဲ့ဝင်
တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်အစိုးရအဖွဲ့

( ၄ ) အုပ်ချုပ်ရေးမှူး — အဖွဲ့ဝင်
တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်
အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန

( ၅ ) တိုင်းဦးစီးချုပ် — အဖွဲ့ဝင်
သက်ဆိုင်ရာတိုင်းစစ်ဌာနချုပ်

( ၆ ) တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်မန်နေဂျာ — အဖွဲ့ဝင်
တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်
မြန်မာဆက်သွယ်ရေးလုပ်ငန်း

( ၇ ) ညွှန်ကြားရေးမှူး — အဖွဲ့ဝင်
တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်
ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန

( ၈ ) တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်ဦးစီးမှူး — အဖွဲ့ဝင်
လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာန

( ၉ ) လုံခြုံရေးနှင့်နယ်စပ်ရေးရာဝန်ကြီး — အတွင်းရေးမှူး
တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်အစိုးရအဖွဲ့

(၁၀) ရဲတပ်ဖွဲ့မှူး — တွဲဖက်အတွင်းရေးမှူး
တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်ရဲတပ်ဖွဲ့

( ခ ) ပြည်ထောင်စုနယ်မြေ အွန်လိုင်းလိမ်လည်မှုတိုက်ဖျက်ရေးကော်မတီကိုအောက်ပါအတိုင်းဖွဲ့စည်းရမည်–

( ၁ ) ဥက္ကဋ္ဌ — ဥက္ကဋ္ဌ
နေပြည်တော်ကောင်စီ

( ၂ ) အဖွဲ့ဝင်(၃) — အဖွဲ့ဝင်
နေပြည်တော်ကောင်စီ

( ၃ ) အုပ်ချုပ်ရေးမှူး — အဖွဲ့ဝင်
နေပြည်တော်၊ အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန

( ၄ ) တိုင်းဦးစီးချုပ် — အဖွဲ့ဝင်
နေပြည်တော်တိုင်းစစ်ဌာနချုပ်

( ၅ ) ညွှန်ကြားရေးမှူး — အဖွဲ့ဝင်
တရားစွဲနှင့် အမှုလိုက်ဦးစီးဌာန၊
ဥပဒေရေးရာဝန်ကြီးဌာန

( ၆ ) ဒုတိယအထွေထွေမန်နေဂျာ — အဖွဲ့ဝင်
နေပြည်တော် မြန်မာဆက်သွယ်ရေးလုပ်ငန်း

( ၇ ) ညွှန်ကြားရေးမှူး — အဖွဲ့ဝင်
နေပြည်တော် ပြန်ကြားရေးနှင့်
ပြည်သူ့ဆက်ဆံရေးဦးစီးဌာန

( ၈ ) ပြည်ထောင်စုနယ်မြေဦးစီးမှူး — အဖွဲ့ဝင်
လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာန

( ၉ ) အဖွဲ့ဝင်(၁) — အတွင်းရေးမှူး
နေပြည်တော်ကောင်စီ

(၁၀) ရဲတပ်ဖွဲ့မှူး — တွဲဖက်အတွင်းရေးမှူး
နေပြည်တော်ရဲတပ်ဖွဲ့

( ဂ ) ပုဒ်မခွဲ(က)နှင့် ပုဒ်မခွဲ(ခ)တို့ပါ ဒေသဆိုင်ရာကော်မတီကို လိုအပ်ပါက ပြင်ဆင်ဖွဲ့စည်းနိုင်သည်။

၈။ ဒေသဆိုင်ရာကော်မတီ၏လုပ်ငန်းတာဝန်များမှာ အောက်ပါအတိုင်းဖြစ်ပါသည်–

( က ) အွန်လိုင်းလိမ်လည်မှုအမြစ်ပြတ်သည်အထိ ဖော်ထုတ်တိုက်ဖျက်ခြင်း၊

( ခ ) အွန်လိုင်းလိမ်လည်မှုဖော်ထုတ်ဖမ်းဆီးရန် အထူးအဖွဲ့များဖွဲ့စည်းတာဝန်ပေးအပ်ခြင်း၊

( ဂ ) အွန်လိုင်းလိမ်လည်မှုကျူးလွန်ရာတွင်အသုံးပြုသည့် ရွှေ့ပြောင်းနိုင်သည့်ပစ္စည်းများ၊ မရွှေ့ပြောင်းနိုင်သည့်ပစ္စည်းများနှင့် အွန်လိုင်းလိမ်လည်မှုကျူးလွန်ရာမှ ရရှိလာသည့်အကျိုးအမြတ်များကို ချိပ်ပိတ်သိမ်းဆည်းခြင်း၊

( ဃ ) အွန်လိုင်းလိမ်လည်မှု ပြုလုပ်သည့်နေရာများသို့ ရောက်ရှိနေသော နိုင်ငံခြားသားများကို စိစစ်ထိန်းသိမ်းခြင်း၊

( င ) ပြစ်မှုကျူးလွန်သူများကို ဥပဒေနှင့်အညီ ထိရောက်စွာအရေးယူခြင်း၊

( စ ) ဗဟိုကော်မတီက အခါအားလျော်စွာပေးအပ်သည့် အွန်လိုင်းလိမ်လည်မှုတိုက်ဖျက်ရေးဆိုင်ရာတာဝန်များကို ဆောင်ရွက်ခြင်း။

**အခန်း(၆)**

**အွန်လိုင်းလိမ်လည်မှုတိုက်ဖျက်ရေးဗဟိုဌာန ဖွဲ့စည်းခြင်းနှင့် ယင်း၏လုပ်ငန်းတာဝန်များ**

၉။ ဗဟိုကော်မတီသည်–

( က ) အွန်လိုင်းလိမ်လည်မှုတိုက်ဖျက်ရေးဗဟိုဌာနကို အောက်ပါအတိုင်း ဖွဲ့စည်းရမည်–

( ၁ ) တပ်ဖွဲ့မှူး — အဖွဲ့ခေါင်းဆောင်
မှုခင်းရဲတပ်ဖွဲ့၊ မြန်မာနိုင်ငံရဲတပ်ဖွဲ့
ပြည်ထဲရေးဝန်ကြီးဌာန

( ၂ ) ညွှန်ကြားရေးမှူး — အဖွဲ့ဝင်
ဆက်သွယ်ရေးညွှန်ကြားမှုဦးစီးဌာန
ဒီဂျစ်တယ်ဖွံ့ဖြိုးတိုးတက်ရေးနှင့် ဆက်သွယ်ရေးဝန်ကြီးဌာန

( ၃ ) ညွှန်ကြားရေးမှူး — အဖွဲ့ဝင်
အထူးစုံစမ်းစစ်ဆေးရေးဦးစီးဌာန
ပြည်ထဲရေးဝန်ကြီးဌာန

( ၄ ) ညွှန်ကြားရေးမှူး — အဖွဲ့ဝင်
တရားစွဲနှင့်အမှုလိုက်ဦးစီးဌာန
ဥပဒေရေးရာဝန်ကြီးဌာန

( ၅ ) ညွှန်ကြားရေးမှူး — အဖွဲ့ဝင်
ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန
ပြန်ကြားရေးဝန်ကြီးဌာန

( ၆ ) ညွှန်ကြားရေးမှူး — အဖွဲ့ဝင်
အီလက်ထရောနစ်မှတ်ပုံတင်စနစ်ဦးစီးဌာန
လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာန

( ၇ ) ညွှန်ကြားရေးမှူး — အဖွဲ့ဝင်
မြန်မာနိုင်ငံတော်ဗဟိုဘဏ်

( ၈ ) ဌာနမှူး — အဖွဲ့ဝင်
ဆက်သွယ်ရေးနှင့် သတင်းနည်းပညာဌာန
မြန်မာနိုင်ငံရဲတပ်ဖွဲ့ဌာနချုပ်၊ ပြည်ထဲရေးဝန်ကြီးဌာန

( ၉ ) ညွှန်ကြားရေးမှူး — အဖွဲ့ဝင်
မှုခင်းဌာန၊ မှုခင်းနှင့်ဥပဒေရေးရာဌာနကြီး
မြန်မာနိုင်ငံရဲတပ်ဖွဲ့ဌာနချုပ်၊ ပြည်ထဲရေးဝန်ကြီးဌာန

(၁၀) ဒုတိယတပ်ဖွဲ့မှူး — အဖွဲ့ဝင်
ငွေကြေးဆိုင်ရာမှုခင်းတားဆီးနှိမ်နင်းရေးရဲတပ်ဖွဲ့
မြန်မာနိုင်ငံရဲတပ်ဖွဲ့ဌာနချုပ်၊ ပြည်ထဲရေးဝန်ကြီးဌာန

(၁၁) ဌာနမှူး — အဖွဲ့ဝင်
နည်းပညာဌာန၊ မှုခင်းရဲတပ်ဖွဲ့
မြန်မာနိုင်ငံရဲတပ်ဖွဲ့ဌာနချုပ်၊ ပြည်ထဲရေးဝန်ကြီးဌာန

( ခ ) ဗဟိုဌာနကို လိုအပ်ပါက ပြင်ဆင်ဖွဲ့စည်းနိုင်သည်။

၁၀။ ဗဟိုဌာန၏လုပ်ငန်းတာဝန်များမှာ အောက်ပါအတိုင်းဖြစ်ပါသည်–

( က ) အွန်လိုင်းလိမ်လည်မှုကျူးလွန်ခံရသူက ဖုန်းဆက်၍ သတင်းပို့နိုင်ရန် ၂၄ နာရီ အရေးပေါ်တယ်လီဖုန်းအမှတ်(Hotline) သတ်မှတ်ပေးခြင်း၊

( ခ ) အများပြည်သူနှင့် တိုက်ရိုက်ထိတွေ့နိုင်ရန် အရေးပေါ်တယ်လီဖုန်းအမှတ်၊ မိုလ်ဘိုင်းအပလီကေးရှင်း (Mobile Application)၊ ဝက်ဘ်အပလီကေးရှင်း (Web Application) တို့ကိုတည်ထောင်၍ အကောင်အထည်ဖော်ဆောင်ရွက်ခြင်း၊

( ဂ ) နစ်နာသူများထံမှ သတင်းပို့တိုင်ကြားချက်များကို စိစစ်အတည်ပြုခြင်း၊

( ဃ ) အွန်လိုင်းလိမ်လည်မှုကျူးလွန်သူ၏ ငွေစာရင်းအမှတ် ဘဏ်အမည်၊ လွှဲပြောင်းသည့်ငွေကြေးပမာဏနှင့် လွှဲပြောင်းသည့်အချိန် စသည့်အချက်အလက်တို့ကို စာရင်းရေးသွင်းခြင်း၊

( င ) ရရှိလာသော အချက်အလက်များကို ဘဏ်စနစ်အတွင်း အမြန်ဆုံးစစ်ဆေးခြင်း၊ အွန်လိုင်းလိမ်လည်မှုဖြစ်ကြောင်း စိစစ်တွေ့ရှိရပါက အရေးကြီးသောအမှု (Emergency Case) အဖြစ် သတ်မှတ်ခြင်း၊

( စ ) အွန်လိုင်းလိမ်လည်မှုကျူးလွန်သူ၏ ဘဏ်ငွေစာရင်းအမှတ်ကို ၁၅ မိနစ်အတွင်း ယာယီပိတ်ပင် (Debit Freeze)ခြင်း၊

( ဆ ) အွန်လိုင်းလိမ်လည်မှုကျူးလွန်ရာတွင်အသုံးပြုသော ကြားခံဘဏ်ငွေစာရင်းအမှတ် (Mule Account)များနှင့် ဆင်းကတ် (SIM Card) များကို ထိရောက်စွာ အရေးယူပိတ်ဆို့ခြင်း၊

( ဇ ) အွန်လိုင်းလိမ်လည်မှုကျူးလွန်ခံရသူ၏ ဘဏ်ငွေစာရင်းအမှတ်တွင် ကျန်ရှိနေသောငွေများကို ဆက်လက်မဆုံးရှုံးစေရန် ယင်း၏ အီလက်ထရောနစ်နည်းပညာသုံး ဘဏ်ငွေစာရင်းအမှတ် (Digital Banking Account) ယာယီပိတ်ပေးခြင်း၊

( ဈ ) အွန်လိုင်းလိမ်လည်မှုကျူးလွန်ခံရသူ ဆုံးရှုံးသွားသောငွေကြေးကို အမြန်ဆုံးပြန်လည်ရရှိနိုင်စေရန် ငွေကြေးစီးဆင်းမှုများကို ယာယီဆိုင်းငံ့ခွင့်နှင့် စစ်ဆေးခွင့်ဆိုင်ရာလုပ်ထုံးလုပ်နည်းများကို စနစ်တကျသတ်မှတ်ခြင်း၊

( ည ) ငွေကြေးဆက်လက်စီးဆင်းသွားသည့် ဘဏ်ငွေစာရင်းအမှတ်များကို ခြေရာခံခြင်း၊

( ဋ ) အခြေခံအချက်အလက်များကို နီးစပ်ရာရဲစခန်းသို့ပေးပို့၍ ပထမသတင်းပေးတိုင်ချက်ဖွင့်ရန် ဆက်သွယ်ပေးခြင်း၊

( ဌ ) ယာယီဆိုင်းငံ့ထားသော အွန်လိုင်းလိမ်လည်မှုကျူးလွန်ခံရသူ၏ ဘဏ်ငွေစာရင်းအမှတ်ကို ပြန်လည်ဖွင့်လှစ်ပေးရန် သက်ဆိုင်ရာဘဏ်နှင့် ညှိနှိုင်းဆောင်ရွက်ခြင်း၊

( ဍ ) အွန်လိုင်းလိမ်လည်မှုကျူးလွန်သည့် မိုလ်ဘိုင်းဖုန်းနံပါတ်များ၊ ဝက်ဘ်ဆိုဒ်၊ လင့်များနှင့် ငွေကြေးလွှဲပြောင်းမှုပုံစံများကို နည်းပညာဖြင့်စောင့်ကြည့်ဖော်ထုတ်ခြင်း၊

( ဎ ) သတင်းအချက်အလက်နှင့် အထောက်အထားများကို စိစစ်အတည်ပြု၍ အမှုတွင် သက်သေခံအထောက်အထားအဖြစ် အသုံးပြုနိုင်ရန် ပေးပို့ခြင်း၊

( ဏ ) နောက်ဆုံးပေါ် အွန်လိုင်းလိမ်လည်မှုပုံစံများကို အများပြည်သူ သိရှိစေရန် သတိပေးချက်များထုတ်ပြန်ခြင်းနှင့် အသိပညာပေးလုပ်ငန်းများဆောင်ရွက်ခြင်း၊

( တ ) အွန်လိုင်းလိမ်လည်မှုကျူးလွန်ခံရသူကို ဥပဒေဆိုင်ရာ အကူအညီရရှိရေး ဆောင်ရွက်ပေးခြင်း၊ နှစ်သိမ့်ဆွေးနွေးမှုနှင့် ကူညီစောင့်ရှောက်မှုလုပ်ငန်းများဆောင်ရွက်ခြင်း၊

( ထ ) ဗဟိုကော်မတီက အခါအားလျော်စွာပေးအပ်သည့် အွန်လိုင်းလိမ်လည်မှုတိုက်ဖျက်ရေးဆိုင်ရာတာဝန်များကို ဆောင်ရွက်ခြင်း။

စာမျက်နှာ ၉ သို့ →

→ စာမျက်နှာ ၈ မှအဆက်

**အခန်း(၇)**

**တားဆီးကာကွယ်ခြင်း**

၁၁။ မိုလ်ဘိုင်းငွေရေးကြေးရေးဝန်ဆောင်မှုလုပ်ငန်းများတွင် နိုင်ငံသားစိစစ်ရေးကတ်ဖြင့် ဆက်သွယ်ရေးကွန်ရက်မှတစ်ဆင့် မိုလ်ဘိုင်းငွေကြေးစာရင်းဖွင့်လှစ်ခြင်းနှင့်စပ်လျဉ်း၍ မိုဘိုင်းငွေရေးကြေးရေးဝန်ဆောင်မှုပေးသူများသည်–

(က) မိုလ်ဘိုင်းငွေကြေးစာရင်းဖွင့်လှစ်သူကို ကောင်းစွာသိရှိခြင်း (Know Your Customer–KYC) ဆိုင်ရာလုပ်ငန်းစဉ်များနှင့် ဆက်သွယ်ဆောင်ရွက်သူအပေါ် အလေးထားစိစစ်ခြင်း (Customer Due Diligence–CDD)ဆိုင်ရာ လုပ်ငန်းစဉ်များကို ပြည့်စုံစွာဆောင်ရွက်ပြီးနောက် မိုဘိုင်းငွေရေးကြေးရေးဝန်ဆောင်မှုပေးသူ၏ ကိုယ်စားလှယ်မှတစ်ဆင့် မိုလ်ဘိုင်းငွေကြေးစာရင်းဖွင့်လှစ်သူကို နိုင်ငံသားစိစစ်ရေးကတ်မူရင်းနှင့် တိုက်ဆိုင်စစ်ဆေးအတည်ပြုသည့်စနစ် ချမှတ်ဆောင်ရွက်ရမည်၊

(ခ) ပုဒ်မခွဲ (က)ပါ မိုဘိုင်းငွေကြေးစာရင်းဖွင့်လှစ်သူကို ကောင်းစွာသိရှိခြင်းဆိုင်ရာလုပ်ငန်းစဉ်အရဖြစ်စေ၊ ဆက်သွယ်ဆောင်ရွက်သူအပေါ် အလေးထားစိစစ်ခြင်းဆိုင်ရာလုပ်ငန်းစဉ်အရဖြစ်စေ၊ နိုင်ငံသားစိစစ်ရေးကတ်ကို စိစစ်ချက်အရဖြစ်စေ ပြည့်စုံမှုမရှိသော သို့မဟုတ် သံသယဖြစ်ဖွယ်ရှိသော အချက်အလက် စိစစ်တွေ့ရှိရပါက မိုလ်ဘိုင်းငွေကြေးစာရင်းအားဖွင့်လှစ်ပေးခြင်းမပြုရ။

၁၂။ ဘဏ်နှင့်ငွေရေးကြေးရေးအဖွဲ့အစည်းများသည် သံသယဖြစ်ဖွယ်ငွေကြေးလွှဲပြောင်းမှုများ စိစစ်တွေ့ရှိပါက ဗဟိုဌာနသို့ သတ်မှတ်ချက်နှင့်အညီ သတင်းပို့ရမည်။

၁၃။ နယ်စပ်လုံခြုံရေးစခန်းများသည် ကုန်းလမ်းမှလည်းကောင်း၊ ရေလမ်းမှလည်းကောင်း နိုင်ငံခြားသားများ တရားမဝင်နယ်စပ်ဖြတ်ကျော်ဝင်ထွက်မှုကို စစ်ဆေးတွေ့ရှိပါက ကာကွယ်ရေးဝန်ကြီးဌာန၊ ပြည်ထဲရေးဝန်ကြီးဌာန၊ လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာနတို့သို့ တင်ပြဆောင်ရွက်ရမည်။

၁၄။ ဗဟိုဌာနသည် အွန်လိုင်းလိမ်လည်မှုကို ကာကွယ်ရန်–

(က) ဆက်သွယ်ရေးကွန်ရက်မှတစ်ဆင့် ဘဏ်ငွေစာရင်းများရောင်းချခြင်း၊ ငွေကြေးချို့တဲ့သူများကို မြူဆွယ်၍ ဘဏ်ငွေစာရင်းများဖွင့်၍ ဝယ်ယူခြင်း၊ နိုင်ငံသားစိစစ်ရေးကတ်အတုဖြင့် ဘဏ်ငွေစာရင်း သို့မဟုတ် မိုလ်ဘိုင်းပေး (Mobile Pay) စာရင်းများဖွင့်လှစ်ခြင်းတို့မရှိစေရန် စိစစ်ကြပ်မတ်ရမည်၊

(ခ) ဆင်းကတ်များ အခြားသူထံမှဝယ်ယူပြီး ဆက်သွယ်ရေးကွန်ရက်တွင် နည်းပညာအသုံးပြု၍ ငွေကြေးလိမ်လည်ခြင်း၊ ရရှိသောငွေကြေးများကို ပြည်ပနိုင်ငံများသို့ အဆင့်ဆင့်လွှဲပြောင်းခြင်းများမရှိစေရန် စိစစ်ကြပ်မတ်ရမည်၊

(ဂ) လူမှုကွန်ရက်၊ ဝက်ဘ်ဆိုဒ်၊ မိုလ်ဘိုင်းအက်ပလီကေးရှင်းများအသုံးပြု၍ ဆက်သွယ်ရေးကွန်ရက်တွင် ငွေကြေးလိမ်လည်မှုပြုလုပ်သူကို စောင့်ကြည့်သတင်းရယူခြင်း၊ စုံစမ်းထောက်လှမ်းခြင်းနှင့် အသွင်ယူစုံစမ်းခြင်းတို့ကို ဆောင်ရွက်ရမည်၊

(ဃ) လူမှုကွန်ရက်တွင် သံသယဖြစ်ဖွယ်တွေ့ရှိရသောအကောင့်များအား စုံစမ်းထောက်လှမ်းနိုင်ရေးနှင့် ပိတ်သိမ်းနိုင်ရေးအတွက် နည်းပညာတိုးမြှင့်ဆောင်ရွက်ရမည်၊

(င) ပြစ်မှုကျူးလွန်သည်ဟု သံသယဖြစ်ဖွယ်ရှိသော ဝက်ဘ်ဆိုဒ်များအား ပိတ်သိမ်းနိုင်ရေးအတွက် ဒီဂျစ်တယ်ဖွံ့ဖြိုးတိုးတက်ရေးနှင့် ဆက်သွယ်ရေးဝန်ကြီးဌာနနှင့် ပူးပေါင်းဆောင်ရွက်ရမည်။

**အခန်း(၈)**

**သတင်းအချက်အလက်ဖလှယ်ခြင်း**

၁၅။ အွန်လိုင်းလိမ်လည်မှုဆိုင်ရာပြစ်မှုများကို တားဆီးနှိမ်နင်းရန်အလို့ငှာ အောက်ဖော်ပြပါအဖွဲ့အစည်းများသည် သံသယဖြစ်ဖွယ်အကောင့်များ၊ ငွေကြေးစီးဆင်းမှုများနှင့် ဆက်သွယ်ရေးဆိုင်ရာအချက်အလက်များကို ဗဟိုဒေတာစနစ် (Centralized Database) မှတစ်ဆင့် အပြန်အလှန်ဖလှယ်ရမည် –

(က) ဘဏ်နှင့် ငွေရေးကြေးရေးဆိုင်ရာအဖွဲ့အစည်းများ (Financial Institutions)၊

(ခ) အီလက်ထရောနစ်ငွေပေးချေမှု ဝန်ဆောင်မှုပေးသူများ (E–payment Service Providers)၊

(ဂ) ဆက်သွယ်ရေးအော်ပရေတာများနှင့် အင်တာနက်ဝန်ဆောင်မှုပေးသူများ ။

၁၆။ ဘဏ်နှင့်ငွေရေးကြေးရေးအဖွဲ့အစည်းများမှ တာဝန်ရှိသူများသည်–

(က) မိမိတို့၏ စနစ်အတွင်း သံသယဖြစ်ဖွယ် ငွေကြေးလွှဲပြောင်းမှု သို့မဟုတ် အွန်လိုင်းလိမ်လည်မှုနှင့်ဆက်နွှယ်သည်ဟု သံသယဖြစ်ဖွယ် လုပ်ဆောင်ချက်များကို စိစစ်တွေ့ရှိပါက ဗဟိုဌာနသို့ ချက်ချင်းသတင်းပို့ရမည်၊

(ခ) သံသယဖြစ်ဖွယ် ငွေစာရင်းအမှတ် သို့မဟုတ် ငွေကြေးလွှဲပြောင်းမှုနှင့်စပ်လျဉ်း၍ အခြားဘဏ်တစ်ခုက စုံစမ်းမေးမြန်းလာလျှင် အချက်အလက်များကို ချက်ချင်းမျှဝေရမည်။

၁၇။ ဆက်သွယ်ရေးအော်ပရေတာသည်–

(က) ဆင်းကတ်မှတ်ပုံတင်ထားသူ၏ အချက်အလက်များ၊ အသုံးပြုသည့် တည်နေရာနှင့် ခေါ်ဆိုမှုမှတ်တမ်း (Call Details Record–CDR) များကို စနစ်တကျထိန်းသိမ်းထားရမည်၊

(ခ) ပုဒ်မခွဲ(က)ပါ အချက်အလက်များကို ဗဟိုဌာနမှ တောင်းခံလာပါက ချက်ချင်းပေးပို့ရမည်။

၁၈။ ဘဏ်နှင့်ငွေရေးကြေးရေးဆိုင်ရာအဖွဲ့အစည်းများ၊ အီလက်ထရောနစ်ငွေပေးချေမှု ဝန်ဆောင်မှုပေးသူများ၊ ဆက်သွယ်ရေးအော်ပရေတာများနှင့် အင်တာနက်ဝန်ဆောင်မှုပေးသူများသည် ဖလှယ်သောသတင်းအချက်အလက်များကို အွန်လိုင်းလိမ်လည်မှု မှုခင်းများတားဆီးနှိမ်နင်းရေးအတွက်သာ အသုံးပြုရမည်ဖြစ်ပြီး ကိုယ်ရေးအချက်အလက်ကာကွယ်မှုဆိုင်ရာစံနှုန်းများနှင့်အညီ လုံခြုံစွာထိန်းသိမ်းရမည်။

**အခန်း(၉)**

**ငွေကြေးစီးဆင်းမှုကို ယာယီဆိုင်းငံ့ခြင်းနှင့် အရေးယူဆောင်ရွက်ခြင်း**

၁၉။ အွန်လိုင်းလိမ်လည်မှုကျူးလွန်ခံရသူသည် မိမိ၏ငွေကြေးလွှဲပြောင်းမှုကိုသိရှိပြီးနောက် သက်ဆိုင်ရာဘဏ်နှင့်ငွေရေးကြေးရေးအဖွဲ့အစည်းသို့ အမြန်ဆုံးအကြောင်းကြား၍ ငွေလွှဲပြောင်းမှုကို ယာယီဆိုင်းငံ့ရန်တောင်းဆိုနိုင်သည်။

၂၀။ ပုဒ်မ ၁၉ အရ အကြောင်းကြားချက်ကို လက်ခံရရှိသည့် ဘဏ်နှင့်ငွေရေးကြေးရေးအဖွဲ့အစည်းသည် အကြောင်းကြားချက်ကိုရရှိသည်နှင့်တစ်ပြိုင်နက် သံသယဖြစ်ဖွယ် ငွေစာရင်းအမှတ်ကို ၇၂ နာရီထက်မပိုသောကာလအထိ ယာယီဆိုင်းငံ့ခြင်း(Temporary Suspension)ကို ချက်ချင်းဆောင်ရွက်ရမည်။

၂၁။ ဘဏ်နှင့်ငွေရေးကြေးရေးအဖွဲ့အစည်းများမှ တာဝန်ရှိသူများသည်–

(က) ဤဥပဒေအရ အွန်လိုင်းလိမ်လည်မှုဆိုင်ရာပြစ်မှုနှင့်စပ်လျဉ်း၍ ဗဟိုဌာန သို့မဟုတ် အစိုးရဌာန၊ အစိုးရအဖွဲ့အစည်း၏ အကြောင်းကြားချက်ရရှိပါက ငွေကြေးလွှဲပြောင်းမှု ဆိုင်းငံ့ခြင်းကို ချက်ချင်းဆောင်ရွက်ရမည်။

(ခ) ငွေကြေးလွှဲပြောင်းမှုဆိုင်းငံ့ရန်ပျက်ကွက်ခြင်း၊ ကြန့်ကြာခြင်းတို့ကြောင့် အွန်လိုင်းလိမ်လည်မှုကျူးလွန်ခံရသူ၏ ဘဏ်ငွေစာရင်းအမှတ်ရှိ ငွေကြေးများ လွှဲပြောင်းမှုမဖြစ်ပေါ်စေရန်ဆောင်ရွက်ရမည်။

၂၂။ အွန်လိုင်းလိမ်လည်မှုကျူးလွန်ခံရသူသည် ပုဒ်မ ၁၉ အရ ဘဏ်သို့အကြောင်းကြားပြီး ၂၄ နာရီအတွင်း ဗဟိုဌာနသို့ ကိုယ်တိုင်ဖြစ်စေ၊ အွန်လိုင်းတိုင်ကြားမှုစနစ်(Online Complaint Portal)မှတစ်ဆင့်ဖြစ်စေ ဖြစ်စဉ်အချက်အလက်များကို အသေးစိတ်တင်ပြတိုင်ကြားနိုင်သည်။

၂၃။ ဗဟိုဌာနသည်–

(က) တိုင်ကြားချက်ကိုစိစစ်၍ မှန်ကန်ပါက အွန်လိုင်းလိမ်လည်မှုကျူးလွန်ခံရသူအား သက်ဆိုင်ရာရဲစခန်း၌ ပထမသတင်းပေးတိုင်ချက် (First Information Report– FIR) ဖွင့်လှစ်နိုင်ရန်ဆောင်ရွက်ပေးရမည်၊

(ခ) ငွေကြေးစီးဆင်းမှုကို ခြေရာခံနိုင်ရန် တိုင်တန်းမှု မှတ်တမ်း (Case Identifier– Case ID) ကို ဘဏ်နှင့် ငွေရေးကြေးရေးအဖွဲ့အစည်းများသို့ ပေးပို့အကြောင်းကြားရမည်။

(ဂ) အွန်လိုင်းလိမ်လည်မှု ကျူးလွန်ခံရ၍ တိုင်ကြားလာသည့် သတင်းအချက်အလက်များအနက် ဝက်ဘ်ဆိုဒ်၊ လူမှုကွန်ရက်၊ ဘဏ်ငွေစာရင်းအမှတ်၊ မိုလ်ဘိုင်းငွေပေးချေမှုစာရင်းအမှတ် (Mobile Payment Account)များ၊ တယ်လီဖုန်းနံပါတ်များကို မှတ်တမ်းတင်ခြင်း၊ စုံစမ်းဖော်ထုတ်ခြင်းများဆောင်ရွက်၍ ထပ်မံကျူးလွန်မှုမရှိစေရေးပိတ်သိမ်းဆောင်ရွက်ရမည်၊

(ဃ) အွန်လိုင်းလိမ်လည်မှုကျူးလွန်ခံရသူ ဆုံးရှုံးသွားသည့် ငွေကြေးများ၏ စီးဆင်းရာလမ်းကြောင်းအဆင့်ဆင့်ကို စုံစမ်းဖော်ထုတ်ခြင်း၊ အချိန်မီပိတ်သိမ်းခြင်းများ ဆောင်ရွက်ရမည်၊

(င) အာဆီယံရဲအဖွဲ့၊ အပြည်ပြည်ဆိုင်ရာရဲအဖွဲ့တို့နှင့် တိုက်ရိုက်ချိတ်ဆက်၍ သတင်းအချက်အလက်ဖလှယ်ခြင်း၊ နယ်စပ်ဖြတ်ကျော် ငွေကြေးစီးဆင်းမှုကို ပိတ်ပင်တားဆီးနိုင်ရန် ဗဟိုကော်မတီသို့ တင်ပြခြင်းတို့ ဆောင်ရွက်ရမည်၊

(စ) ပြည်ပဘဏ်များတွင် ရောက်ရှိနေသော အွန်လိုင်းလိမ်လည်ရရှိငွေများကို ပြန်လည်သိမ်းဆည်းနိုင်ရေးအတွက် ပြစ်မှုဆိုင်ရာကိစ္စရပ်များတွင် နိုင်ငံအချင်းချင်းအကူအညီပေးရေးဥပဒေနှင့်အညီ သက်ဆိုင်ရာနိုင်ငံများနှင့်ဆက်သွယ်ဆောင်ရွက်ရမည်။

၂၄။ အွန်လိုင်းလိမ်လည်မှုကျူးလွန်ခံရ၍ တိုင်ကြားလာပါက သက်ဆိုင်ရာရဲစခန်းသည်–

(က) ဗဟိုဌာနကပေးပို့သည့် အချက်အလက်များရရှိသည်နှင့် တစ်ပြိုင်နက် ပထမသတင်းပေးတိုင်တန်းချက်ရေးဖွင့်နိုင်ရေး ချက်ချင်းဆောင်ရွက်ရမည်။

(ခ) ပထမသတင်းပေးတိုင်တန်းချက်ရေးဖွင့်ပြီးပါက မိတ္တူကို နှစ်နာရီအတွင်း ဗဟိုဌာနသို့ ပေးပို့တင်ပြရမည်။

(ဂ) အမှုနှင့်စပ်လျဉ်း၍ ထပ်မံလိုအပ်သည့် သတင်းအချက်အလက်များကို ဗဟိုဌာနသို့ တင်ပြတောင်းခံရမည်။

(ဃ) ဗဟိုဌာနက စစ်ဆေးအတည်ပြုပြီးသည့် သတင်းအချက်အလက်များနှင့် အထောက်အထားများကို ကျွမ်းကျင်သူ၏ ထင်မြင်ချက်အဖြစ် သက်ဆိုင်ရာတရားရုံးသို့ တင်ပြရမည်။

၂၅။ ပုဒ်မ ၂၀ အရ ယာယီဆိုင်းငံ့ထားသည့်ကာလအတွင်း အွန်လိုင်းလိမ်လည်မှုကျူးလွန်ခံရသူက ပထမသတင်းပေးတိုင်တန်းခြင်းမပြုလျှင် သက်ဆိုင်ရာဘဏ်သည် ယာယီဆိုင်းငံ့ထားသော ဘဏ်ငွေစာရင်းအမှတ်ကို ပြန်လည်ဖွင့်လှစ်ပေးရမည်။

၂၆။ ဘဏ်နှင့် ငွေရေးကြေးရေးအဖွဲ့အစည်းသည် မိမိတို့၏စနစ်အတွင်း ပုံမှန်မဟုတ်သော ငွေကြေးစီးဆင်းမှု သို့မဟုတ် အွန်လိုင်းလိမ်လည်မှုဟု သံသယဖြစ်ဖွယ်ရှိသော ငွေကြေးလွှဲပြောင်းမှုများကိုစိစစ်တွေ့ရှိပါက သက်ဆိုင်ရာအစိုးရဌာန၊ အစိုးရအဖွဲ့အစည်း သို့မဟုတ် အွန်လိုင်းလိမ်လည်မှုကျူးလွန်ခံရသူ၏ တိုင်ကြားချက်ကို စောင့်ဆိုင်းရန်မလိုဘဲ အဆိုပါဘဏ်ငွေစာရင်းအမှတ်ကို ယာယီဆိုင်းငံ့ရမည်။

၂၇။ ပုဒ်မ ၂၆ အရ ယာယီဆိုင်းငံ့မှုဆောင်ရွက်ပါက ဗဟိုဌာနသို့ ချက်ချင်းသတင်းပို့ရမည်။

၂၈။ ဘဏ်နှင့် ငွေရေးကြေးရေးအဖွဲ့အစည်း၏ သတင်းပို့ချက်ကိုလက်ခံရရှိပါက ဗဟိုဌာနသည် အမှုဖြစ်စဉ်ကိုစိစစ်ပြီး လိုအပ်ပါက အဆိုပါဘဏ်ငွေစာရင်းအမှတ်ကို ဆက်လက်ဆိုင်းငံ့ထားရန် သို့မဟုတ် ဘဏ်ငွေစာရင်းအမှတ်နှင့်သက်ဆိုင်သောမှတ်တမ်းမှတ်ရာများကို သိမ်းဆည်းရရှိနိုင်ရန် ဗဟိုဘဏ်နှင့် သက်ဆိုင်ရာအစိုးရဌာန၊ အစိုးရအဖွဲ့အစည်းများသို့ ညှိနှိုင်းအကြောင်းကြားရမည်။

**အခန်း(၁၀)**

**နိုင်ငံတကာနှင့်ပူးပေါင်းဆောင်ရွက်ခြင်း**

၂၉။ ဗဟိုဌာနသည် အွန်လိုင်းလိမ်လည်မှုဆိုင်ရာပြစ်မှုများနှင့်စပ်လျဉ်း၍ ဗဟိုကော်မတီ၏ ခွင့်ပြုချက်ဖြင့် ပြည်ပနိုင်ငံများ၊ အပြည်ပြည်ဆိုင်ရာရဲအဖွဲ့၊ အာဆီယံရဲအဖွဲ့တို့နှင့်ပူးပေါင်း၍ အောက်ပါကိစ္စရပ်များကို ဆောင်ရွက်နိုင်သည်–

(က) နယ်စပ်ဖြတ်ကျော်အွန်လိုင်းလိမ်လည်မှုကို စုံစမ်းစစ်ဆေးရန် သတင်းအချက်အလက်များဖလှယ်ခြင်း၊

(ခ) ပြစ်မှုကျူးလွန်သူများကို လွှဲပြောင်းပေးခြင်း(Extradition) နှင့် ပူးတွဲစုံစမ်းစစ်ဆေးခြင်း၊

(ဂ) အွန်လိုင်းလိမ်လည်မှုစင်တာများတွင် အဓမ္မခိုင်းစေခြင်းခံရသော နိုင်ငံခြားသားများကို ကယ်ဆယ်ရန်နှင့် ၎င်းတို့၏နိုင်ငံသို့ ပြန်လည်ပို့ဆောင်ရန် နိုင်ငံတော်အတွင်း တရားမဝင်ဝင်ရောက်မှုကြောင့် ဖမ်းဆီးရမိသည့် နိုင်ငံခြားသားများအား ဥပဒေနှင့်အညီ အမြန်ဆုံးအရေးယူပြီး ပြည်နှင်လွှဲပြောင်းမှုကို သတ်မှတ်ချက်နှင့်အညီ ဆောင်ရွက်ခြင်း၊

(ဃ) အွန်လိုင်းလိမ်လည်မှုဆိုင်ရာ နည်းပညာများ၊ စွမ်းရည်မြှင့်တင်ရေးဆိုင်ရာကိစ္စရပ်များ ပူးပေါင်းဆောင်ရွက်ခြင်း။

၃၀။ ဗဟိုဌာနသည် အွန်လိုင်းလိမ်လည်မှု စုံစမ်းစစ်ဆေးခြင်း သို့မဟုတ် သက်သေခံချက်အထောက်အထားများ စုဆောင်းခြင်းတို့နှင့်စပ်လျဉ်း၍ နိုင်ငံတကာပူးပေါင်းဆောင်ရွက်ရေး သဘောတူညီချက်များကို အကောင်အထည်ဖော်ဆောင်ရွက်ရမည်။

**အခန်း(၁၁)**

**တားမြစ်ချက်များ**

၃၁။ မည်သူမျှ အွန်လိုင်းလိမ်လည်မှုကို ကျူးလွန်ရန်အလို့ငှာ ဆက်သွယ်ရေးကွန်ရက်မှတစ်ဆင့် မမှန်ကန်သော အချက်အလက်များကို သူတစ်ဦးထံ ဖြန့်ဝေခြင်း သို့မဟုတ် ပေးပို့ခြင်းမပြုရ။

၃၂။ မည်သူမျှ သူတစ်ဦး၏ ကိုယ်ရေးအချက်အလက်၊ ပုံရိပ်၊ ဓာတ်ပုံ သို့မဟုတ် အကောင့်များကိုရယူ၍ ထိုသူအဖြစ် အယောင်ဆောင်ကာ ငွေကြေး သို့မဟုတ် ပစ္စည်းကို တောင်းခံရယူခြင်းမပြုရ။

၃၃။ မည်သူမျှ ဘဏ်၊ ဆက်သွယ်ရေးအော်ပရေတာ သို့မဟုတ် ပြည်သူ့ဝန်ထမ်းအယောင်ဆောင်၍ သူတစ်ဦး၏ ဘဏ်ငွေစာရင်းအမှတ်၊ မိုဘိုင်းဝေါလက် သို့မဟုတ် တစ်ကြိမ်သုံးလျှို့ဝှက်နံပါတ်(One Time Password–OTP)ကို အီလက်ထရောနစ် ဆက်သွယ်ဆောင်ရွက်ရေး နည်းပညာအသုံးပြု၍ လိမ်လည်လှည့်ဖြားရယူခြင်း သို့မဟုတ် ခိုးယူခြင်းမပြုရ။

စာမျက်နှာ ၁၀ သို့ →

➜ စာမျက်နှာ ၉ မှအဆက်

၃၄။ မည်သူမျှ အွန်လိုင်းလိမ်လည်မှု ကျူးလွန်နိုင်ရန် အလို့ငှာ မှန်ကန်မှု မရှိသော အချက်အလက်ဖြင့် ဆင်းမ်ကတ်မှတ်ပုံတင်ခြင်း၊ အဆိုပါ ဆင်းမ်ကတ်ကိုအသုံးပြု၍ ဘဏ်ငွေစာရင်းအမှတ်ရရှိရေးဆောင်ရွက် ခြင်း သို့မဟုတ် ပိုင်ရှင်အမည်နှင့် အချက်အလက် မှန်ကန်မှုမရှိသော ဘဏ်ငွေစာရင်း အမှတ်များကို ရောင်းဝယ်ခြင်းမပြုရ။

၃၅။ မည်သူမဆို အွန်လိုင်းလိမ်လည်မှုကျူးလွန်ရာမှ ရရှိသော ငွေကြေး ဖြစ်ကြောင်း သိလျက်နှင့်သော်လည်းကောင်း၊ ယုံကြည်ရန်အကြောင်း ရှိလျက်နှင့်သော်လည်းကောင်း မိမိ၏ ဘဏ်ငွေစာရင်း အမှတ် မှတစ်ဆင့် လွှဲပြောင်းပေးခြင်း သို့မဟုတ် သိမ်းဆည်းပေးခြင်း သို့မဟုတ် ငွေကြေးခဝါချပေးခြင်းမပြုရ။

၃၆။ မည်သူမျှ အွန်လိုင်းလိမ်လည်မှုတွင် အသုံးပြုမည့် ဆော့ဝဲလ်၊ မောဝဲလ် သို့မဟုတ် လင့်များကို ဖန်တီးခြင်း၊ ဖြန့်ဝေခြင်း သို့မဟုတ် ရောင်းချခြင်း မပြုရ။

၃၇။ ဆက်သွယ်ရေးအော်ပရေတာများနှင့် အင်တာနက်ဝန်ဆောင်မှု ပေးသူ မည်သူမျှအွန်လိုင်းလိမ်လည်မှုဝက်ဘ်ဆိုဒ်ဖြစ်ကြောင်း သိလျက် နှင့်ဖြစ်စေ ယုံကြည်ရန် အကြောင်းရှိလျက်နှင့်ဖြစ်စေ ထိုဝက်ဘ်ဆိုဒ်ကို ဖယ်ရှားရန် ပျက်ကွက်ခြင်းမရှိစေရ။

၃၈။ ဘဏ်နှင့် ငွေရေးကြေးရေး အဖွဲ့အစည်းမှ တာဝန်ရှိသူမည်သူမျှ သံသယဖြစ်ဖွယ် ငွေကြေးလွှဲပြောင်းမှုကို စစ်ဆေးရန် ပျက်ကွက်ခြင်း သို့မဟုတ် ဗဟိုဌာနသို့ သတင်းပို့ရန် ပျက်ကွက်ခြင်းမရှိစေရ။

၃၉။ မည်သူမျှ မိမိအမည်ဖြင့် မှတ်ပုံတင်ထားသော ဆင်းကတ်ကို အွန်လိုင်းလိမ်လည်မှုကျူးလွန်ရန်အလို့ငှာ သူတစ်ဦးအား အသုံးပြုခွင့် ပေးခြင်း၊ ရောင်းချခြင်း သို့မဟုတ် ငှားရမ်းခြင်းမပြုရ။

၄၀။ (က) ဆက်သွယ်ရေးအော်ပရေတာ တာဝန်ရှိသူမည်သူမျှ-
- ( ၁ ) မှတ်ပုံတင်ထားခြင်းမရှိသော သို့မဟုတ် အချက်အလက် မပြည့်စုံသော ဆင်းကတ်များကို ဝန်ဆောင်မှုပေးခြင်း မပြုရ၊
- ( ၂ ) အွန်လိုင်းလိမ်လည်မှုတွင် အသုံးပြုနေသည်ဟု ယူဆ ရသော ဆင်းကတ်များ သို့မဟုတ် တစ်ရက်လျှင် ပုံမှန် မဟုတ်သော ဖုန်းခေါ်ဆိုမှုအကြိမ်ရေ အလွန်အမင်း များပြားသော ဆင်းကတ်များကို အသုံးပြုခွင့် မပြုရ၊
- ( ၃ ) အွန်လိုင်းလိမ်လည်မှုနှင့် စပ်လျဉ်း၍ တရားဝင်အချက် အလက် တောင်းခံခြင်း သို့မဟုတ် သံသယဖြစ်ဖွယ် ဆင်းကတ်များအား ပိတ်သိမ်းရန် ညွှန်ကြားမှုကို အကြောင်းပြချက်မရှိဘဲ ငြင်းဆန်ခြင်း သို့မဟုတ် ကြန့်ကြာအောင် ပြုလုပ်ခြင်းမပြုရ၊

( ခ ) ဆက်သွယ်ရေးအော်ပရေတာ၏ မည်သည့်ဝန်ထမ်းမျှ အွန်လိုင်းလိမ်လည်မှုကျူးလွန်နိုင်သည်ဟု သိလျက်နှင့်ဖြစ်စေ၊ ယုံကြည်ရန်အကြောင်းရှိလျက်နှင့်ဖြစ်စေ ဆင်းကတ်မှတ်ပုံတင် ထားသူ၏ အချက်အလက်များကို မရိုးမဖြောင့်သော သဘော ဖြင့် အခြားသူထံ လွှဲပြောင်းပေးအပ်ခြင်းမပြုရ။

၄၁။ မည်သူမျှအွန်လိုင်းလိမ်လည်မှုကျူးလွန်ကြောင်း သိလျက်နှင့်ဖြစ်စေ၊ ယုံကြည်ရန် အကြောင်းရှိလျက်နှင့်ဖြစ်စေ ငွေထုတ်ယူခွင့်ပြုခြင်း သို့မဟုတ် သက်သေခံပစ္စည်းများကို ဖျက်ဆီးခြင်း၊ ဖျောက်ဖျက်ခြင်း သို့မဟုတ် တစ်ဆင့် လွှဲပြောင်းပေးပို့ခြင်းမပြုရ။

၄၂။ မည်သူမျှ အခြားသူတစ်ဦးက အွန်လိုင်းလိမ်လည်မှုကျူးလွန်ရာတွင် အသုံးပြုမည်ကို သိလျက်နှင့်ဖြစ်စေ၊ ယုံကြည်ရန်အကြောင်းရှိလျက်နှင့် ဖြစ်စေ မိမိ၏ ဘဏ်ငွေစာရင်း သို့မဟုတ် မိုလ်ဘိုင်းဝေါလက်ကို ရောင်းချ ခြင်း သို့မဟုတ် ငှားရမ်းခြင်းမပြုရ။

၄၃။ အင်တာနက်ဝန်ဆောင်မှုပေးသူ၊ ဘဏ်၊ ငွေရေးကြေးရေးအဖွဲ့အစည်း သို့မဟုတ် ဆက်သွယ်ရေးအော်ပရေတာ၏ တာဝန်ရှိသူမည်သူမျှ ဝန်ဆောင်မှုရယူသူတစ်ဦးဦး၏ ကိုယ်ရေးအချက်အလက်များကို အွန်လိုင်း လိမ်လည်မှု ကျူးလွန်သူထံ ရောင်းချခြင်း သို့မဟုတ် လွှဲပြောင်းပေးပို့ခြင်း မပြုရ။

၄၄။ မည်သူမျှ အွန်လိုင်းလိမ်လည်မှုစင်တာ ဖွင့်လှစ်ခြင်း၊ မပြုလုပ်ရ။

၄၅။ မည်သူမျှ ဒီဂျစ်တယ်ငွေကြေးလိမ်လည်မှု(Crypto Scam)ကို ကျူးလွန် ခြင်းမပြုရ။

၄၆။ မည်သူမျှ အွန်လိုင်းလိမ်လည်မှုကျူးလွန်ရန်အလို့ငှာ လူစုဆောင်း ခြင်း သို့မဟုတ် ဦးစီးဆောင်ရွက်ခြင်းမပြုရ။

၄၇။ မည်သူမျှအွန်လိုင်းလိမ်လည်မှုကျူးလွန်ရန်အလို့ငှာ သူတစ်ဦးကို အကြမ်းဖက်ခြင်း၊ ညှင်းပန်းနှိပ်စက်ခြင်း၊ မတရားဖမ်းဆီးချုပ်နှောင်ခြင်း၊ ရက်စက်ကြမ်းကြုတ်စွာပြုမူဆက်ဆံခြင်းမပြုရ။

၄၈။ မည်သူမျှ-
- (က) အွန်လိုင်းလိမ်လည်မှု ကျူးလွန်ရန်အလို့ငှာ သူတစ်ဦးအား မတရားသွေးဆောင် စည်းရုံးခေါ်ဆောင်ခြင်း၊ လုပ်အား ခေါင်းပုံဖြတ်ခြင်းနှင့် ထိုသူ၏ ဆန္ဒမပါဘဲ အတင်းအဓမ္မခိုင်း စေခြင်းမပြုရ။
- ( ခ ) လူကုန်ကူးမှု ပါဝင်ပတ်သက်မှုရှိသော အွန်လိုင်းလိမ်လည်မှု ကျူးလွန်ခြင်းမပြုရ။

၄၉။ မည်သူမျှသူတစ်ဦးအား ထိခိုက်နစ်နာစေရန် မဟုတ်မမှန် သတင်း ပေးတိုင်ကြား၍ အခြားသူ၏ ဘဏ်ငွေစာရင်းအမှတ်အား ဆိုင်းငံ့စေ ခြင်းမပြုရ။

၅၀။ မည်သူမျှ ဤဥပဒေပါ ပြစ်မှုတစ်ရပ်ရပ်ကို ကျူးလွန်ရန် အားထုတ် ခြင်း၊ အားပေးကူညီခြင်း သို့မဟုတ် ပူးပေါင်းကြံစည်ခြင်းမပြုရ။

## အခန်း(၁၂)
## ပြစ်ဒဏ်များ

၅၁။ မည်သူမဆို ပုဒ်မ ၃၁၊ ပုဒ်မ ၃၄၊ ပုဒ်မ ၃၅ သို့မဟုတ် ပုဒ်မ ၄၉ ပါ တားမြစ်ချက်တစ်ရပ်ရပ်ကို ဖောက်ဖျက်ကျူးလွန်ကြောင်း ပြစ်မှု ထင်ရှားစီရင်ခြင်းခံရလျှင် ထိုသူကို အနည်းဆုံးတစ်နှစ်မှ အများဆုံး သုံးနှစ်ထိ ထောင်ဒဏ်ချမှတ်ရမည့်ပြင် အနည်းဆုံး ကျပ်သိန်းတစ်ရာမှ အများဆုံး ကျပ်သိန်းငါးရာထိ ငွေဒဏ်လည်းချမှတ်နိုင်သည်။

၅၂။ မည်သူမဆို ပုဒ်မ ၃၂၊ ပုဒ်မ ၃၃၊ ပုဒ်မ ၃၆၊ ပုဒ်မ ၃၇၊ ပုဒ်မ ၃၈၊ ပုဒ်မ ၃၉၊ ပုဒ်မ ၄၀၊ ပုဒ်မ ၄၁၊ ပုဒ်မ ၄၂ သို့မဟုတ် ပုဒ်မ ၄၃ ပါ တားမြစ်ချက် တစ်ရပ်ရပ်ကို ဖောက်ဖျက်ကျူးလွန်ကြောင်း ပြစ်မှုထင်ရှားစီရင်ခြင်း ခံရလျှင် ထိုသူကို အနည်းဆုံး သုံးနှစ်မှအများဆုံး ခုနစ်နှစ်ထိ ထောင်ဒဏ် ချမှတ်ရမည့်ပြင် အနည်းဆုံးကျပ်သိန်းငါးရာမှ အများဆုံးကျပ်သိန်း တစ်ထောင်ထိ ငွေဒဏ်လည်းချမှတ်နိုင်သည်။

၅၃။ မည်သူမဆို ပုဒ်မ ၄၄၊ ပုဒ်မ ၄၅၊ ပုဒ်မ ၄၆ သို့မဟုတ် ပုဒ်မ ၄၈ ပါ တားမြစ်ချက် တစ်ရပ်ရပ်ကို ဖောက်ဖျက်ကျူးလွန်ကြောင်း ပြစ်မှု ထင်ရှားစီရင်ခြင်းခံရလျှင် ထိုသူကို အနည်းဆုံး ထောင်ဒဏ်တစ်ဆယ် နှစ်မှ အများဆုံး ထောင်ဒဏ် တစ်သက်ထိ ချမှတ်ရမည့်ပြင် ငွေဒဏ် လည်းချမှတ်နိုင်သည်။

၅၄။ မည်သူမဆို ပုဒ်မ ၄၇ ပါ တားမြစ်ချက်ကို ဖောက်ဖျက်ကျူးလွန် ကြောင်း ပြစ်မှုထင်ရှားစီရင်ခြင်းခံရလျှင် ထိုသူကို အနည်းဆုံး ထောင်ဒဏ်တစ်ဆယ်နှစ်မှ အများဆုံးထောင်ဒဏ်တစ်သက်ထိ ဖြစ်စေ၊ သေဒဏ်ဖြစ်စေ ချမှတ်ရမည့်ပြင် ငွေဒဏ်လည်းချမှတ်နိုင်သည်။ အကယ်၍ အဆိုပါပြစ်မှုကျူးလွန်ရာတွင် တစ်ဦးတစ်ယောက်ကို သေဆုံးစေခဲ့သော် သေဒဏ်ချမှတ်ရမည်။

၅၅။ မည်သူမဆို ပုဒ်မ ၅၀ ပါ တားမြစ်ချက်တစ်ရပ်ရပ်ကို ဖောက်ဖျက် ကျူးလွန်ကြောင်း ပြစ်မှုထင်ရှားစီရင်ခြင်းခံရလျှင် ထိုသူကို သက်ဆိုင်ရာ ပြစ်မှုအတွက် ပြဋ္ဌာန်းထားသောပြစ်ဒဏ်ချမှတ်ရမည်။

၅၆။ တရားရုံးသည် ဤဥပဒေပါပြစ်မှုတစ်ရပ်ရပ်ဖြင့် ပြစ်မှုထင်ရှားစီရင် သည့်အခါ အောက်ပါအမိန့်တစ်ရပ်ရပ်ချမှတ်ရမည်-
- (က) ပြစ်မှုကျူးလွန်ရာတွင် အသုံးပြုသည့်သက်သေခံပစ္စည်းများ ကို ဖျက်ဆီးခြင်း၊
- ( ခ ) ပြစ်မှုနှင့်သက်ဆိုင်သည့် ပစ္စည်းတစ်ရပ်ရပ်ကို ပြည်သူ့ဘဏ္ဍာ အဖြစ် သိမ်းဆည်းခြင်း၊ ဖျက်ဆီးခြင်း၊ ရပိုင်ခွင့်ရှိသူထံ ပြန်လည်ပေးအပ်ခြင်း သို့မဟုတ် အခြားနည်းဖြင့် စီမံခန့်ခွဲ ခြင်း၊
- ( ဂ ) ပြစ်မှုကျူးလွန်ရာမှရရှိသော ငွေကြေး သို့မဟုတ် ပစ္စည်းကို ပြည်သူ့ဘဏ္ဍာအဖြစ် သိမ်းဆည်းခြင်း၊ ရထိုက်ခွင့်ရှိသူထံ ပြန်လည်ပေးအပ်ခြင်း သို့မဟုတ် သတ်မှတ်ချက်နှင့်အညီ စီမံခန့်ခွဲခြင်း။

## အခန်း(၁၃)
## အထွေထွေ

၅၇။ ဤဥပဒေစတင်အာဏာတည်သည့်နေ့ရက်မှစ၍ ဗဟိုဘဏ်၊ ပုဂ္ဂလိက ဘဏ်၊ ဆက်သွယ်ရေးအော်ပရေတာနှင့် အင်တာနက်ဝန်ဆောင်မှု ပေးသူတို့သည်-
- (က) ၎င်းတို့၏ စနစ်များကို ဗဟိုဌာန၏ ကွန်ရက်နှင့် ဒီဂျစ်တယ် စနစ်များအချက်အလက်ဖလှယ်မှုနည်းပညာ (Application Programming Interface–API) များမှတစ်ဆင့် ချိတ်ဆက် ရမည်။
- ( ခ ) အလိုအလျောက်စနစ် (Automatic Systems) များ တပ်ဆင် ခြင်း၊ လိုအပ်သောအခြေခံအဆောက်အအုံတည်ဆောက် ခြင်းနှင့်ထိန်းသိမ်းခြင်းဆိုင်ရာ ကုန်ကျစရိတ်များကို တာဝန် ယူဆောင်ရွက်ရမည်။

၅၈။ သံသယဖြစ်ဖွယ် ငွေကြေးလွှဲပြောင်းမှုများ၊ ဆင်းကတ်အသုံးပြုမှု များနှင့် (Internet Protocol Address) များကို ဗဟိုဌာနက အချိန် နှင့်တစ်ပြေးညီ (Real-time) စောင့်ကြည့်စစ်ဆေးနိုင်သည့်စနစ်ဖြစ် စေရန်ဆောင်ရွက်ရမည်။

၅၉။ ဗဟိုဒေတာစနစ် တည်ဆောက်ခြင်း(Centralized Database) နှင့်စပ်လျဉ်း၍-
- (က) တစ်နိုင်ငံလုံးတွင် ဖြစ်ပွားနေသောကွန်ပျူတာနှင့် အင်တာနက်အသုံးပြု၍ ကျူးလွန်သောပြစ်မှု(Cyber Crime)ဖြစ်စဉ်များကို ချက်ချင်းသိရှိနိုင်မည့် ပေါင်းစပ်ညှိနှိုင်း ထားသော သတင်းအချက်အလက်ပြမျက်နှာပြင်(Unified Dashboard)တစ်ခုတည်ဆောက်နိုင်ရေး ဆောင်ရွက်ရမည်၊
- ( ခ ) အွန်လိုင်းလိမ်လည်သူများ၏ ဖုန်းနံပါတ်၊ အိုင်ပီလိပ်စာ (Internet Protocol Address)၊ ဘဏ်ငွေစာရင်းအမှတ်နှင့် အစိုးရဌာန သို့မဟုတ် အစိုးရအဖွဲ့အစည်းတစ်ခုခုမှထုတ် ပေးသည့် စာရွက်စာတမ်းအထောက်အထား (Identity Document–ID) နိုင်ငံတကာ မိုလ်ဘိုင်းကိရိယာအမှတ်အသား (International Mobile Equipment Identity–IMEI)များကို စနစ်တကျစုစည်းထားပြီး အင်တာနက်ဝန်ဆောင်မှုပေးသူ နှင့်ဘဏ်များသို့ အချိန်နှင့်တစ်ပြေးညီ ပေးပို့နိုင်သည့် စနစ် (Realtime Feed) တည်ဆောက်နိုင်ရေးဆောင်ရွက်ရမည်။

၆၀။ ဤဥပဒေပါ ပြစ်မှုတစ်ရပ်ရပ်နှင့်စပ်လျဉ်း၍ ဘဏ်ငွေစာရင်းအမှတ် ကို ယာယီဆိုင်းငံ့ခြင်းဆောင်ရွက်သော ဘဏ်နှင့် ငွေရေးကြေးရေး အဖွဲ့အစည်းမှ တာဝန်ရှိသူများကို ရာဇဝတ်ကြောင်းအရဖြစ်စေ၊ တရားမကြောင်းအရဖြစ်စေ မည်သည့်တရားရုံးတွင်မျှ တရားစွဲဆိုခြင်း မပြုရ။

၆၁။ ဤဥပဒေပါပြစ်မှုတစ်ရပ်ရပ်အရ တရားစွဲဆိုရာတွင် ဗဟိုကော်မတီ သို့မဟုတ် ယင်းကတာဝန်လွှဲအပ်ပေးထားသော ဒေသဆိုင်ရာကော်မတီ ၏ ကြိုတင်ခွင့်ပြုချက်ရယူရမည်။

၆၂။ တည်ဆဲဥပဒေတစ်ရပ်ရပ်တွင် မည်သို့ပင်ပါရှိစေကာမူ ဤဥပဒေနှင့် သက်ဆိုင်သည့် ပြစ်မှုတစ်ရပ်ရပ်ကို ကျူးလွန်လျှင် ဤဥပဒေဖြင့်သာ အရေးယူရမည်။

၆၃။ ဤဥပဒေပါ ပြဋ္ဌာန်းချက်များကို အကောင်အထည်ဖော်ဆောင် ရွက်ရာတွင်-
- (က) ဝန်ကြီးဌာနသည် လိုအပ်သော နည်းဥပဒေ၊ စည်းမျဉ်းနှင့် စည်းကမ်းများကို ပြည်ထောင်စုအစိုးရအဖွဲ့၏သဘောတူညီ ချက်ဖြင့် ထုတ်ပြန်နိုင်သည်။
- ( ခ ) ဗဟိုကော်မတီနှင့်ဝန်ကြီးဌာနတို့သည် လိုအပ်သောအမိန့် ကြော်ငြာစာ၊ အမိန့်၊ ညွှန်ကြားချက်နှင့်လုပ်ထုံးလုပ်နည်းများ ကို ထုတ်ပြန်နိုင်သည်။

---

# ညောင်ဦးမြို့နယ်၌ ဆီထွက်သီးနှံမြေပဲနှင့်နှမ်းများ စတင်စိုက်ပျိုး

ညောင်ဦး မေ ၁၃

မန္တလေးတိုင်းဒေသကြီး ညောင်ဦး မြို့နယ်၌ ယခုရက်ပိုင်းတွင် မိုးစတင် ရွာသွန်းမှုကြောင့် ကျေးလက်တောင်သူ များသည် ဆီထွက်သီးနှံမြေပဲနှင့်နှမ်းများ စတင်စိုက်ပျိုးကြကြောင်း သိရသည်။

ညောင်ဦးမြို့နယ်၌ ထွန်ယက်စိုက်ပျိုး နိုင်သည်အထိ မိုးရွာသွန်းခဲ့မှုကြောင့် နွေကာလ၌ ယာမြေများတွင် ကြိုတင် ထွန်ယက်ထားသည့် တောင်သူများသည် ဆီထွက်သီးနှံမြေပဲနှင့်နှမ်းများကို ထွန်စက်၊ ထွန်ခြစ်တို့ဖြင့် စတင်စိုက်ပျိုးကြ သည်။ ထို့ပြင် ကျေးလက်တောင်သူများ သည် မြေပဲနှင့်နှမ်းမျိုးများ စိုက်ပျိုးရာတွင် မျိုးကောင်းမျိုးသန့်များကိုသာ ရွေးချယ် စိုက်ပျိုးကြသည်။

ညောင်ဦးမြို့နယ်၌ ကျေးလက်တောင်သူ အများစုသည် မိုးရာသီတွင် ဆီထွက်သီးနှံ များ အဓိကထားစိုက်ပျိုးကြကြောင်း၊ မြေပဲ ကို ပင်ထောင်မြေပဲ(သုံးလ)ပဲနှင့် ပင်ပြန့် မြေပဲ(ခြောက်လ)ပဲ နှစ်ကြိမ်စိုက်ပျိုးကြပြီး ဆီထွက်နှမ်းကို မိုးနှမ်းနှင့်ဆောင်းနှမ်း နှစ်ကြိမ် ကြဲပက်စိုက်ပျိုးကြကြောင်း၊ သီးထပ်၊ သီးညှပ်အဖြစ် ပဲစင်းငုံနှင့်ဖရဲများ စိုက်ပျိုးကြကြောင်းသိရသည်။

**ဒီပါလင်း**

# ဥပဒေရေးရာဝန်ကြီးဌာန ရက်(၁၀၀)စီမံကိန်းပါ စံနမူနာ ရှေ့ပြေးဥပဒေရုံး(Pilot Law Office)များ သတ်မှတ်ဆောင်ရွက်



နေပြည်တော် မေ ၁၃

ဥပဒေရေးရာဝန်ကြီးဌာနလက်အောက်ရှိ မြို့နယ်ဥပဒေရုံး ၁၀ ရုံးအား အစိုးရသစ်ရက် (၁၀၀) အတွင်း ရှေ့ပြေးဥပဒေရုံးများအဖြစ် သတ်မှတ်တိုးချဲ့ဖွဲ့စည်းရန် လျာထားခဲ့ပြီး ယနေ့တွင် နေပြည်တော်ကောင်စီနယ်မြေအတွင်းရှိ ဇမ္ဗူသီရိမြို့နယ်ဥပဒေရုံး၊ ဥတ္တရသီရိမြို့နယ်၊ ဒက္ခိဏသီရိမြို့နယ်နှင့် ပုဗ္ဗသီရိမြို့နယ်ဥပဒေရုံးတို့ကို ရှေ့ပြေးဥပဒေရုံး(Pilot Law Office)များအဖြစ် သတ်မှတ်ဖော်ဆောင်ကြောင်းသိရသည်။

ဦးစွာ ပြည်ထောင်စုဝန်ကြီးနှင့် ပြည်ထောင်စုရှေ့နေချုပ် ဒေါက်တာသီတာဦးက ရှေ့ပြေးဥပဒေရုံး (Pilot Law Office) ဖွင့်လှစ်ခြင်းဖြင့် ရုံးလုပ်ငန်းများဆောင်ရွက်သောအခါ မှတ်ပုံတင်ရေးသွင်းခြင်း၊ မှတ်တမ်းတင်ခြင်း၊ အစီရင်ခံစာပေးပို့ခြင်း စသည်တို့ကို Manual စနစ်မှ Digitization စနစ်သို့ ကူးပြောင်းနိုင်ရန်၊ အမှုလိုက် ဥပဒေအရာရှိနှင့် တာဝန်ခံဥပဒေအရာရှိများအကြား နည်းပညာအသုံးပြုကာ မြန်မြန်ဆန်ဆန်ဆောင်ရွက်နိုင်ရန် ရှေ့ပြေးဥပဒေရုံးများတွင် တရားခွင်အကြိုတွေ့ဆုံမေးမြန်းခြင်း(Pre-Trial Interview- PTI) များကိုဆောင်ရွက်နိုင်ရန် စံနမူနာပြုစမ်းသပ်ခြင်းဖြစ်ကြောင်း ပြောကြားပြီး ရှေ့ပြေးဥပဒေရုံး (Pilot Law Office)သတ်မှတ်သည့် မြို့နယ်ဥပဒေရုံးတို့သို့ လှည့်လည်ကြည့်ရှုစစ်ဆေးသည်။

ယခင် စံနမူနာရှေ့ပြေးဥပဒေရုံးများအဖြစ် ခရိုင်ဥပဒေရုံး ၂ ရုံး၊ မြို့နယ်ဥပဒေရုံး ခုနစ်ရုံးတို့ သတ်မှတ်ဆောင်ရွက်ခဲ့ပြီး ယနေ့တွင် နေပြည်တော်ရှိ မြို့နယ်ဥပဒေရုံးလေးရုံးကို စံနမူနာရှေ့ပြေးဥပဒေရုံးများအဖြစ်သတ်မှတ်ဖော်ဆောင်ခြင်းဖြစ်ကြောင်း သိရသည်။

မြဝတီ

## မြန်မာနိုင်ငံပြန်တမ်း

### အမြဲတမ်းအတွင်းဝန် / ညွှန်ကြားရေးမှူးချုပ်အဖြစ်တာဝန်ပေးအပ်ခြင်း

ပြည်ထောင်စုအစိုးရအဖွဲ့သည် နိုင်ငံတော်သမ္မတရုံးမှ ညွှန်ကြားရေးမှူးချုပ် ဦးမြတ်ထွန်းအား အမြဲတမ်းအတွင်းဝန်/ညွှန်ကြားရေးမှူးချုပ်တာဝန်များကို ထမ်းဆောင်ရန်တာဝန်ပေးအပ်လိုက်သည်။

# ၂၀၂၄ ခုနှစ် လူဦးရေနှင့် အိမ်အကြောင်းအရာသန်းခေါင်စာရင်း၏ ပဲခူးတိုင်းဒေသကြီး အစီရင်ခံစာထုတ်ပြန်



နေပြည်တော် မေ ၁၃

၂၀၂၄ ခုနှစ် လူဦးရေနှင့်အိမ်အကြောင်းအရာသန်းခေါင်စာရင်း၏ ပဲခူးတိုင်းဒေသကြီး အစီရင်ခံစာထုတ်ပြန်ခြင်းအခမ်းအနားကို ယနေ့နံနက် ၁၀ နာရီတွင် ပဲခူးတိုင်းဒေသကြီး ပဲခူးမြို့ မြို့တော်ခန်းမ၌ ကျင်းပသည်။

အခမ်းအနားတွင် လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးမြင့်ကြိုင်က ပဲခူးတိုင်းဒေသကြီး အစီရင်ခံစာထုတ်ပြန်ခြင်းဖြင့် ဒေသအလိုက် လူဦးရေပြောင်းလဲမှုများ၊ ဖွံ့ဖြိုးတိုးတက်မှုနှင့် လူမှုစီးပွားရေးကွာဟချက်များကိုဖော်ထုတ်နိုင်ပြီး စီမံကိန်းလုပ်ငန်းများနှင့် ဒေသဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းစဉ်များတွင် အထောက်အကူပြုသည့်အစီအမံများ၊ ဆုံးဖြတ်ချက်များချမှတ်ရာတွင် ထိရောက်စွာအသုံးပြုနိုင်မည်ဖြစ်ပါကြောင်း ပြောကြားသည်။

ထို့နောက် တိုင်းဒေသကြီးဝန်ကြီးချုပ် ဦးမျိုးဆွေဝင်းက အစီရင်ခံစာပါ အချက်အလက်များကိုအခြေခံကာ ဒေသဖွံ့ဖြိုးတိုးတက်ရေးအတွက် စီမံဆောင်ရွက်မည့် လုပ်ငန်း အခြေအနေကိုလည်းကောင်း၊ ဒုတိယဝန်ကြီး ဒေါက်တာခိုင်ခိုင်ထိုးက အချက်အလက်များအပေါ် အခြေခံကာ မူဝါဒများ၊ စီမံကိန်းများ ရေးဆွဲချမှတ်နိုင်ရေးနှင့် စပ်လျဉ်း၍လည်းကောင်း ရှင်းလင်းပြောကြားသည်။

ယင်းနောက် ပြည်ထောင်စုဝန်ကြီးက သန်းခေါင်စာရင်းဆိုင်ရာ တိုင်းဒေသကြီး အစီရင်ခံစာများကို တိုင်းဒေသကြီးဝန်ကြီးချုပ်ထံ လွှဲပြောင်းပေးအပ်သည်။

ဆက်လက်၍ ပြည်ထောင်စုဝန်ကြီးနှင့်အဖွဲ့သည် ပဲခူးမြို့ အားကစားခန်းမ၌ ပဲခူးမြို့နယ် ဦးစီးမှူးရုံးမှ ဝန်ထမ်းများက ဒေသခံပြည်သူများအား လမင်းစီမံချက်ဖြင့် နိုင်ငံသားစိစစ်ရေးကတ်ပြားနှင့် e-ID စနစ်ဖြင့် UID ထုတ်ယူဆောင်ရွက်နေမှုကို ကြည့်ရှုအားပေးပြီး ကာယကံရှင်တစ်ဦးချင်းထံပေးအပ်ကာ မြို့နယ်ရုံးဝန်ထမ်းများအတွက် ထောက်ပံ့ငွေနှင့် စားသောက်ဖွယ်ရာများပေးအပ်ကြောင်း သိရသည်။

မြဝတီ

# ဧရာဝတီတိုင်းဒေသကြီး ကျောင်းကုန်းမြို့နယ်အတွင်း Football For School Program ဆိုင်ရာလုပ်ငန်းများ အကောင်အထည်ဖော်ဆောင်ရွက်



နေပြည်တော် မေ ၁၃

ပြည်ထောင်စုဝန်ကြီး ဦးရဲမြင့်ထွန်းသည် ယနေ့ နံနက်ပိုင်းတွင် ဧရာဝတီတိုင်းဒေသကြီး ကျောင်းကုန်းမြို့နယ်အတွင်း Football For School Program ဆိုင်ရာ လုပ်ငန်းများ အကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိသည့်အခြေအနေနှင့် မြို့မဘောလုံးကွင်း၌ အားကစားသမားများကို သင်ကြားလေ့ကျင့်နေမှုကို ကြည့်ရှုစစ်ဆေးသည်။

ကြည့်ရှုစစ်ဆေးစဉ် အခြေခံပညာကျောင်းများ၌ အားကစားနည်းအလိုက် အခြေခံသင်တန်းများ ဖွင့်လှစ်သင်ကြားပေးနိုင်ရေး မှာကြားသည်။

ထို့နောက် ကျောင်းကုန်းမြို့နယ် အားကစားကွင်းနှင့် အလျားပေ ၁၂၀၊ အနံပေ ၉၀ မိုးလုံလေလုံအားကစားရုံ တည်ဆောက်မည့်မြေနေရာကို ကြည့်ရှုစစ်ဆေးပြီး အားကစားကွင်း/ အားကစားရုံများ၌ ပြည်သူများ ကိုယ်လက်လှုပ်ရှားမှုများနှင့် အားကစားလေ့ကျင့်ခြင်းများ လာရောက်ပြုလုပ်နိုင်ရေးအတွက် လိုအပ်သည်များကို စီစဉ်ဆောင်ရွက်ပေးသွားရန် မှာကြားခဲ့ကြောင်း သိရသည်။ မြဝတီ

# နေပြည်တော်စည်ပင်ဧည့်ရိပ်သာ အိပ်ဆောင်များနှင့်အဆောက်အအုံများ ပြင်ဆင်ထားရှိမှုတို့ကို နေပြည်တော်ကောင်စီဥက္ကဋ္ဌ ကြည့်ရှုစစ်ဆေး

နေပြည်တော် မေ ၁၃

နေပြည်တော်ကောင်စီဥက္ကဋ္ဌ ဦးကံမြင့်သန်းသည် ယနေ့မွန်းလွဲပိုင်းတွင် နေပြည်တော် စည်ပင်ဧည့်ရိပ်သာ၌ တတိယအကြိမ်လွှတ်တော် ဒုတိယပုံမှန်အစည်းအဝေးသို့ တက်ရောက်ကြမည့် လွှတ်တော်ကိုယ်စားလှယ်များ နေထိုင်ရန်အတွက် နေရာချထားမည့်အိပ်ဆောင်များနှင့်အဆောက်အအုံများ ပြင်ဆင်ဆောင်ရွက်ထားရှိမှုအခြေအနေများနှင့် ပြင်ပဧည့်သည်များထားရှိသည့်အဆောင်များကို သွားရောက်ကြည့်ရှုစစ်ဆေးသည်။

ကြည့်ရှုစစ်ဆေးစဉ်ဧည့်ရိပ်သာအတွင်းရှိ အခန်းများကို လွှတ်တော်ကိုယ်စားလှယ်များအဆင်ပြေစွာနေထိုင်နိုင်ရေးနှင့် လိုအပ်မည့်အသုံးအဆောင်ပစ္စည်းများ အဆင်သင့်ဖြစ်စေရေး ကြိုတင်စီစဉ်ဆောင်ရွက်ထားရှိရန်၊ လွှတ်တော်ကိုယ်စားလှယ်များ အနားယူအပန်းဖြေသည့်အခန်းတွင် နေ့စဉ်ထုတ်သတင်းစာများ ထားရှိပေးရန်နှင့် ကိုယ်စားလှယ်များအား အထူးဂရုစိုက်ဝန်ဆောင်မှုပေးရန်၊ ပြင်ပဧည့်သည်များထားရှိသည့် ဧည့်ရိပ်သာပတ်ဝန်းကျင်သန့်ရှင်းသာယာလှပရေး၊ မီးဘေးအန္တရာယ်မဖြစ်ပေါ်စေရေးအတွက် မီးဘေးလုံခြုံရေးစီမံချက် ရေးဆွဲထားရှိရန်၊ လုံခြုံရေးကိုလစ်ဟာမှုမရှိစေဘဲ အထူးဂရုစိုက်ဆောင်ရွက်ထားရှိရန်တို့ကို တာဝန်ရှိသူများအား မှာကြားကြောင်း သိရသည်။



မြဝတီ

**○ ရှေ့ဖုံးမှအဆက်**

လက်ရိုက်အလံအချက်ပြသင်ခန်းစာ၊ လှေလှော်ရွက်တိုက်ဘာသာရပ်၌ပါဝင်သည့် လှေနှင့်လှော်တက်အမျိုးအစားများသင်ခန်းစာ၊ လှော်ခတ်ပုံနည်းစနစ်သင်ခန်းစာ၊ ရွက်လှေအမျိုးအစားနှင့် ရွက်လွှင့်ပုံသင်ခန်းစာများကို နေပြည်တော်ကောင်စီနယ်မြေရှိ နေပြည်တော်ရေကြောင်းလူငယ်စခန်းမှ သင်တန်းသား၊ သင်တန်းသူ ၉၅ ဦး၊ ရန်ကုန်တိုင်းဒေသကြီး၊ ရန်ကုန်မြို့ရှိ အင်းယားရေကြောင်းလူငယ်စခန်းမှ သင်တန်းသား၊ သင်တန်းသူ ၁၀၀ ဦး၊ ဘားအံမြို့ရှိရေကြောင်းလူငယ်စခန်းမှ သင်တန်းသား၊ သင်တန်းသူ ၁၂၀ ဦး၊ ရှမ်းပြည်နယ်၊ ကျိုင်းတုံမြို့ရှိရေကြောင်းလူငယ်စခန်းမှ သင်တန်းသား၊ သင်တန်းသူ ၆၀ ဦး၊ ဧရာဝတီတိုင်းဒေသကြီး၊ ဟိုင်းကြီးကျွန်းမြို့ရှိ ရေကြောင်းလူငယ်စခန်းမှ သင်တန်းသား၊ သင်တန်းသူ ၅၀ ဦး၊ ဟိန်းဇဲဒေသရှိ ရေကြောင်းလူငယ်စခန်းမှ သင်တန်းသား၊ သင်တန်းသူ ၄၀ ဦး၊ ကျွန်းစုမြို့ရှိရေကြောင်းလူငယ်စခန်းမှ သင်တန်းသား၊ သင်တန်းသူ ၅၀ ဦးနှင့် မန္တလေးတိုင်းဒေသကြီး၊ မန္တလေးမြို့ရှိ ရေကြောင်းလူငယ်စခန်းမှ သင်တန်းသား၊ သင်တန်းသူ ၇၅ ဦးတို့ကို သက်ဆိုင်ရာနယ်မြေအသီးသီးမှ တာဝန်ရှိသူနည်းပြများက လေ့ကျင့်သင်ကြားပေးလျက်ရှိပြီး ကျန်သင်တန်းစခန်းအသီးသီးတွင်လည်း ဆက်လက်လေ့ကျင့်သင်ကြားပေးလျက်ရှိသည်။


အလားတူ အခြေခံလေကြောင်းလူငယ်သင်တန်းအမှတ်စဉ်(၁၀)နှင့် တန်းမြင့်လေကြောင်းလူငယ်သင်တန်းအမှတ်စဉ်(၉) သင်တန်းများကို ကာကွယ်ရေးဦးစီးချုပ်ရုံး(လေ)၏ ကြီးကြပ်ကွပ်ကဲမှုဖြင့် သင်တန်းစခန်း ၂၀ ခုတွင် စုစုပေါင်းသင်တန်းသား ၁၀၄၄ ဦးဖြင့် ၂၀၂၆ ခုနှစ်၊ ဧပြီလ ၂၇ ရက်နေ့မှစတင်၍ ဖွင့်လှစ်လျက်ရှိရာ မိတ္ထီလာမြို့ရှိမြန်မာပြည်မြောက်ပိုင်းသင်တန်းစခန်းမှ တန်းမြင့်လေကြောင်းလူငယ်သင်တန်းသား ၅၃ ဦး၊ မှော်ဘီမြို့ရှိမြန်မာပြည်တောင်ပိုင်းသင်တန်းစခန်းမှ တန်းမြင့်လေကြောင်းလူငယ်သင်တန်းသား ၆၃ ဦး၊ ရန်ကုန်မြို့ရှိ ရန်ကုန်သင်တန်းစခန်းမှအခြေခံလေကြောင်းလူငယ်သင်တန်းသား ၅၀ ဦး၊ လွိုင်ကော်မြို့ရှိ လွိုင်ကော်သင်တန်းစခန်းမှ အခြေခံလေကြောင်းလူငယ်သင်တန်းသား ၅၅ ဦး၊ ဟုမ္မလင်းမြို့ရှိ ဟုမ္မလင်းသင်တန်းစခန်းမှ အခြေခံလေကြောင်းလူငယ်သင်တန်းသား ၅၀ ဦးနှင့် နေပြည်တော်ကောင်စီနယ်မြေရှိ နေပြည်တော်သင်တန်းစခန်းမှ အခြေခံလေကြောင်းလူငယ်သင်တန်းသား ၆၅ ဦးတို့အား အခြေခံစစ်ရေးပြဘာသာရပ်၊ လေကြောင်းလူငယ် သမိုင်းဘာသာရပ်၊ လေကြောင်းပညာသမိုင်းဘာသာရပ်၊ လေယာဉ်ပျံသန်းမှုအခြေခံသဘောတရားဘာသာရပ်၊ လေကြောင်းဆိုင်ရာ အခြေခံဗဟုသုတများဘာသာရပ်၊ Airfield Procedure ဘာသာရပ်၊ လွတ်လပ်ရေးကြိုးပမ်းမှုသမိုင်းနှင့် ဇာတိသွေး၊ ဇာတိမာန်ဘာသာရပ်၊ RC လေယာဉ်/ ရဟတ်ယာဉ်မောင်းနှင်ခြင်းဘာသာရပ်၊ RC Simulator နှင့် Flight Simulator မောင်းနှင်ခြင်းဘာသာရပ်များကို တာဝန်ရှိသူနည်းပြများက လေ့ကျင့်သင်ကြားပေးလျက်ရှိပြီး ကျန်သင်တန်းစခန်းအသီးသီးတွင်လည်း ဆက်လက်လေ့ကျင့်သင်ကြားပို့ချပေးလျက်ရှိသည်။

ထို့ပြင် တပ်မတော်(လေ)၏ နေ့စဉ်ဆောင်ရွက်လျက်ရှိသောလုပ်ငန်းဆောင်တာများကို သိရှိနားလည်စေရန်အတွက် လေတပ်စခန်းဌာနချုပ်များနှင့် လေတပ်စခန်းများရှိ ပျံသန်းရေးအုပ်များ၊ ပြုပြင်ထိန်းသိမ်းရေးအလုပ်ရုံများနှင့်လေကြောင်းထိန်းမျှော်စင်များသို့ သွားရောက်၍ လက်တွေ့ကွင်းဆင်းလေ့လာခြင်းများလည်း ဆောင်ရွက်ခဲ့ကြကြောင်း သတင်းရရှိသည်။

(၁၀၀)



ရေကြောင်းလူငယ်အခြေခံသင်တန်းနှင့် တန်းမြင့်သင်တန်းများမှ သင်တန်းသား၊ သင်တန်းသူများ လက်ရိုက်အလံအချက်ပြသင်ခန်းစာအား သင်ကြားလေ့လာစဉ်။





ရေကြောင်းလူငယ်အခြေခံသင်တန်းနှင့် တန်းမြင့်သင်တန်းများမှ သင်တန်းသား၊ သင်တန်းသူများ လှေလှော်ရွက်တိုက်လေ့ကျင့်သင်ကြားစဉ်။



လေကြောင်းလူငယ်အခြေခံသင်တန်းနှင့် တန်းမြင့်သင်တန်းများမှ သင်တန်းသား၊ သင်တန်းသူများ ပျံသန်းရေးအုပ်များတွင် လက်တွေ့လေ့ကျင့်ခြင်းများ စုပေါင်းဆောင်ရွက်စဉ်။




လေကြောင်းလူငယ်အခြေခံသင်တန်းနှင့် တန်းမြင့်သင်တန်းများမှ သင်တန်းသား၊ သင်တန်းသူများ လေကြောင်းထိန်းမျှော်စင်များတွင် လက်တွေ့ကွင်းဆင်းလေ့လာစဉ်။



လေကြောင်းလူငယ်အခြေခံသင်တန်းနှင့် တန်းမြင့်သင်တန်းများမှ သင်တန်းသား၊ သင်တန်းသူများ RC လေယာဉ်မောင်းနှင်ခြင်းလက်တွေ့လေ့ကျင့်စဉ်။

# ပုဂံဌာနခွဲတာဝန်ရှိသူများနှင့်အိန္ဒိယနိုင်ငံ(ASI)အဖွဲ့ ရှေးဟောင်းအဆောက်အအုံပြုပြင်ထိန်းသိမ်းခြင်းလုပ်ငန်းများနှင့် နံရံပန်းချီပြုပြင်ထိန်းသိမ်းခြင်းလုပ်ငန်းများကြည့်ရှု



ပုဂံ မေ ၁၃

မန္တလေးတိုင်းဒေသကြီး ညောင်ဦးခရိုင် ညောင်ဦးမြို့နယ် ရှေးဟောင်းသုတေသနနှင့် အမျိုးသားပြတိုက်ဦးစီးဌာန ပုဂံဌာနခွဲ ညွှန်ကြားရေးမှူးနှင့် တာဝန်ရှိသူများ၊ အိန္ဒိယနိုင်ငံ Archaeological Survey of India (ASI)အဖွဲ့သည် ယနေ့နံနက်ပိုင်းတွင် ပုဂံရှေးဟောင်းယဉ်ကျေးမှုနယ်မြေအတွင်း ပြုပြင်ထိန်းသိမ်းရေးလုပ်ငန်းများကွင်းဆင်းစစ်ဆေးသည်။

ဦးစွာ ပြုပြင်ထိန်းသိမ်းခြင်းလုပ်ငန်းများဆောင်ရွက်လျက်ရှိသည့် ရှေးဟောင်းအဆောက်အအုံအမှတ်-၆၈၇ (ဆင်ဖြူရှင်ဘုရား)၊ ဘုရားအမှတ်-၁၄၉၉ (မီးငြိမ်းကုန်းဘုရား)၊ ဘုရားအမှတ်-၁၆၇၀ (မဟာဗောဓိဘုရား)၊ ဘုရားအမှတ်-၁၉၇၆ (ရွှေကွန်ချာဘုရား)နှင့် နံရံပန်းချီဌာနစိတ်က နံရံပန်းချီပြုပြင်ထိန်းသိမ်းခြင်းဆောင်ရွက်လျက်ရှိသော ရှေးဟောင်းအဆောက်အအုံအမှတ်-၁၆၆၈ (ရွှေထီးဆောင်းဘုရား) တို့ကို ကြည့်ရှုစစ်ဆေးပြီး လုပ်ငန်းခွင်အန္တရာယ်ကင်းရှင်းရေးနှင့် ရှေးဟောင်းမူလလက်ရာများမထိခိုက်ဘဲ စနစ်တကျပြုပြင်ထိန်းသိမ်းခြင်းလုပ်ငန်းများဆောင်ရွက်ကြရန် ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ခဲ့ကြောင်းသိရသည်။

ဒီပါလင်း

# ရှမ်းပြည်နယ်(အရှေ့အလယ်ပိုင်း)စစ်မှုထမ်းဟောင်းကြီးကြပ်ရေး အဖွဲ့၏ ၂၀၂၆ ခုနှစ်၊ နှစ်ပတ်လည်အစည်းအဝေးပြုလုပ်

နေပြည်တော် မေ ၁၃

ရှမ်းပြည်နယ် (အရှေ့အလယ်ပိုင်း) စစ်မှုထမ်းဟောင်းအဖွဲ့ ၂၀၂၆ ခုနှစ်၊ နှစ်ပတ်လည်အစည်းအဝေးကိုယနေ့နံနက်ပိုင်းတွင် အရှေ့အလယ်ပိုင်းတိုင်းစစ်ဌာနချုပ်၊ နမ့်စန်တပ်နယ်ခန်းမတွင်ပြုလုပ်ရာ မြန်မာနိုင်ငံစစ်မှုထမ်းဟောင်းအဖွဲ့၊ ဗဟိုအမှုဆောင်အဖွဲ့ဥက္ကဋ္ဌ ဗိုလ်ချုပ်ကြီးခင်အောင်မြင့် (အငြိမ်းစား)၊ ရှမ်းပြည်နယ်(အရှေ့အလယ်ပိုင်း) စစ်မှုထမ်းဟောင်းကြီးကြပ်ရေးအဖွဲ့၊ နာယကအဖွဲ့ဝင် အရှေ့အလယ်ပိုင်းတိုင်းစစ်ဌာနချုပ်မှတာဝန်ရှိသူများ၊ ပြည်နယ်/မြို့နယ် စစ်မှုထမ်းဟောင်းကြီးကြပ်ရေးအဖွဲ့ဝင်များနှင့် စစ်မှုထမ်းဟောင်းအဖွဲ့ဝင်များ တက်ရောက်ကြသည်။

ဦးစွာ မြန်မာနိုင်ငံစစ်မှုထမ်းဟောင်းအဖွဲ့၊ ဗဟိုအမှုဆောင်အဖွဲ့ဥက္ကဋ္ဌက အမှာစကားပြောကြားသည်။ ထို့နောက်တာဝန်ရှိသူများမှ သက်ဆိုင်ရာကဏ္ဍအလိုက် ဆွေးနွေးပြောကြားပြီး ပြည်နယ်စစ်မှုထမ်းဟောင်းအဖွဲ့ဥက္ကဋ္ဌက နှစ်ပတ်လည်အစီရင်ခံစာကိုတင်ပြသည်။ ဆက်လက်၍ မြန်မာနိုင်ငံစစ်မှုထမ်းဟောင်းအဖွဲ့၊ဗဟိုအမှုဆောင်အဖွဲ့ဥက္ကဋ္ဌက စစ်မှုထမ်းဟောင်းအဖွဲ့ဝင်များအတွက် ချီးမြှင့်ငွေများပေးအပ်ရာ တာဝန်ရှိသူတစ်ဦးက လက်ခံရယူသည်။

ယင်းနောက် မြန်မာနိုင်ငံစစ်မှုထမ်းဟောင်းအဖွဲ့၊ ဗဟိုအမှုဆောင်အဖွဲ့ဥက္ကဋ္ဌနှင့်တာဝန်ရှိသူများက စစ်မှုထမ်းဟောင်းအဖွဲ့ဝင်များအား ရင်းရင်းနှီးနှီးလိုက်လံနှုတ်ဆက်ခဲ့ကြကြောင်း သတင်းရရှိသည်။

(၁၀၀)



မြန်မာနိုင်ငံစစ်မှုထမ်းဟောင်းအဖွဲ့၊ ဗဟိုအမှုဆောင်အဖွဲ့ဥက္ကဋ္ဌ ဗိုလ်ချုပ်ကြီးခင်အောင်မြင့်(အငြိမ်းစား)က စစ်မှုထမ်းဟောင်းအဖွဲ့ဝင်များအတွက် ချီးမြှင့်ငွေများပေးအပ်စဉ်။

# ဒလမြို့နယ်၊ တာကြီးရပ်ကွက်နှင့် ပတ်ဝန်းကျင်ရပ်ကွက်များရှိ ဒေသခံပြည်သူများအား ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများဆောင်ရွက်



ရန်ကုန်တိုင်းစစ်ဌာနချုပ် နယ်လှည့်ဆေးကုသရေးအဖွဲ့များက ဒေသခံပြည်သူများအား ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများဆောင်ရွက်ပေးစဉ်။

နေပြည်တော် မေ ၁၃

တပ်မတော်အနေဖြင့် ပြည်သူလူထု၏ ကျန်းမာရေးကဏ္ဍ တိုးတက်မြင့်မားစေရန်အတွက် ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများတွင် တစ်ဖက်တစ်လမ်းမှ ကူညီစောင့်ရှောက်မှုများဆောင်ရွက်ပေးလျက်ရှိရာ ယနေ့နံနက်ပိုင်းတွင် ရန်ကုန်တိုင်းစစ်ဌာနချုပ် နယ်လှည့်ဆေးကုသရေးအဖွဲ့များက ရန်ကုန်တိုင်းဒေသကြီး၊ ဒလမြို့နယ်၊ တာကြီးရပ်ကွက် လာဘမုနိပြည်လုံးချမ်းသာဓမ္မာရုံ၌အခြေပြု၍ ဒေသခံပြည်သူများအား ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများဆောင်ရွက်ပေးသည်။

ထိုသို့ဆောင်ရွက်ပေးရာတွင် ဆေးကုသရေးအဖွဲ့များက ဒေသခံပြည်သူ ၁၄၆ ဦးတို့ကို အရိုးအကြောရောဂါ၊ ခွဲစိတ်ကုသမှုဆိုင်ရာရောဂါ၊ ကလေးရောဂါ၊ မျက်စိရောဂါ၊ နား/နှာခေါင်း/လည်ချောင်းရောဂါ၊ သွားနှင့်ခံတွင်းရောဂါ၊ သားဖွားမီးယပ်ရောဂါ၊ အထွေထွေရောဂါတို့နှင့် ပတ်သက်၍ ကျန်းမာရေး စစ်ဆေးကုသပေးခြင်းများ ဆောင်ရွက်ပေးသည်။

ယင်းသို့ ဆောင်ရွက်နေမှုများကို ဒလတပ်နယ်မှ တာဝန်ရှိသူများက သွားရောက်ကြည့်ရှုအားပေးပြီး လိုအပ်သည်များ ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ပေးခဲ့ကြောင်း သတင်းရရှိသည်။

(၁၀၀)

## အကြမ်းဖက်မှုပပျောက်ရေးအတွက် ပြည်သူသို့ အသိပေးနှိုးဆော်ချက်

၁။ ပြည်သူအတွက်ဟု သုံးနှုန်း၍ ရဟန်းသံဃာများ၊ ဆရာ၊ ဆရာမများအပါအဝင် နိုင်ငံ့ဝန်ထမ်းများနှင့် ပြည်သူကိုသတ်ဖြတ်၊ လုယက်ခြင်းကို CRPH၊ NUG၊ PDF အမည်ခံအကြမ်းဖက်အုပ်စုများက ဥပဒေမဲ့ကျူးလွန်နေသည်။

၂။ ခြိမ်းခြောက်၊ လူသတ်၊ အဖျက်အမှောင့်လုပ်ရပ်များလုပ်ဆောင်နေသည့် CRPH ၊ NUG ၊ PDF အကြမ်းဖက်သမားများကို အားပေးမှု၊ ထောက်ခံမှု၊ ကူညီထောက်ပံ့မှုမပြုခြင်းသည် ပြည်သူလူထု၏အသက်အိုးအိမ်စည်းစိမ်ကို ကာကွယ်ပေးခြင်းဖြစ်သည်။

၃။ ယင်းတို့၏လက်နက်/ခဲယမ်း ကိုင်တွယ်သယ်ဆောင်မှုနှင့် အကြမ်းဖက်သမားတို့၏ သတင်းကို လျှို့ဝှက်ပေးပို့ခြင်းသည် အပြစ်မဲ့ပြည်သူများ၏ အသက်အိုးအိမ်စည်းစိမ်ကို ကာကွယ်ပေးခြင်းဖြစ်သည်။

## (၁၃-၅-၂၀၂၆) ရက်နေ့ရှိ နိုင်ငံခြားငွေကြေးဈေးကွက်အတွင်း ရောင်းဝယ်သည့်ပမာဏနှင့် ငွေလဲလှယ်နှုန်းများ

| | အမေရိကန်ဒေါ်လာ | တရုတ်ယွမ် | ထိုင်းဘတ် | အိန္ဒိယရူပီး |
|---|---|---|---|---|
| ငွေလဲလှယ်နှုန်း | ၃၆၅၃ ~ ၃၆၆၉ | ၅၅၇ ~ ၅၅၈.၇ | ၁၂၄.၉ ~ ၁၂၅.၇ | ၄၃.၆ |
| ဈေးကွက်အတွင်းရောင်းဝယ်သည့် ပမာဏ | ၁၁,၉၄၅,၇၉၄.၇၃ | ၅,၆၄၂,၀၈၉.၅၉ | ၂၀၂,၁၈၈,၈၇၃.၆၅ | |
| ဗဟိုဘဏ်မှ ဈေးကွက်အတွင်း ရောင်းချပေးသည့် ပမာဏ | | | | |

ဈေးကွက်အတွင်း ရောင်းဝယ်သည့်ပမာဏမှာ စားသုံးဆီ၊ စက်သုံးဆီ၊ ကား/ဆိုင်ကယ်အပိုပစ္စည်း၊ ဆေးနှင့် ဆေးဝါးကုန်ကြမ်းပစ္စည်းများ၊ ချောဆီ၊ စက်မှုကုန်ကြမ်း၊ ဓာတ်မြေသြဇာ၊ ထုပ်ပိုးမှုပစ္စည်းများ၊ စားသုံးကုန်စည်၊ တိရစ္ဆာန်အစာ၊ ဆောက်လုပ်ရေးလုပ်ငန်းသုံးပစ္စည်းတင်သွင်းခြင်းတို့အတွက် ရောင်းချပေးခဲ့ခြင်းဖြစ်ပါသည်။ CMP ကဏ္ဍ ဝင်ရောက်ငွေမှ စားသုံးဆီကဏ္ဍသို့ အမေရိကန်ဒေါ်လာ ၁.၈၁ သန်းကိုလည်းကောင်း၊ CMP ကဏ္ဍသို့ အမေရိကန်ဒေါ်လာ ၀.၁၄ သန်းကိုလည်းကောင်း ရောင်းချပေးခဲ့ပါသည်။

မြန်မာနိုင်ငံတော်ဗဟိုဘဏ်

## ၁၃-၅-၂၀၂၆ ရက်နေ့ ဓာတ်သတ္တု(ရွှေ) ရည်ညွှန်းဈေး (Market Rate)

သိပ်သည်းဆ ၁၉.၂၅ ဂရမ်/ကုဗစင်တီမီတာနှင့်အထက်ရှိ စံချိန်မီရွှေ ကျပ်သား ( ၁၆.၃၂၉၃၂၅ ဂရမ်)၏ **ဈေးနှုန်းမှာ** (၇,၁၅၀,၀၀၀)ကျပ်ဖြစ်သည်။

**ဓာတ်သတ္တု(ရွှေ) ရည်ညွှန်းဈေးသတ်မှတ်ရေးကော်မတီ**

# နိုင်ငံ့ဝန်ထမ်းတက္ကသိုလ်(အထက်မြန်မာပြည်) အခြေခံပညာ ဆရာ၊ ဆရာမများ အထူးမွမ်းမံသင်တန်းအမှတ်စဉ်(၈၃)နှင့် အဆင့်မြင့်အရာထမ်းသင်တန်း အမှတ်စဉ်(၂၂) သင်တန်းသား၊ သင်တန်းသူများနှင့် တွေ့ဆုံ



နေပြည်တော် မေ ၁၃

ပြည်ထောင်စုရာထူးဝန်အဖွဲ့ဥက္ကဋ္ဌ ဦးတင်မောင်ဝင်း၊ ပြည်ထောင်စုရာထူးဝန်အဖွဲ့ဝင် ဦးထွန်းထွန်းဝင်းတို့သည် မေလ ၁၂ ရက်နှင့် ၁၃ ရက်တို့တွင် နိုင်ငံ့ဝန်ထမ်းတက္ကသိုလ်(အထက်မြန်မာပြည်)ရတနာခန်းမ၌ အခြေခံပညာ ဆရာ၊ ဆရာမများ အထူးမွမ်းမံသင်တန်းအမှတ်စဉ်(၈၃)နှင့် နဝရတ်ခန်းမ၌ အဆင့်မြင့်အရာထမ်းသင်တန်းအမှတ်စဉ်(၂၂) တို့မှသင်တန်းသား၊ သင်တန်းသူများနှင့် သီးခြားစီတွေ့ဆုံသည်။

တွေ့ဆုံစဉ် ရာထူးဝန်အဖွဲ့ဥက္ကဋ္ဌက နိုင်ငံတော်အစိုးရ၏ ရက်(၁၀၀)ကာလအတွင်း ဆောင်ရွက်မည့်လုပ်ငန်းစဉ်များအရ မိမိတို့၏ ဝန်ကြီးဌာနနှင့် အဖွဲ့အစည်းများမှ ဆောင်ရွက်မည့် စီမံကိန်းများအကောင်အထည်ဖော်ရာတွင် မိမိတို့ပါဝင်ဆောင်ရွက်ရမည့်ကဏ္ဍကိုထဲထဲဝင်ဝင်သိရှိပြီး ကိုယ်စွမ်းဉာဏ်စွမ်းရှိသရွေ့ ကြိုးစားလုပ်ဆောင်သွားကြရန်လိုအပ်ပါကြောင်း၊ ဝန်ထမ်းသက်တမ်းတစ်လျှောက် တက်ရောက်ရမည့်သင်တန်းများတွင် စဉ်ဆက်မပြတ်ကြိုးစားအားထုတ်သင်ယူလေ့လာသွားကြရန်နှင့် ပြဋ္ဌာန်းထားသည့်ဥပဒေ၊ နည်းဥပဒေများကိုသိရှိလိုက်နာကျင့်သုံးကြရန်လည်း လိုအပ်ပါကြောင်းပြောကြားသည်။

ထို့နောက် ပင်မရုံးအစည်းအဝေးခန်းမ၌ တက္ကသိုလ်မှတာဝန်ရှိသူများနှင့်တွေ့ဆုံ၍ တက္ကသိုလ်၏ စီမံခန့်ခွဲရေး၊ လေ့ကျင့်သင်ကြားရေးနှင့် စိုက်ပျိုးမွေးမြူရေးဆိုင်ရာကိစ္စရပ်များ ဆွေးနွေးခဲ့ကြောင်း သိရသည်။

မြဝတီ

# လွိုင်လင်မြို့နယ်အတွင်းရှိ ဒေသခံတိုင်းရင်းသားပြည်သူများထံ အိမ်သုံးဆိုလာများ ထောက်ပံ့ပေးအပ်

နေပြည်တော် မေ ၁၃

နယ်စပ်ရေးရာဝန်ကြီးဌာနသည် နယ်စပ်ဒေသဖွံ့ဖြိုးရေးလုပ်ငန်းများကို တစ်နိုင်ငံလုံးအကြားအလပ်မရှိ စဉ်ဆက်မပြတ်ဆောင်ရွက်ပေးနေသကဲ့သို့ နိုင်ငံတော်အစိုးရ၏လမ်းညွှန်ချက်ဖြင့် ပြည်သူ့အတွက် ပထမ ရက် (၁၀၀) စီမံချက်များအား အလေးထားဆောင်ရွက်ပေးလျက်ရှိသည်။

ထိုသို့ဆောင်ရွက်မှုအနေဖြင့် ယနေ့တွင် ရှမ်းပြည်နယ် ဖွံ့ဖြိုးမှုကြီးကြပ်ရေးရုံးမှ ညွှန်ကြားရေးမှူးနှင့် တာဝန်ရှိသူများသည် ရှမ်းပြည်နယ်(တောင်ပိုင်း)အတွင်းရှိလွိုင်လင်ခရိုင် လွိုင်လင်မြို့နယ် ဆနင်းကျေးရွာအုပ်စု နားဟီးကျေးရွာအတွက် အိမ်သုံးဆိုလာ ၁၂၅ စုံ၊ နားမွမ်းကျေးရွာအတွက် အိမ်သုံးဆိုလာ ၇၆ စုံ၊ ဝမ်ကျောင်းကျေးရွာအတွက် အိမ်သုံးဆိုလာ ၄၉ စုံ စုစုပေါင်းဆိုလာအစုံ ၂၅၀ တို့ကိုဒေသခံတိုင်းရင်းသားပြည်သူများထံ လက်ဝယ်အရောက်ထောက်ပံ့ပေးအပ်ပြီး အသုံးပြုပုံများကို အသေးစိတ်ရှင်းလင်းပြောကြားခဲ့ကြောင်း သိရသည်။

မြဝတီ



## လူမှုရေးပင်စင်ထောက်ပံ့ခြင်းအစီအစဉ် အသိပေးနှိုးဆော်ခြင်း

**၁၉၄၁ ခုနှစ်၊ ဧပြီလ ၁ ရက် (၁၃၀၂ ခုနှစ်၊ ဦးတန်ခူးလဆန်း ၆ ရက်)** မတိုင်မီ မွေးဖွားခဲ့သည့် အသက်(၈၅)နှစ်ပြည့်ပြီးသော သက်ကြီးပုဂ္ဂိုလ်များအနေဖြင့် လူမှုရေးပင်စင်အစီအစဉ်တွင် အကျိုးခံစားခွင့်ရရှိရန် သက်ဆိုင်ရာ ရပ်ကွက် /ကျေးရွာအုပ်ချုပ်ရေးမှူး သို့မဟုတ် နီးစပ်ရာ လူမှုဝန်ထမ်းရုံးများသို့ (၃၁-၅-၂၀၂၆)ရက်နောက်ဆုံးထားပြီး စာရင်းပေးသွင်းနိုင်ပါသည်။

၂၀၂၆ -၂၀၂၇ ဘဏ္ဍာရေးနှစ်တွင် အကျိုးခံစားခွင့်ရှိသူများအား ၃ လပတ် ၂ ကြိမ် (၆)လစာထောက်ပံ့သွားမည်ဖြစ်ပါကြောင်းနှင့် ယခုနှစ်မှစတင်ပြီး ဖုန်းသို့ ငွေလွှဲခြင်းဖြင့် ထောက်ပံ့မည်ဖြစ်ပါ၍ ထုတ်ယူလိုသည့် ငွေလွှဲဝန်ဆောင်မှုများအား မိမိတို့၏လက်ကိုင်ဖုန်းများတွင် ဖွင့်လှစ်ထားပါရန် အသိပေးနှိုးဆော်အပ်ပါသည်။

ထောက်ပံ့ခြင်းအစီအစဉ်နှင့် ပတ်သက်၍ သိရှိလိုသည်များကို လူမှုဝန်ထမ်းဦးစီးဌာန Help Line ဖုန်းနံပါတ် 1566 ၊ 09-889900033 သို့ စုံစမ်းမေးမြန်းနိုင်ပါသည်။

## ကိုယ်ဝန်ဆောင်မိခင်များနှင့် ၎င်းတို့မှမွေးဖွားလာသော အသက်(၂)နှစ်အောက်ကလေးသူငယ်များအား ငွေကြေးထောက်ပံ့ခြင်း(MCCT)အစီအစဉ်အသိပေးနှိုးဆော်ခြင်း

တိုင်းဒေသကြီး/ပြည်နယ် (၇)ခုဖြစ်သော ကရင်ပြည်နယ်၊ ကယားပြည်နယ်၊ ချင်းပြည်နယ်၊ နာဂကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ၊ ရခိုင်ပြည်နယ်၊ ရှမ်းပြည်နယ်နှင့် ဧရာဝတီတိုင်းဒေသကြီး အတွင်းရှိ **၂၀၂၆ ခုနှစ်၊ မေလ ၂၆ ရက်နေ့**အထိ ကိုယ်ဝန်ဆောင်အဖြစ်ရှိနေသူများအနေဖြင့် MCCT အစီအစဉ်တွင် အကျိုးခံစားခွင့်ရရှိရန် သက်ဆိုင်ရာ ရပ်ကွက်/ကျေးရွာအုပ်ချုပ်ရေးမှူး သို့မဟုတ် နီးစပ်ရာ လူမှုဝန်ထမ်းရုံးများသို့ (၃၁-၅-၂၀၂၆) ရက် နောက်ဆုံးထားပြီး စာရင်းပေးသွင်းနိုင်ပါသည်။

၂၀၂၆ -၂၀၂၇ ဘဏ္ဍာရေးနှစ်တွင်အကျိုးခံစားခွင့်ရှိသူများအား ၃ လပတ် ၂ ကြိမ် (၆)လစာ ထောက်ပံ့သွားမည်ဖြစ်ပါကြောင်းနှင့် ယခုနှစ်မှစတင်ပြီး ဖုန်းသို့ငွေလွှဲခြင်းဖြင့် ထောက်ပံ့မည်ဖြစ်ပါ၍ ထုတ်ယူလိုသည့်ငွေလွှဲဝန်ဆောင်မှုများအား မိမိတို့၏လက်ကိုင်ဖုန်းများတွင် ဖွင့်လှစ်ထားပါရန် အသိပေးနှိုးဆော်အပ်ပါသည်။

ထောက်ပံ့ခြင်းအစီအစဉ်နှင့်ပတ်သက်၍ သိရှိလိုသည်များကို လူမှုဝန်ထမ်းဦးစီးဌာန Help Line ဖုန်းနံပါတ် 1566 ၊ 09-889900077 သို့ စုံစမ်းမေးမြန်းနိုင်ပါသည်။

# ပြည်ပသို့ ရေငန်ထွက်ကုန်ပစ္စည်း အေးခဲတင်ပို့မှုထက် အရှင်တင်ပို့နိုင်ပါက နိုင်ငံခြားငွေတိုးမြင့်ရရှိလာမည်



ရန်ကုန် မေ ၁၃

တနင်္သာရီတိုင်းဒေသကြီး ကော့သောင်းနှင့် မြိတ်တို့မှ ပြည်ပသို့ရေငန်ထွက်ကုန်များကိုအေးခဲ၍ နှစ်စဉ်တင်ပို့လျက်ရှိရာ တိုက်ရိုက်အရှင်တင်ပို့နိုင်ပါက နိုင်ငံခြားဝင်ငွေပိုမိုရရှိလာမည်ဖြစ်သည့်အပြင် ရေထွက်ကုန်အရှင်တင်ပို့သော ဈေးကွက်သစ်တစ်ခုရရှိလာမည်ဖြစ်ကြောင်း သိရသည်။

ပြည်ပသို့ ရေငန်ထွက်ကုန် ငါး၊ ပုစွန်တင်ပို့ရာတွင်တနင်္သာရီတိုင်းဒေသကြီးသည် အခြားဒေသတို့ထက် နှစ်စဉ်တိုးမြှင့်တင်ပို့လျက်ရှိရာ ၂၀၂၄ - ၂၀၂၅ ဘဏ္ဍာနှစ်၌ တစ်နိုင်ငံလုံးရေထွက်ပစ္စည်းတင်ပို့မှုမှ အမေရိကန်ဒေါ်လာ ၇၂၅ သန်းခန့်ရရှိခဲ့ပြီး တနင်္သာရီတိုင်းဒေသကြီးမှ ၃၀၃ ဒသမ ၆၂ သန်း ကုန်ကြမ်းအဖြစ် တင်ပို့နိုင်ခဲ့သည်။

တနင်္သာရီတိုင်းဒေသကြီး ရေဖြူမြို့၊ ကျွန်းစုမြို့နယ်၊ ပုလောမြို့နယ်နှင့် ကော့သောင်းမြို့နယ်တို့၌ ပုစွန်၊ ကျောက်ငါး၊ ကကတစ်၊ ကဏန်းပျော့၊ ဂျင်းခရုနှင့် ပင်လယ်ရေမှော်တို့ကို မွေးမြူထုတ်လုပ်၍ ပြည်ပသို့တင်ပို့လျက်ရှိသည်။ သန့်ရှင်းလတ်ဆတ်မှုကြောင့် ကြိုက်နှစ်သက်ကြပြီး ကျောက်ပုစွန်နှင့် ရေငန်ပုစွန်များကို အရှင်တင်ပို့နိုင်ပါက ပြည်ပဝင်ငွေပိုမိုရရှိလာမည်ဖြစ်သည့်အတွက် ရေထွက်ကုန်လုပ်ငန်းရှင်များကလည်း စိတ်အားထက်သန်လျက်ရှိသည်။

မြိတ်ကျွန်းစု မွေးမြူရေးကန်များမှ ထွက်ရှိသည့် ပနားမီးပုစွန်ဖြူများကို တရုတ်နှင့်ဂျပန်နိုင်ငံသို့တင်ပို့လျက်ရှိပြီး တရုတ်သို့ပြုတ်ထားသော ပနားမီးပုစွန်နှင့် ဂျပန်သို့အေးခဲပြုလုပ်၍ ရေလမ်းကြောင်းမှ တင်ပို့လျက်ရှိသည်။

"လက်ရှိ အေးခဲတင်ပို့နေပါတယ်။ အရှင်တင်ပို့နိုင်မယ်ဆိုရင်အကျိုးအမြတ်ပိုပြီး ရရှိလာမှာပါ။ အဓိကကျောက်ပုစွန်၊ ကင်းပုစွန်နဲ့ ပနားမီးပုစွန်ဖြူအရှင်တင်ပို့ဖို့အဆင်ပြေနေပါပြီ။ ရောင်းအားကောင်းပြီး မွေးမြူသူပိုများလာတဲ့အတွက် နိုင်ငံအတွက်လည်း နိုင်ငံခြားငွေပိုရလာမှာပါ။ မြိတ်လေဆိပ်ကနေ တရုတ်၊ ဂျပန်ကို တိုက်ရိုက်အရှင်တင်ပို့နိုင်ပြီဆိုရင် ပို့ကုန်နှစ်ဆတိုးမြှင့်နိုင်ပြီး ရေထွက်ကုန်အရှင်တင်ပို့မှု ဈေးကွက်တစ်ခုရရှိလာမှာပါ"ဟု တနင်္သာရီတိုင်းဒေသကြီး ငါးလုပ်ငန်းအဖွဲ့ချုပ် အတွင်းရေးမှူးက ပြောသည်။

လက်ရှိတွင် တနင်္သာရီတိုင်းဒေသကြီးမှ ငါး၊ ပုစွန်နှင့် ဂျင်းခရုအရှင်များကို မြိတ်မှ ထိုင်းနိုင်ငံသို့တင်ပို့ပြီး ထိုမှတစ်ဆင့် တရုတ်နိုင်ငံသို့လေကြောင်းဖြင့် ဆက်လက်တင်ပို့လျက်ရှိရာ ကုန်ကျစရိတ်များမှုကြောင့်အမြတ်နည်းသော်လည်း ကုန်စည်စီးဆင်းမှုမပြတ်စေရေးဆက်လက်တင်ပို့လျက်ရှိသည်။

ကုန်ချောအဖြစ်တိုးမြှင့်ထုတ်လုပ်ခြင်းနှင့် အရှင်တင်ပို့နိုင်မည်ဆိုပါက ယခုထက်ပိုမိုပြီး ရေထွက်ကုန်မွေးမြူထုတ်လုပ်မှုတိုးတက်လာမည်ဖြစ်သည့်အပြင် ရေထွက်ကုန်အရှင်တင်ပို့သော ဈေးကွက်သစ်တစ်ခုရရှိပြီး နိုင်ငံခြားဝင်ငွေတိုးတက်လာမည်ဖြစ်ကြောင်း သိရသည်။

**ခတ်ပုံ - ဖွဲ့မာန်၊ သစ္စာ(mna)**

# အင်းတော်မြို့ အခြေခံပညာအထက်တန်းကျောင်း(ခွဲ)၌ ကျောင်းအုပ်ချုပ်မှုကိစ္စများဆောင်ရွက်နေသည့် ပညာရေးဝန်ထမ်းများအား အကြမ်းဖက်သောင်းကျန်းသူများက FPV Suicide Drone များဖြင့် ယုတ်မာစွာအကြောင်းမဲ့ပစ်လွှတ်တိုက်ခိုက်ခဲ့သဖြင့် ပညာရေးဝန်ထမ်း ၃ ဦး ထိခိုက်ဒဏ်ရာရရှိ

နေပြည်တော် မေ ၁၃

နိုင်ငံတစ်နိုင်ငံ ဖွံ့ဖြိုးတိုးတက်ရန်အတွက် ပညာရေးကဏ္ဍသည် အလွန်အရေးကြီးသည့် အခြေခံတစ်ရပ်ဖြစ်သည်။ ပညာရေးကပင် လူ့စွမ်းအားအရင်းအမြစ်များကို တိုးတက်စေပြီး စီးပွားရေး၊ လူမှုရေး၊ နည်းပညာနှင့် နိုင်ငံရေးကဏ္ဍများအားလုံးကို တိုးတက်အောင်ဆောင်ရွက်ပေးနိုင်ကာ နိုင်ငံ၏အနာဂတ်ကို တည်ဆောက်ပေးနိုင်သော အင်အားတစ်ရပ်ဖြစ်သည်။ ထို့ကြောင့် နိုင်ငံတော်အစိုးရအနေဖြင့် နိုင်ငံ၏အနာဂတ်ဖြစ်သည့် မျိုးဆက်သစ်ရင်သွေးငယ်များ၏ပညာရေးတွင်နောက်ကျကျန်ရစ်မှုမဖြစ်ပေါ်စေရေးအတွက် ပညာသင်ကြားနိုင်မှု အခွင့်အလမ်းကို ပြည့်ဝစွာအသုံးချနိုင်စေရန်နှင့်လာမည့်ကျောင်းဖွင့်ရာသီတွင် အခြေခံပညာကျောင်းများ ပြန်လည်ဖွင့်လှစ်နိုင်ရေး တပ်မတော်သားများ၊ သက်ဆိုင်ရာအဖွဲ့အစည်းများနှင့် ပူးပေါင်း၍ အားသွန်ခွန်စိုက်ကြိုးပမ်းဆောင်ရွက်လျက်ရှိသည်။

သို့ရာတွင် NUG အမည်ခံအကြမ်းဖက်အဖွဲ့နှင့် ၎င်း၏လက်အောက်ခံ PDF အမည်ခံအကြမ်းဖက်သမားများသည် အနာဂတ်ရင်သွေးငယ်များ၏ ပညာသင်ကြား သင်ယူခွင့်အခွင့်အလမ်းများ ပျက်ပြား၍ ပညာမဲ့လူတန်းစားများ ဖြစ်ပေါ်လာစေရန်နှင့် ၎င်းတို့ကိုအကြောက်တရားဖြင့်ထောက်ခံအားပေးလာစေရန် ယုတ်မာရိုင်းစိုင်းသော ရည်ရွယ်ချက်များဖြင့် စစ်ရေးနှင့်သက်ဆိုင်ခြင်းမရှိသည့် စာသင်ကျောင်းများအားအဝေးမှလက်နက်ကြီးများ၊ DRONE များဖြင့် ပစ်ခတ်တိုက်ခိုက်ခြင်း၊ ကျောင်းသား၊ ဆရာ၊ မိဘများအား ခြိမ်းခြောက်အကျပ်ကိုင်ခြင်း၊ ဖမ်းဆီးသတ်ဖြတ်ခြင်း၊ ပညာရေးဆိုင်ရာ အဆောက်အဦများအား မီးရှို့ဖျက်ဆီးခြင်း၊ မိုင်းထောင်ဖောက်ခွဲခြင်း၊ အထောက်အကူပြုပစ္စည်းများနှင့် ကျောင်းသုံးပုံနှိပ်စာအုပ်များ၊ ကျောင်းသုံးစာအုပ်များအား မီးရှို့ဖျက်ဆီးခြင်း စသည့်နည်းလမ်းမျိုးစုံ အသုံးပြုကာ ပညာရေးကဏ္ဍမြင့်မားရေးကို နှောင့်ယှက်ဖျက်ဆီးလျက်ရှိသည်။

ထိုသို့လုပ်ဆောင်လျက်ရှိရာ မေလ ၁၂ ရက်တွင်စစ်ကိုင်းတိုင်းဒေသကြီး၊ အင်းတော်မြို့ရှိ အခြေခံပညာအထက်တန်းကျောင်း(ခွဲ)(အောင်ဇေယျ)၌ ဆရာ၊ ဆရာမများနှင့် ရုံးအဖွဲ့များက ကျောင်းဖွင့်ရာသီတွင် ကျောင်းသား၊ ကျောင်းသူများကျောင်းအပ်နှံခြင်း၊ စာသင်ခန်းများနှင့် သင်ထောက်ကူပစ္စည်းများ စနစ်တကျရှိစေရေး စသည့် ကြိုတင်ပြင်ဆင်မှုလုပ်ငန်းများဆောင်ရွက်နေစဉ် နံနက် ၁၁ နာရီ ၄၅ မိနစ်အချိန်ခန့်တွင် PDF အမည်ခံအကြမ်းဖက်သောင်းကျန်းသူများက အင်းတော်မြို့၏ အနောက်ဘက် မီတာ ၂၆၀၀ ခန့်အကွာမှနေ၍ FPV Suicide Drone ၂ စင်းဖြင့် ပစ်လွှတ်တိုက်ခိုက်ခဲ့ရာ ကျောင်းဝင်းအတွင်း ကျရောက်ပေါက်ကွဲခဲ့သဖြင့် စာသင်ဆောင်များ ထိခိုက်ပျက်စီးခဲ့ကာ မူလတန်းကျောင်းအုပ် ဆရာ ၁ ဦးနှင့် ရုံးဝန်ထမ်း ၂ ဦးတို့တွင် ဗုံးစထိမှန်၍ မစိုးရိမ်ရဒဏ်ရာများရရှိခဲ့သဖြင့် လိုအပ်သည့် ကျန်းမာရေးစောင့်ရှောက်မှုများ ဆောင်ရွက်ပေးလျက်ရှိကြောင်း သိရှိရသည်။

PDF အမည်ခံအကြမ်းဖက်သောင်းကျန်းသူများအနေဖြင့် ယခုကဲ့သို့ စစ်ရေးနှင့် သက်ဆိုင်သော ပစ်မှတ်များမဟုတ်ဘဲ ကျောင်းသား၊ ကျောင်းသူများ အေးချမ်းစွာ ပညာသင်ကြားသည့် ပညာရေးဆိုင်ရာ အဆောက်အဦများကို ရည်ရွယ်ချက်ရှိရှိ တိုက်ခိုက်ခြင်းသည် ဂျီနီဗာကွန်ဗန်းရှင်းများနှင့် အပြည်ပြည်ဆိုင်ရာဥပဒေတို့အရ စစ်ရာဇဝတ်မှုကျူးလွန်ခြင်းဖြစ်ပြီး အဆိုပါ အကြမ်းဖက်လုပ်ရပ်အပေါ် ဒေသခံပြည်သူများက ပြင်းပြင်းထန်ထန် ကန့်ကွက်ရှုတ်ချလျက်ရှိကြောင်းနှင့် လုံခြုံရေးတပ်ဖွဲ့ဝင်များက လိုအပ်သည့်နယ်မြေလုံခြုံရေး လုပ်ငန်းများ တိုးမြှင့်ဆောင်ရွက်လျက်ရှိကြောင်း သတင်းရရှိသည်။ (၁၀၀)



အကြမ်းဖက်သောင်းကျန်းသူများ ပစ်လွှတ်သည့် FPV Suicide Drone အားတွေ့ရစဉ်။



Drone ကျရောက်ပေါက်ကွဲမှုကြောင့် အခြေခံပညာအထက်တန်းကျောင်း(ခွဲ) အောင်ဇေယျရှိစာသင်ဆောင်များ ပျက်စီးခဲ့မှုအားတွေ့ရစဉ်။



Drone ကျရောက်ပေါက်ကွဲမှုကြောင့် ထိခိုက်ဒဏ်ရာရရှိခဲ့သည့် ရုံးဝန်ထမ်းအား တွေ့ရစဉ်။



Drone ကျရောက်ပေါက်ကွဲမှုကြောင့် ထိခိုက်ဒဏ်ရာရရှိခဲ့သည့် ရုံးဝန်ထမ်းအား တွေ့ရစဉ်။

# အွန်လိုင်းလိမ်လည်မှု (Telecom Fraud)လုပ်ငန်းများတွင် ဆက်စပ်ပါဝင်ခဲ့ကြသည့် တရုတ်နိုင်ငံသား ၂၀ ဦး ထပ်မံဖော်ထုတ်ထိန်းသိမ်းနိုင်ခဲ့ကာ ပြည်နှင်နိုင်ရေးစစ်ဆေးနိုင်ခဲ့ပြီး အပြစ်ပေးအရေးယူနိုင်ရေး စီစဉ်ဆောင်ရွက်လျက်ရှိ

နေပြည်တော် မေ ၁၃

နိုင်ငံတော်အစိုးရအနေဖြင့် နယ်စပ်ဒေသများ၌ တရားမဝင် ဝင်ရောက်နေထိုင်ပြီး အွန်လိုင်းလောင်းကစားမှု၊ အွန်လိုင်းလိမ်လည်မှုအပါအဝင် ဒုစရိုက်မှုလုပ်ငန်းများတွင် ပါဝင်ဆောင်ရွက်ခဲ့ကြသည့် ပြည်ပနိုင်ငံသားများကို စုံစမ်းစစ်ဆေးဖော်ထုတ်၍ သက်ဆိုင်ရာနိုင်ငံများသို့ ဥပဒေ၊ လုပ်ထုံးလုပ်နည်းများနှင့်အညီ စနစ်တကျပြည်နှင်လွှဲပြောင်းပေးအပ်လျက်ရှိသည်။

ထိုသို့ ပြည်နှင်လွှဲပြောင်းပေးလျက်ရှိရာ ထိုင်းနိုင်ငံအပါအဝင် အိမ်နီးချင်းနိုင်ငံအချို့ကို တစ်ဆင့်ခံဖြတ်သန်း၍ ကရင်ပြည်နယ်၊ မြဝတီမြို့ဝန်းကျင်ရှိ ဆိုက်များအတွင်းသို့ တရားမဝင် လမ်းကြောင်းများမှတစ်ဆင့် ဝင်ရောက်နေခဲ့သည့် တရုတ်နိုင်ငံသား ၂၀ ဦး ထပ်မံဖော်ထုတ်ထိန်းသိမ်းနိုင်ခဲ့ပြီး ပြည်နှင်နိုင်ရေး စစ်ဆေးနိုင်ခဲ့သည်။

အဆိုပါဖော်ထုတ်ထိန်းသိမ်းနိုင်ခဲ့သည့် တရုတ်နိုင်ငံသား ၂၀ ဦးအား ပြည်ဝင်ခွင့်ဗီဇာစည်းကမ်းဖောက်ဖျက်ခဲ့သည့်အတွက် ၁၉၄၇ ခုနှစ်၊ မြန်မာနိုင်ငံလူဝင်မှုကြီးကြပ်ရေး(လတ်တလော) ပြဋ္ဌာန်းချက်များ အက်ဥပဒေပုဒ်မ ၃(၁)/၁၃(၁)အရ ဥပဒေ လုပ်ထုံး၊ လုပ်နည်းများနှင့်အညီ တရားစွဲဆိုအရေးယူနိုင်ရေး စီစဉ်ဆောင်ရွက်လျက်ရှိကြောင်းသိရသည်။

၂၀၂၅ ခုနှစ်၊ ဇန်နဝါရီလ ၃၀ ရက်မှ ၂၀၂၆ ခုနှစ်၊ မေလ ၁၃ ရက်အထိ မြဝတီမြို့နယ်အတွင်းသို့ တရားမဝင် ဝင်ရောက်လာသည့် ပြည်ပနိုင်ငံသား စုစုပေါင်း ၁၄၆၅၄ ဦး ထိန်းသိမ်းနိုင်ခဲ့ကြောင်းနှင့် ယင်းနိုင်ငံသားအားလုံးကို စစ်ဆေးပြီးစီးခဲ့ပြီး ၎င်းတို့အနက်မှ ၁၃၄၂၂ ဦးကို ထိုင်းနိုင်ငံမှတစ်ဆင့် သက်ဆိုင်ရာနိုင်ငံများသို့ ဥပဒေလုပ်ထုံးလုပ်နည်းများနှင့်အညီ စနစ်တကျပြည်နှင်လွှဲပြောင်းပေးခဲ့ပါသည်။


လွှဲပြောင်းပေးအပ်ရန် ကျန်ရှိသည့် ပြည်ပနိုင်ငံသား ၁၂၃၂ ဦးတွင် မြန်မာနိုင်ငံလူဝင်မှုကြီးကြပ်ရေး (လတ်တလော) ပြဋ္ဌာန်းချက်များ အက်ဥပဒေပုဒ်မ ၃(၁)/၁၃(၁)နှင့် မူးယစ်ဆေးဝါးနှင့်စိတ်ကိုပြောင်းလဲစေသော ဆေးဝါးများဆိုင်ရာဥပဒေအရ အပြစ်ပေးအရေးယူခဲ့သည့် ပြည်ပနိုင်ငံသား ၇၆၆ ဦးရှိသည့်အတွက် ကျန်ရှိသည့် ပြည်ပနိုင်ငံသား ၄၆၆ ဦးတို့အား သက်ဆိုင်ရာနိုင်ငံများသို့ လွှဲပြောင်းပေးရန် အသင့်ဖြစ်နေပြီဖြစ်ကြောင်းနှင့် ၎င်းတို့ကို ကောင်းမွန်စွာ ထိန်းသိမ်းစောင့်ရှောက်ထားရှိသည်။

နိုင်ငံတော်အနေဖြင့် Online Scam Center လုပ်ငန်းများတွင် ပါဝင်ပတ်သက်နေသူများနှင့် နောက်ကွယ်မှကြိုးကိုင်သော နိုင်ငံခြားသားများကို ဖော်ထုတ်ဖမ်းဆီးပြီး ထိထိရောက်ရောက် ပြင်းပြင်းထန်ထန် အရေးယူနိုင်ရေး အိမ်နီးချင်းနှင့်ဒေသတွင်းနိုင်ငံများ၊ နိုင်ငံတကာအဖွဲ့အစည်းများနှင့် တက်ကြွစွာ ပူးပေါင်းဆောင်ရွက်လျက်ရှိသည့်အပြင် အကြောင်းအမျိုးမျိုးကြောင့် ဒုက္ခရောက်နေကြသော နိုင်ငံခြားသားများနှင့် လူကုန်ကူးခံရသည့် နိုင်ငံခြားသားများကို သက်ဆိုင်ရာနိုင်ငံများသို့ အမြန်ဆုံးပြည်နှင်လွှဲပြောင်းပေးနိုင်ရေး ထိရောက်စွာညှိနှိုင်းဆောင်ရွက်လျက် ရှိကြောင်း သတင်းရရှိသည်။ (၁၀၀)



အွန်လိုင်းလိမ်လည်မှု (Telecom Fraud)လုပ်ငန်းများတွင် ဆက်စပ်ပါဝင်ခဲ့ကြသည့် တရုတ်နိုင်ငံသားများအား သက်ဆိုင်ရာနိုင်ငံသို့ လွှဲပြောင်းပေးအပ်နိုင်ရေး စစ်ဆေးဆောင်ရွက်စဉ်။

ရှမ်းပြည်နယ်(မြောက်ပိုင်း)၊ မက်မန်းမြို့နယ်အတွင်း အွန်လိုင်းလိမ်လည်လောင်းကစားမှုလုပ်ကိုင်နေသူများအား လူနေအဆောက်အအုံများ၊ လုပ်ငန်းသုံးပစ္စည်းများနှင့်အတူ ဖမ်းဆီးရမိ။




**၁ ကျောဖုံးမှအဆက်**

လူနေမိုးကာတဲ ၅ လုံး၊ ပေ ၂၀ ပတ်လည်ရှိ လူနေမိုးကာတဲ ၁၂ လုံး၊ အလျား ၄၀ ပေ၊ အနံ ၂၀ ပေရှိ ဆေးစတို ၁ လုံးနှင့် ရေချိုးခန်း၊ အိမ်သာ ၁ လုံး၊ အလျား ၃၀ ပေ၊ အနံ ၂၀ ပေရှိ မီးစက်မိုးကာတဲ ၁ လုံး၊ အလျား ၈၀ ပေ၊ အနံ ၄၀ ပေရှိ လုပ်ငန်းလုပ်ဆောင်သည့် အဆောင် ၂ လုံး၊ အလျား ၄၀ ပေ၊ အနံ ၁၀ ပေရှိ ရေချိုးခန်းအဆောင် ၁ လုံး၊ အလျား ၁၀၀ ပေ အနံ ၃၀ ပေရှိ လူနေဆောင် ၁ လုံး၊ အလျား ၆၀ ပေ၊ အနံ ၂၀ ပေရှိ လူနေဆောင် ၂ လုံး၊ အလျား ၈၀ ပေ၊ အနံ ၂၀ ပေရှိ လူနေဆောင် ၁ လုံး၊ မီးစက် ၈ လုံး၊ All in One ကွန်ပျူတာ ၄၀ လုံး၊ Desktop ၁ လုံး၊ CPU ၁ လုံး၊ Laptop ၇ လုံး၊ Starlink ၈ လုံး၊ ဆိုလာအကြီး၊ အသေး ၉ ချပ်၊ ဒိုင်နမို ၂ လုံး၊ ပန်ကာ ၇ လုံး၊ Power Station 3500 W ၂လုံးနှင့်ဝိုင်ဖိုင်စက်၁၀လုံးတို့ကိုလည်းကောင်း၊ ထပ်မံ၍ ဆက်လက်ရှင်းလင်းရာ အဆိုပါ နေရာတစ်ဝိုက်မှ အလျား ၆၀ ပေ၊ အနံ ၂၀ ပေရှိ လုပ်ငန်းလုပ်ဆောင်သည့် အဆောင် ၂ လုံး၊ ၂၀ ဦးဆံ့ လူနေတဲ ၁၅ လုံး၊ ဆိုင်ကယ် ၂ စီး၊ ရေခဲသေတ္တာ ၂ လုံး၊ Freezer ၅ လုံး နှင့် မီးစက် ၃ လုံးတို့ကို ထပ်မံတွေ့ရှိ သိမ်းဆည်းရမိခဲ့သည်။

လုံခြုံရေးတပ်ဖွဲ့ဝင်များ ပါဝင်သော ပူးပေါင်းအဖွဲ့သည် အဆိုပါနေရာတစ်ဝိုက် သံလွင်မြစ်ကမ်းတစ်လျှောက်၌ ရှာဖွေစစ်ဆေးမှုများ ဆက်လက်ဆောင်ရွက်ရာ ယနေ့နံနက် ၇ နာရီ ၃၀ မိနစ်ခန့်တွင် မက်မန်းမြို့၏ အနောက်တောင်ဘက် ၅၀ ကီလိုမီတာခန့်အကွာ သံလွင်မြစ်အနီး၌ အွန်လိုင်းလိမ်လည်လောင်းကစားမှုလုပ်ငန်း များလုပ်ကိုင်ပြီး ထွက်ပြေးတိမ်းရှောင် နေသည့် တရားမဝင်တရုတ်နိုင်ငံသားများ ကို ၁၈ ဦးပါဝင်သော အဖွဲ့တစ်ဖွဲ့၊ ၁၉ ဦး ပါဝင်သောအဖွဲ့တစ်ဖွဲ့၊ ၂၁ ဦးပါဝင်သောအဖွဲ့ တစ်ဖွဲ့နှင့် ၁၇ ဦးပါဝင်သောအဖွဲ့တစ်ဖွဲ့တို့ဖြင့် စုစုပေါင်း တရားမဝင်တရုတ်နိုင်ငံသား ၇၅ ဦးကို တွေ့ရှိဖမ်းဆီးရမိခဲ့ပြီး ညနေ ၅ နာရီခန့်တွင် အဆိုပါ အနီးတစ်ဝိုက်၌ တရားမဝင်တရုတ်နိုင်ငံသား ၁၅ ဦးကို ထပ်မံတွေ့ရှိဖမ်းဆီးရမိခဲ့ရာ စုစုပေါင်း တရားမဝင်တရုတ်နိုင်ငံသား ၉၀ ဦးကိုတွေ့ရှိ ဖမ်းဆီးရမိခဲ့သည်။

ထို့ပြင် ၎င်းတို့အား ဖမ်းဆီးရမိခဲ့သည့် နေရာတစ်ဝိုက်မှ အွန်လိုင်းလိမ်လည် လောင်းကစားမှုလုပ်ငန်းများ လုပ်ဆောင် ရာတွင် အသုံးပြုသည့် အလျား ၅၀ ပေ၊ အနံ ၁၅ ပေရှိ စားဆောင် ၁ လုံး၊ အလျား ၁၀ ပေ၊ အနံ ၆ ပေရှိ လူနေတဲ ၂၀ လုံး၊ အလျား ၂၀ ပေ၊ အနံ ၁၅ ပေရှိ ဆန်ဂိုဒေါင် ၁ လုံး၊ အလျား ၈ ပေ၊ အနံ ၅ ပေရှိ လျှပ်စစ်ဂိုဒေါင် ၁ လုံး၊ အလျား ၁၀ ပေ၊ အနံ ၅ ပေရှိ ဆေးဂိုဒေါင် ၁ လုံး၊ အလျား ၄၀ ပေ၊ အနံ ၁၅ ပေရှိ စားချက်ဆောင် ၁ လုံး၊ အလျား ၁၀ ပေ၊ အနံ ၅ ပေရှိ ဂိတ်ဝင်/ထွက်ဆောင် ၁ လုံး၊ အလျား ၄၀ ပေ၊ အနံ ၁၅ ပေရှိ ရိက္ခာဂိုဒေါင် ၁ လုံး၊ အလျား ၁၅ ပေ၊ အနံ ၁၀ ပေရှိ မီးစက်ထားသည့်အဆောင် ၁ လုံး၊ အလျား ၁၀ ပေ၊ အနံ ၅ ပေရှိ အထွေထွေဂိုဒေါင် ၁ လုံး၊ ဆန်အိတ် ၁၀၀ အိတ်၊ မီးစက် ၅ လုံး၊ Freezer ၃ လုံး၊ ဂက်စ်အိုး ၂၀ လုံး၊ ၁၄ ကန့်ပါ ထမင်းပေါင်းအိုး ၁ လုံး၊ ငါးထပ်သားပြား ၈၉ ပြား၊ ဆိုင်ကယ် ၄ စီးနှင့် Star Link ၂ လုံးတို့ကိုလည်းကောင်း၊ အဆိုပါနေရာမှ ထပ်မံရှာဖွေစစ်ဆေးရာ အွန်လိုင်းလိမ်လည်လောင်းကစားမှုများ လုပ်ကိုင်ရာတွင်အသုံးပြုသည့် အလျား ၈၀ ပေ၊ အနံ ၃၀ ပေရှိ အမျိုးသမီးအိပ်ဆောင် ၁ လုံး၊ အလျား ၈၀ ပေ၊ အနံ ၄၀ ပေရှိ အမျိုးသားအိပ်ဆောင် ၁ လုံး၊ အလျား ၃၀ ပေ၊ အနံ ၁၅ ပေရှိ မီးဖိုဆောင် ၁ လုံး၊ အလျား



အွန်လိုင်းလိမ်လည်လောင်းကစားမှုကျူးလွန်ရာတွင် ပါဝင်ပတ်သက်ခဲ့သည့် တရုတ်နိုင်ငံသားအမျိုးသား ၁၈ ဦးကို တွေ့မြင်ရစဉ်။



အွန်လိုင်းလိမ်လည်လောင်းကစားမှုကျူးလွန်ရာတွင် ပါဝင်ပတ်သက်ခဲ့သည့် တရုတ်နိုင်ငံသားအမျိုးသား ၁၅ ဦးကို တွေ့မြင်ရစဉ်။








မေလ ၁၂ ရက်နေ့တွင် သံလွင်မြစ်၏အရှေ့ဘက်ကမ်းတစ်လျှောက်တွင် တရားမဝင်အွန်လိုင်းလိမ်လည်မှုလုပ်ငန်းများဆောင်ရွက်ခဲ့သည့် သိမ်းဆည်းရမိအဆောက်အအုံများနှင့် လုပ်ငန်းသုံးပစ္စည်းများကို တွေ့မြင်ရစဉ်။








မေလ ၁၃ ရက်နေ့တွင် မက်မန်းမြို့နယ်အတွင်း တရားမဝင်အွန်လိုင်းလိမ်လည်မှုလုပ်ငန်းများဆောင်ရွက်ခဲ့သည့် သိမ်းဆည်းရမိအဆောက်အအုံများနှင့် လုပ်ငန်းသုံးပစ္စည်းများကို တွေ့မြင်ရစဉ်။








မေလ ၁၃ ရက်နေ့တွင် မက်မန်းမြို့နယ်အတွင်း တရားမဝင်အွန်လိုင်းလိမ်လည်မှုလုပ်ငန်းများဆောင်ရွက်ခဲ့သည့် သိမ်းဆည်းရမိအဆောက်အအုံများနှင့် လုပ်ငန်းသုံးပစ္စည်းများကို တွေ့မြင်ရစဉ်။

၁၅ ပေ၊ အနံ ၅ ပေရှိ ၇ လုံးတွဲအိမ်သာ ၁ လုံး၊ အလျား ၃၀ ပေ၊ အနံ ၁၅ ပေရှိ ရေချိုးကန် ၁ လုံး၊ ၅ ပေပတ်လည် ကင်းတဲ ၁ လုံး၊ အလျား ၉ ပေ၊ အနံ ၅ ပေရှိ ရေတိုင်ကီအပါ ရေသန့်စက် ၁ လုံး၊ အလျား ၆၀ ပေ၊ အနံ ၂၅ ပေရှိ လူနေဆောင် ၁ လုံး၊ အလျား ၅၀ ပေ၊ အနံ ၂၅ ပေရှိ ပစ္စည်းသိုလှောင်ရုံ ၁ လုံး၊ မီးစက်အကြီး ၄ လုံး၊ ရေခဲသေတ္တာအကြီး ၄ လုံး၊ ထမင်းပေါင်းအိုးအကြီး ၁ လုံး၊ ပလတ်စတစ်ထိုင်ခုံ ၃၀ လုံး၊ ဒီဇယ်ဆီထည့်သည့် ပုံးအပြာ ၁၀ လုံး၊ ဆီတစ်ဝက်ပါ ဆီပီပါ ၁ လုံးနှင့် ဆက်စပ်ပစ္စည်းများကို ထပ်မံတွေ့ရှိ သိမ်းဆည်းရမိခဲ့သည်။

မေလ ၁၃ ရက်နေ့တွင် မက်မန်းမြို့နယ်အတွင်း တရားမဝင်အွန်လိုင်း လိမ်လည်မှုလုပ်ငန်းများ ဆောင်ရွက်ခဲ့သည့် သိမ်းဆည်းရမိ အဆောက်အအုံများနှင့် လုပ်ငန်းသုံးပစ္စည်း များကို တွေ့မြင်ရစဉ်။




အဆိုပါ သိမ်းဆည်းရမိ အွန်လိုင်းလိမ်လည်လောင်းကစားမှုများပြုလုပ်ရာတွင် အသုံးပြုသည့် ဆက်စပ်ပစ္စည်းများကို လုပ်ထုံးလုပ်နည်းများနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ပြီး ဖမ်းဆီးရမိသူများကိုလည်း ဥပဒေနှင့်အညီ ထိထိရောက်ရောက် အရေးယူဆောင်ရွက်သွားမည်ဖြစ်ကြောင်းနှင့် နောက်ကွယ်မှ ပါဝင်ပတ်သက်သူများကိုလည်း စိစစ်ဖော်ထုတ်ကာ တရားဥပဒေနှင့်အညီ ထိရောက်စွာ အရေးယူနိုင်ရေး ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း သိရှိရသည်။

မြန်မာနိုင်ငံအစိုးရအနေဖြင့် အွန်လိုင်းလိမ်လည်မှုများနှင့် အွန်လိုင်းလောင်းကစားမှုတိုက်ဖျက်ရေးလုပ်ငန်းစဉ်များကို တက်ကြွစွာ ပူးပေါင်းဆောင်ရွက်လျက်ရှိသည့်အပြင် အကြောင်းအမျိုးမျိုးကြောင့် မြန်မာနိုင်ငံအတွင်းသို့ ရောက်ရှိနေပြီး အွန်လိုင်း လိမ်လည်လောင်းကစားမှုတွင် တစ်နည်းနည်းဖြင့် ပါဝင်ပတ်သက်နေသည့် ပြည်ပနိုင်ငံသားများကိုလည်း တရားဥပဒေနှင့်အညီစစ်ဆေးကာ လူသားချင်းစာနာထောက်ထားမှုနှင့် နိုင်ငံအချင်းချင်းချစ်ကြည်ရင်းနှီးမှုတို့ကိုရှေးရှု၍ သက်ဆိုင်ရာနိုင်ငံများသို့ ပြန်လည်လွှဲပြောင်းပေးခြင်းများ၊ အဓိကပြစ်မှုကျူးလွန်ခဲ့သူများကိုလည်း ဖမ်းဆီးထိန်းသိမ်းပြီး သက်ဆိုင်ရာအစိုးရအဖွဲ့ထံ တရားဝင်လွှဲပြောင်းပေးခြင်းများနှင့် တရားဥပဒေနှင့်အညီ ထိရောက်စွာအရေးယူခြင်းများဆောင်ရွက်လျက်ရှိကြောင်း သတင်းရရှိသည်။

(၁၀၀)

MYAWADY IN ENGLISH

www.myawady.net.mm DAILY EDITION E-mail:mwddailynewspapergroup@gmail.com

## Press Release

Mr. Abdelmadjid TEBBOUNE, President of the People's Democratic Republic of Algeria sent a congratulatory message to U Min Aung Hlaing, on the occasion of his election as President of the Republic of the Union of Myanmar.

**Nay Pyi Taw**

**Dated: 13 May 2026**

# Three education staff wounded in wicked and irrational FPV suicide drone attacks against education staff who are conducting administrative functions at basic education school (branch) in Indaw



FPV suicide drones launched by PDF terrorist insurgents.



The photo shows the damage caused by terrorist drone attack.

NAY PYI TAW May 13

The education sector is a vitally important foundation for development of the country. It is the education that can promote human resources alongside other sectors including economic, social, technological and political sectors. It also stands as a force to shape the future. Hence, the government is taking the combined strength of Tatmadawmen and relevant organizations in its endeavours for fully utilization of education opportunities and reopening of the schools in the coming academic year, with the aim of preventing educational setbacks for the new generation youths.

On the other hand, a terrorist group by the name NUG and its subordinate, PDF terrorist group, are applying various means to halt the education programs, attacking schools with drones from afar, intimidating, abducting and killing students, teachers and parents, burning down and blowing up education buildings,and incinerating education aids, school text books and exercise books, which are nonmilitary targets. The groups are committing the terrorist acts with the wicked and barbarous intention of increasing the number of uneducated persons by ruining the learning opportunities of future children and rallying support for them through coercions.



A wounded person.

While teachers and office staff of a basic education school (branch) (Aungzeya) in Indaw were making preparations to facilitate the enrolment process and properly arrange the teaching aids and classrooms on 12 May, PDF terrorist insurgents attacked the school with two FPV suicide drones from a place 2,600 meters west of Indaw at 11.45 am. the drones exploded in the vicinity of the school, destroying some classrooms. In addition, one primary head-master and two office staff were hit by shrapnel and sustained non-life-threatening injuries. They were under intense care.

The deliberate attacks of PDF terrorist insurgents on nonmilitary targets such as education buildings where students are pursuing education peacefullyamounts to committing a war crime in accordance with the Geneva Conventions and international law. In this regard, local people strongly condemned the criminal act and the security forces are intensifying their area security operations.

100

# Myinmu Township finishes harvest of more than 4,000 acres of wheat

MYINMU May 13

Statistics of Sagaing District Agriculture Department stated that local farmers have harvested more than 4,000 acres of wheat in Myinmu Township of Sagaing Region.

In Myinmu Township, during the winter cropping season, a total of 8,808 acres of wheat were cultivated. Harvesting of the cultivated wheat fields began in February this year, and as of today, 4,545 acres have been harvested, with an average yield of 20.89 baskets per acre.

"During the winter cropping season in Myinmu Township, 8,808 acres of wheat were planted. At present, harvesting is ongoing, and more than 4,000 acres have been harvested so far. We have conducted awareness and extension activities for farmers regarding wheat cultivation. To increase yields, we supported irrigation, fertilizer application, and weeding. We also promoted the use of high-quality seeds to improve wheat production," said Daw Myat Moe Win, District Head of the Department of Agriculture in Sagaing District.

In Myinmu Township, efforts have been carried out during the cropping season to ensure that all planned acreage for winter crops is fully cultivated, to improve wheat yields and quality, to enable systematic production of high-quality wheat, and to prevent pest-related risks. It is also reported that wheat is typically planted in October, November, and December, and harvested in February, March, and April.

The cost of cultivating one acre of wheat is approximately Ks-300,000, and an average yield of about 21 baskets per acre can be obtained.



The Myinmu Township Department of Agriculture has also been providing support to wheat farmers by conducting training courses to improve yields, facilitating access to quality seeds, and selling urea fertilizer at affordable prices.

**SMK**

# All plantations of lablab beans harvested in Monywa Township

MONYWA May 13

Statistics of Monywa Township Agriculture Department stated that local farmers reaped all plantations of lablab beans in Monywa Township of Sagaing Region this year.

In Monywa Township, a total of 5,552 acres of lablab bean (butter bean) were cultivated during the winter cropping season. Harvesting of these fields began in January this year, and as of today, 100 percent of the acreage has been harvested, with an average yield of 16.90 baskets per acre.

"During the winter cropping season in Monywa Township, 5,552 acres of lablab bean were cultivated. At present, all of the cultivated acreage has been fully harvested. To ensure good yield and quality of the crop, we worked together with farmers to provide necessary high-quality seeds, agricultural inputs, and post-harvest technologies," said U Soe Thet Aung, Head of the Department of Agriculture in Monywa Township.



It is reported that the Township Department of Agriculture has also carried out awareness and extension activities to help farmers expand lablab bean cultivation, achieve higher yields, adopt Good Agricultural Practices (GAP), use quality seeds, and cultivate high-yielding varieties.

Crops grown under the GAP system are of higher quality than those produced using other methods, can fetch better prices, and are suitable not only for domestic markets but also for export to international markets. Therefore, farmers adopting these practices can gain greater economic benefits and improve their socio-economic conditions.

**SMK**

# Green gram plantations harvested in Mawlaik District

MAWLAIK May 13

Agricultural data compiled by Mawlaik District Agriculture Department indicated that local farmers have harvested all plantations of green gram in Mawlaik Distrit of Sagaing Region.

During the winter cropping season in Mawlaik District, a total of 1,360 acres of green gram were cultivated. Harvesting of the cultivated green gram fields began in January this year, and as of today, harvesting has been completed on all 1,360 acres—371 acres in Mawlaik Township and 989 acres in Phaungpyin Township. The yield exceeded 16 baskets per acre.

"In Mawlaik District, only 1,360 acres of green gram were cultivated during the winter cropping season. At present, all of these cultivated areas have been fully harvested. Green gram cultivation has been increasing year by year. We are also providing extension education to expand cultivation and encouraging the use of high-quality seeds to achieve better yields," said Daw Kywe Kywe Hlaing, District Head of the Department of Agriculture in Mawlaik.

In Mawlaik District, the respective township Departments of Agriculture have been providing awareness and technical support to green gram farmers, including ensuring access to regionally suitable quality seeds, promoting correct cultivation methods, preventing pest infestations, encouraging systematic use of fertilizers, and improving crop yields.

During this year's winter cropping season, in collaboration with farmers, efforts are being made to support the cultivation of various pulses by providing necessary high-quality seeds, agricultural inputs, and post-harvest technologies to ensure better yield and quality.

**SK**

# Mawlamyinegyun Township supplies 45,000 bags of black gram to Yangon

MAWLAMYINEGYUN May 13

"Local merchants from Mawlamyinegyun Township of Ayeyawady Region shipped 45,000 bags of black gram to Yangon market," said Daw Thida, the owner of pulses and beans trading depot in Mawlamyinegyun Township.

From Mawlamyinegyun Township to the Yangon market, 45,000 bags (24 pyi per bag) of black gram were exported and sold.


"We were able to export and sell up to 45,000 bags (24 pyi each) of black gram from Mawlamyinegyun to the Yangon market. At present, pulses produced locally are still seeing strong demand from Yangon. The demand from Yangon has improved because international markets have resumed strong purchasing of black gram. Traders and warehouse operators here export locally produced pulses and rice to Yangon. Black gram and mung beans are mostly exported to China as part of the international market. It is understood that overseas demand has now become quite strong," said Daw Thida, a pulses trader from Mawlamyinegyun Township.

Black gram exported from Mawlamyinegyun to the Yangon market is currently priced at up to Ks-135,000 per 24-pyi bag. Due to the good prices and strong demand, farmers, traders, loading and unloading workers, and truck drivers involved in transport are all benefiting.

**SK**


●● From Page - 21





Seized buildings and business equipment used for illegal online fraud operations along the east bank of the Thanlwin River on May 12 being seen.





Seized buildings and business equipment used for illegal online fraud operations in Mongman Township on May 13 being seen.

20 ft residential building; eight generators; 40 All-in-One computers; one desktop computer; one CPU; seven laptops; eight Starlink terminals; nine large and small solar panels; two dynamos; seven fans; two 3500W power stations; and ten Wi-Fi devices. Continuing clearance operations in the surrounding area, the team additionally found and seized two 60 ft by 20 ft operational buildings, fifteen residential tents (each accommodating 20 people), two motorcycles, two refrigerators, five freezers, and three generators.


The combined team, including security forces, continued search operations along the Thanlwin River bank in the vicinity. Around 7:30 AM today, approximately 50 kilometers southwest of Mongman Town, near the Thanlwin River, they arrested a total of 75 illegal Chinese nationals who had fled from their online fraud and gambling operations, comprising one group of 18, one group of 19, one group of 21, and one group of 17. Around 5:00 PM, an additional 15 illegal Chinese nationals were arrested nearby, bringing the total number of illegal Chinese nationals arrested to 90.

A 50x15 feet building used in online gambling and scams, 20 10x6 feet tents, a 20x15 feet rice warehouse, an 8x5 feet warehouse for electric appliances, a 10x5 feet medicine warehouse, a 40x15 feet kitchen building, a 10x5 feet gate building, a 40x15 feet food warehouse, a 15x10 feet generator building, a 10x5 feet general warehouse, 100 bags of rice, five generators, three freezers, 20 gas cylinders, a 14-tier rice cooker, 89 sheets of plywood, four motorcycles and two Star Link devices were seized near the site they were arrested. During another inspection, an 80x30 feet female hostel, an 80x40 male hostel, a 30x15 feet kitchen, a 15x5 feet building for seven toilets, a 30x15 bathroom tank, a 5x5 guard tent, a water purifier including a 9x5 feet water tank, 60x25 feet hostel, a 50x25 warehouse, one big generator, four big refrigerators, one big rice cooker, 30 plastic chairs, 10 blue diesel containers, a tank with half a barrel of oil and paraphernalia used in online gambling and scams were further discovered and seized.

The paraphernalia used in online gambling and scams will be dealt in accordance with rules and regulations and effective action will be taken against those who were detained while those who were involved behind the scene will be exposed and measures will be taken to take effective action against them in accordance with the law.

The government of Myanmar has been cooperating in the combat against online scams and gambling while repatriating those who entered Myanmar for various reasons and were involved in online scams and gambling in one way or another out of humanitarian and friendship grounds among countries after investigating them in accordance with the law. Effective action was reportedly taken against main culprits and they were detained in accordance with the law and officially extradited to relevant governments.

100





Seized buildings and business equipment used for illegal online fraud operations in Mongman Township on May 13 being seen.





Seized buildings and business equipment used for illegal online fraud operations in Mongman Township on May 13 being seen.

# 90 Chinese nationals involved in online fraud and gambling operations near Thanlwin River in Mongman Township arrested along with related equipment

NAY PYI TAW May 13

The government, regarding the fight against online fraud and gambling that poses dangers internationally and globally as a national duty, is actively working to ensure such operations cannot establish a foothold in Myanmar. This is being done in coordination with domestic forces as well as neighbouring governments. As a result, on May 12 and today (May 13), 90 Chinese nationals who were operating online fraud and gambling businesses near the Thanlwin River in Mongman Township, Northern Shan State, were arrested along with the equipment used in their operations.

According to intelligence that online fraud and gambling activities were being conducted along the east bank of the Thanlwin River in Mongman Township, Mongman District, Northern Shan State, a combined team including security forces conducted searches. Around 4:00 PM on May 12, approximately 55 kilometers southwest of Mongman Town, near the Thanlwin River, they seized: three 80 ft by 40 ft residential tarpaulin tents; one dining tarpaulin tent; five two-storey (with sleeping platforms) residential tarpaulin tents measuring 60 ft by 20 ft; twelve 20 ft by 20 ft residential tarpaulin tents; one 40 ft by 20 ft pharmacy storage tent; one bathroom/toilet; one 30 ft by 20 ft generator tarpaulin tent; two 80 ft by 40 ft operational buildings; one 40 ft by 10 ft bathroom building; one 100 ft by 30 ft residential building; two 60 ft by 20 ft residential buildings; one 80 ft by

See Page - 20 ●●

Chinese nationals who were involved in committing online fraud and gambling activities being seen.



19 illegal Chinese males.



17 illegal Chinese males.





Seized buildings and business equipment used for illegal online fraud operations along the east bank of the Thanlwin River on May 12 being seen.





Seized buildings and business equipment used for illegal online fraud operations along the east bank of the Thanlwin River on May 12 being seen.

## Public Notice for Elimination of Violence

1. Declaring themselves to be “for the people”, the so-called CRPH, NUG and PDF terrorist groups are lawlessly killing Buddhist monks, civil servants including schoolteachers, and members of the general public, as well as looting and robbing.
2. Not encouraging, supporting, or assisting “CRPH”, “NUG”, and “PDF” terrorists, who are intimidating and killing people and committing destructive activities, is to protect the lives and property of the general public.
3. Giving information secretly to the authorities on terrorists and on possession and transport of weapons/ammunition is tantamount to protecting the lives and property of innocent people.

# မဖြစ်မနေဆင်နွှဲရမယ့်စစ်ပွဲဆိုတဲ့ကြွေးကြော်သံနဲ့အတူ အရှေ့အရပ်ဆီသို့ တစ်ကျော့ပြန်ချီတက်လာပြန်တဲ့ ဂျာမနီ



နာဇီဂျာမနီတို့ ဒုတိယကမ္ဘာစစ်ရှုံးနိမ့်မှု ၈၁ နှစ်မြောက်နှစ်ပတ်လည်နေ့မတိုင်မီ ရက်ပိုင်းအလိုမှာပဲ ဂျာမနီအစိုးရဟာ ခေတ်သစ်ဂျာမနီဖက်ဒရယ်သမ္မတနိုင်ငံရဲ့သမိုင်းတစ်လျှောက်မှာ မကြုံစဖူးထူးခြားတဲ့ ခြေလှမ်းအသစ်တစ်ခုကို လှမ်းလိုက်ပါတယ်။ အဲဒါကတော့ "ဥရောပအတွက်တာဝန်ယူမှု" လို့ အမည်ပေးထားတဲ့ ဂျာမနီရဲ့ ပထမဆုံးစစ်ရေးမဟာဗျူဟာကို ထုတ်ဖော်ကြေညာလိုက်ခြင်းပါပဲ။ ဆယ်စုနှစ်ပေါင်းများစွာကြာအောင် ကိုယ့်ကိုယ်ကိုယ်ထိန်းသိမ်းစောင့်စည်းခြင်းနဲ့ နောင်တရခြင်းတွေအပေါ်မှာ အခြေခံရပ်တည်ခဲ့တဲ့ ဂျာမနီနိုင်ငံဟာ အခုဆိုရင် "ဥရောပမှာ အင်အားအကောင်းဆုံးသော သမားရိုးကျတပ်ဖွဲ့ကြီး" တည်ဆောက်ဖို့ရည်မှန်းထားတယ်လို့ ပွင့်ပွင့်လင်းလင်း ကြေညာလာခဲ့ပါပြီ။

ဂျာမနီအစိုးရက ဒီလိုအသွင်ကူးပြောင်းမှုဟာ ခုခံကာကွယ်ဖို့သက်သက်သာဖြစ်တယ်လို့ အခိုင်အမာပြောဆိုနေပါတယ်။ သူတို့သတ်မှတ်တဲ့ခြိမ်းခြောက်ရန်သူက ရုရှားဖြစ်ပြီး သူတို့ရဲ့ရည်မှန်းချက်ကတော့ ရန်သူကိုဟန့်တားဖို့ပဲဖြစ်တယ်လို့ဆိုပါတယ်။ ဒါပေမဲ့ သမိုင်းသင်ခန်းစာတွေအရ ဂျာမနီအစိုးရဟာ "စစ်ရေးအရလိုအပ်ချက်"၊ "မဟာဗျူဟာမြောက်ဦးဆောင်မှု"၊ "ဥရောပတိုက်အပေါ်တာဝန်ယူမှု" စတဲ့ စကားလုံးတွေ စတင်သုံးနှုန်းလာပြီဆိုရင် ဥရောပသားတွေအနေနဲ့ အထူးသတိထား စောင့်ကြည့်ရတော့မှာဖြစ်ပါတယ်။ ဒီအယူဝါဒအသစ်ဟာ စစ်ပြီးခေတ်ဂျာမနီရဲ့ မူဝါဒအဟောင်းတွေကို အတွေးအခေါ်ပိုင်းအရ မြေမြှုပ်သင်္ဂြိုဟ်လိုက်တာပဲဖြစ်ပါတယ်။

ဂျာမနီနိုင်ငံရဲ့လူ့အဖွဲ့အစည်းဟာ စစ်မက်လိုလားမှုကိုဆန့်ကျင်တဲ့ ဘုံသဘောတူညီချက်ပေါ်မှာ ဆယ်စုနှစ်ပေါင်းများစွာတိုင်အောင် တည်ဆောက်ခဲ့တာပါ။ စစ်အင်အားကို သံသယစိတ်နဲ့ကြည့်ပြီး ငြိမ်းချမ်းရေးဝါဒဟာ နိုင်ငံသားတွေရဲ့ ဘာသာတရားတစ်ခုလိုမျိုး ဖြစ်လာခဲ့ပါတယ်။ ဥရောပမှာ ဂျာမနီက စစ်ရေးအရ ဦးဆောင်မယ်ဆိုတဲ့ အတွေးအခေါ်မျိုးကို နိုင်ငံရေးအရ အဆိပ်အတောက်တစ်ခုလိုမျိုးရှောင်ကြဉ်ခဲ့ကြပါတယ်။ ဒါပေမဲ့ နှစ်အနည်းငယ်အတွင်းမှာပဲ အရာအားလုံးဟာ များစွာပြောင်းလဲသွားပါပြီ။ ဂျာမနီလူ့အဖွဲ့အစည်းရဲ့ ကြီးမားတဲ့အစိတ်အပိုင်းကြီးတစ်ခုက ရုရှားရဲ့ခြိမ်းခြောက်မှုတွေ အချိန်မရွေးကျရောက်နိုင်တယ်ဆိုတဲ့ပြောဆိုချက်ကိုလက်ခံလာပြီး ၁၉၄၅ ခုနှစ်ကတည်းက စနစ်တကျမွေးမြူလာတဲ့ ငြိမ်းချမ်းရေးဝါဒကို စွန့်လွှတ်လိုက်ကြပါပြီ။

ဂျာမနီနိုင်ငံရဲ့ နိုင်ငံရေးနဲ့ စစ်ဘက်ခေါင်းဆောင်ပိုင်းတွေဟာ အခုဆိုရင် "စစ်ပွဲအတွက်အသင့်ဖြစ်မှု" နဲ့ "တိုက်ပွဲဝင်နိုင်စွမ်း" အကြောင်းတွေကို ပွင့်ပွင့်လင်းလင်း ပြောဆိုလာကြပါတယ်။ ဂျာမနီတပ်မတော် အသွင်ကူးပြောင်းရေးအဓိကပုဂ္ဂိုလ်တစ်ဦးဖြစ်တဲ့ ဗိုလ်ချုပ်ကာစတန်ဘရူအာက အာဖဂန်နစ္စတန်လိုမျိုး ပဋိပက္ခတွေဟာ "ရွေးချယ်စရာရှိတဲ့ စစ်ပွဲတွေ" ဖြစ်ခဲ့ပေမယ့် အနာဂတ်မှာ ရုရှားနဲ့ရင်ဆိုင်ရမယ့် ထိပ်တိုက်တွေ့မှုကတော့ ဥရောပအနေနဲ့ တွန့်ဆုတ်နေလို့မရနိုင်တဲ့ "မဖြစ်မနေဆင်နွှဲရမည့်စစ်ပွဲ" ဖြစ်မယ်လို့ဆိုပါတယ်။ ဒီလိုအမြင်အရဆိုရင် ဥရောပနိုင်ငံတွေဟာ ဥရောပတိုက်လုံးဆိုင်ရာ စစ်ပွဲတစ်ခုအတွက် ကြိုတင်ပြင်ဆင်ကြတဲ့အနေနဲ့ စစ်ရေးအရပေါင်းစည်းကြရမှာဖြစ်ပါတယ်။

တကယ်တော့ ပြဿနာက စစ်အင်အားကိုတိုးချဲ့တာတစ်ခုတည်းမဟုတ်ပါဘူး။ ဥရောပမှာ ပိုမိုအားကောင်းတဲ့တပ်ဖွဲ့တွေ၊ စက်မှုစွမ်းအားတွေနဲ့ ကိုယ့်ကိုယ်ကိုယ်ခုခံကာကွယ်နိုင်စွမ်းရှိတဲ့ လူ့အဖွဲ့အစည်းတွေ လိုအပ်နေတာတော့အမှန်ပါပဲ။ စစ်အေးတိုက်ပွဲအပြီး ထာဝရငြိမ်းချမ်းရေးရပြီဆိုတဲ့ စိတ်ကူးယဉ်အိပ်မက်တွေကတော့ ပြိုလဲသွားပါပြီ။ ကမ္ဘာကြီးက ပိုမိုခက်ခဲကြမ်းတမ်းပြီး အန္တရာယ်များလာချိန်မှာ ဥရောပမှာ မဟာဗျူဟာမြောက်ပေါ့ဆမှုတွေရှိခဲ့ပါတယ်။ ဒါပေမဲ့ ဥရောပရဲ့ လက်ရှိစစ်ရေးနိုးထမှုဟာ ရုရှားနဲ့ ထိပ်တိုက်တွေ့ဖို့ကိုပဲ စွဲလမ်းနေတဲ့ အယူဝါဒပြင်းထန်လှတဲ့ လစ်ဘရယ်အထက်တန်းလွှာတွေရဲ့ လက်အောက်မှာ ပေါ်ပေါက်လာတာဖြစ်ပါတယ်။ ဒီစွဲလမ်းမှုဟာ ဥရောပတိုက်ကို အန္တရာယ်ရှိတဲ့ ခရီးပတ်လမ်းကြောင်းထဲကို တွန်းပို့နေပါတယ်။

ဘာလင်နဲ့ တခြားဥရောပမြို့တော်တွေမှာရှိတဲ့ နိုင်ငံရေးအသိုင်းအဝိုင်းတွေကြားမှာ ၂၀၂၉ ခုနှစ်ခန့်မှာ ရုရှားက NATO နဲ့ ဥရောပသမဂ္ဂကို တိုက်ခိုက်လာနိုင်တယ်ဆိုတဲ့ ယုံကြည်မှုတွေပျံ့နှံ့နေပါတယ်။ ဒါဟာ အမှန်တကယ် ယုံကြည်တာပဲဖြစ်ဖြစ်၊ နိုင်ငံရေးအရအသုံးချတာပဲဖြစ်ဖြစ် ဒီလိုပြောဆိုချက်တွေရဲ့ အကျိုးဆက်ကတော့ ကြီးမားပါတယ်။ ရုရှားဟာ ဥရောပကို ကျူးကျော်ဖို့စိတ်ဝင်စားကြောင်း မပြသခဲ့ပါဘူး။ ဒါပေမဲ့ မဟာဗျူဟာမြောက် စိုးရိမ်လွန်ကဲမှုတွေနဲ့ အဆိုးဆုံးကိုကြိုတင်တွေးဆမှုတွေဟာ နိမိတ်ဖတ်ထားသလို တကယ်ဖြစ်လာတတ်တယ်ဆိုတာကို သမိုင်းက ထပ်ခါတလဲလဲပြသခဲ့ပြီးပါပြီ။

၂၀၂၇ ခုနှစ်မှာ အပြည့်အဝတာဝန်ထမ်းဆောင်နိုင်တော့မယ့် ဂျာမနီရဲ့ Panzer တပ်မဟာ ၄၅ ဟာ ၁၉၅၀ ပြည့်နှစ်တွေမှာ ဂျာမနီဖက်ဒရယ်တပ်မတော်ကို တည်ထောင်ပြီးကတည်းက ပထမဆုံးအကြိမ်အဖြစ် ပြည်ပမှာအမြဲတမ်းအခြေစိုက်မယ့် ဂျာမနီတိုက်ခိုက်ရေးတပ်မဟာဖြစ်လာမှာပါ။ ဘယ်လာရုစ်နယ်စပ်အနီးမှာ စစ်သည်နဲ့အရပ်သားဝန်ထမ်း ၄၈၀၀ ခန့် အမြဲတမ်းအခြေစိုက်ဖို့ မျှော်မှန်းထားပါတယ်။ အဲဒီတပ်မဟာဟာ NATO ရဲ့ အရှေ့ဘက်ခြမ်းအမြဲတမ်းအင်အားစုအဖြစ်ပါဝင်ဖို့ ရည်ရွယ်တာပါ။ ဂျာမနီတပ်တွေ အရှေ့ဘက်ကိုချီတက်ခဲ့ပြီးနောက် နှစ်ပေါင်း ၈၀ ကျော်အကြာမှာတော့ ဂျာမနီသံချပ်ကာတပ်တွေဟာ ရုရှားကိုမျက်နှာမူတဲ့ ဘောတစ်ဒေသမှာ တစ်ကျော့ပြန်အခြေစိုက်လာတာဖြစ်ပါတယ်။

လက်ရှိမှာ ၂၀၁၁ ခုနှစ်တုန်းက ဖျက်သိမ်းခဲ့တဲ့ စစ်မှုထမ်းစနစ်ကိုပြန်လည်ကျင့်သုံးဖို့ ဂျာမနီနိုင်ငံမှာ ဆွေးနွေးနေကြပါပြီ။ ဆန္ဒအလျောက်တာဝန်ထမ်းဆောင်တဲ့စစ်သည်တွေနဲ့စုဖွဲ့ထားတဲ့ တပ်မတော်တစ်ခုတည်းနဲ့ တိုင်းပြည်ကိုကာကွယ်နိုင်တယ်ဆိုတဲ့ အယူအဆဟာ ခေတ်မမီတော့ဘူးလို့ ဂျာမနီနိုင်ငံမှာ ရှုမြင်လာကြပါတယ်။ ပြီးခဲ့တဲ့ ဇန်နဝါရီလကတည်းက ဂျာမနီမှာရှိတဲ့ အသက် ၁၈ နှစ်အရွယ် လူငယ်တွေဆီ စစ်မှုထမ်းဆောင်လိုခြင်းရှိ၊ မရှိမေးခွန်းလွှာတွေ ပို့နေပါပြီ။ အမျိုးသားတွေအတွက်ကတော့ ဒီမေးခွန်းလွှာဖြည့်စွက်ဖို့က မဖြစ်မနေလိုအပ်ပါတယ်။ ၂၀၂၇ ခုနှစ်မှစပြီး အသက် ၁၈ နှစ်ပြည့် အမျိုးသားအားလုံး စစ်မှုထမ်းဖို့ ကျန်းမာရေးစစ်ဆေးမှုတွေ မဖြစ်မနေခံယူရဖွယ်ရှိပါတယ်။

ဂျာမနီရဲ့ ဒီလိုပြောင်းလဲမှုဟာ တစ်နိုင်ငံတည်းမှာ ဖြစ်နေတာမဟုတ်ပါဘူး။ ဂျာမနီနိုင်ငံက စစ်အင်အားဖြည့်တင်းနေချိန်မှာပဲ ပိုလန်နိုင်ငံက ဥရောပသမဂ္ဂမှာ အကြီးမားဆုံး ခြေလျင်တပ်ကြီးဖြစ်လာမယ့် တပ်ဖွဲ့တစ်ခုကိုတည်ဆောက်နေပါတယ်။ ဝါဆောအစိုးရဟာ တင့်တွေ၊ အမြောက်စနစ်တွေ၊ တိုက်လေယာဉ်တွေနဲ့ ဒုံးကျည်စနစ်တွေကို အကြီးအကျယ်ဝယ်ယူပြီး ဥရောပမှာ အပြင်းထန်ဆုံးစစ်အင်အားတိုးချဲ့မှုအစီအစဉ်ကို လုပ်ဆောင်နေပါတယ်။ အကယ်၍ ဒီအခြေအနေအတိုင်း ဆက်သွားမယ်ဆိုရင် အလယ်ဥရောပဒေသမှာ ဂျာမနီနဲ့ ပိုလန်တို့ရဲ့ စုပေါင်းစစ်အင်အားက ၁ သန်းနီးပါးရှိလာတော့မှာဖြစ်ပါတယ်။

ဒါ့အပြင် ပြင်သစ်ရဲ့ နျူကလီးယားလက်နက်တွေကို ဥရောပတိုက်လုံးဆိုင်ရာ ကာကွယ်ရေးအတွက် အသုံးပြုဖို့ဆွေးနွေးလာတာတွေနဲ့ ပေါင်းစပ်လိုက်မယ်ဆိုရင် ပြင်သစ်-ဂျာမနီ-ပိုလန်ဝင်ရိုးတန်းတစ်ခု ထွက်ပေါ်လာမှာဖြစ်ပြီး ယူကရိန်းရဲ့တိုက်ပွဲဝင်အတွေ့အကြုံရှိတဲ့ တပ်မတော်ကလည်း အားဖြည့်ပေးဖွယ်ရှိပါတယ်။ ရုရှားအနေနဲ့ကတော့ ဥရောပက ခုခံကာကွယ်ဖို့လို့ ဘယ်လိုပဲပြောပြော ဒါကိုခြိမ်းခြောက်မှုတစ်ခုအဖြစ်မြင်လာမှာ အသေအချာပါပဲ။ ရုရှားကိုဆန့်ကျင်တဲ့ ယူကရိန်းနဲ့အတူ ဂျာမနီ၊ ပိုလန်၊ ပြင်သစ်တို့ လွှမ်းမိုးထားတဲ့ စစ်ရေးအင်အားစုကြီးဟာ ဥရောပတိုက်ရဲ့ ငြိမ်းချမ်းရေးကိုတည်ဆောက်ဖို့ ပိုမိုခက်ခဲစေမှာဖြစ်ပါတယ်။

ရုရှားမပါဘဲ ဥရောပမှာ ရေရှည်တည်တံ့တဲ့ လုံခြုံရေးမရှိနိုင်ပါဘူး။ ဒါဟာ ဒီနေ့ခေတ် ဥရောပအထက်တန်းလွှာတွေ နားလည်ဖို့ကိုငြင်းဆန်နေတဲ့ အခြေခံအကျဆုံးလက်တွေ့ဘဝဖြစ်ပါတယ်။ ပထဝီဝင်အနေအထားအရ ဥရောပလုံခြုံရေးနဲ့ ရုရှားလုံခြုံရေးဟာ ခွဲခြားလို့မရပါဘူး။ ရုရှားကို အထီးကျန်အောင်လုပ်ဖို့ ဒါမှမဟုတ် အမြဲတမ်းအားနည်းသွားအောင်လုပ်ဖို့ ကြိုးစားမှုတိုင်းဟာ နောက်ဆုံးမှာ ဥရောပတိုက်ကြီးတစ်ခုလုံးကို မတည်မငြိမ်ဖြစ်စေပါလိမ့်မယ်။

ဒါပေမဲ့ ဂျာမနီ၊ ပြင်သစ်နဲ့ ပိုလန်မှခေါင်းဆောင်တွေဟာ ရုရှားထက် စစ်ရေးအရအသာစီးရယူခြင်းဖြင့် တည်ငြိမ်မှုရကြမယ်လို့ ထင်နေကြပါတယ်။ ဒါဟာ အန္တရာယ်ရှိတဲ့ စိတ်ကူးယဉ်မှုတစ်ခုပါပဲ။ ဥရောပမှာ အားကောင်းတဲ့ တပ်မတော်တွေ၊ တိုက်ပွဲဝင်စိတ်ဓာတ်တွေနဲ့ ယဉ်ကျေးမှုဆိုင်ရာယုံကြည်မှုတွေလိုအပ်သလို အားကောင်းမောင်းသန်တဲ့အပြင် ရည်မှန်းချက်ကြီးမားလှတဲ့ ဂျာမနီနိုင်ငံကိုလည်း လိုအပ်ပါတယ်။ ဒါပေမဲ့ ဉာဏ်ပညာမပါတဲ့အင်အားဟာ အန္တရာယ်ရှိပါတယ်။

ပြဿနာက ဂျာမနီအနေနဲ့ စစ်အင်အားပြန်လည်တည်ဆောက်တာမဟုတ်ပါဘူး။ အဲဒီလုပ်ရပ်နောက်ကွယ်ကဦးဆောင်နေတဲ့ အယူဝါဒဆိုင်ရာမူဘောင်ပဲဖြစ်ပါတယ်။ အရှိန်အဝါကျဆင်းလာနေတဲ့ ဥရောပရဲ့ လစ်ဘရယ်အထက်တန်းလွှာတွေဟာ စစ်ရေးနိုးထမှုကို ရုရှားဆန့်ကျင်ရေး အစွန်းရောက်အမြင်တွေနဲ့ ပေါင်းစပ်လိုက်ကြပါတယ်။ ဒီအခြေအနေအောက်မှာ စစ်အင်အားတိုးချဲ့မှုဟာ တည်ငြိမ်မှုကိုပေးမယ့်အစား မီးလောင်ရာလေပင့်သလိုဖြစ်လာစေမှာပါ။

ဥရောပတိုက်က အုပ်စုဖွဲ့မှု၊ ကြောက်ရွံ့မှုနဲ့ တင်းမာမှုမြင့်တက်လာတဲ့ ခေတ်သစ်တစ်ခုထဲဝင်ရောက်နေပါပြီ။ ဟစ်တလာရဲ့ဂျာမနီက စစ်ရှုံးနိမ့်ပြီး ၈၁ နှစ်အကြာမှာ ဥရောပသားတွေဟာ ဂျာမနီနိုင်ငံရေးသမားတွေဆီကနေ စစ်ရေးအရဦးဆောင်မှုနဲ့ စစ်အတွက်ပြင်ဆင်မှုတွေအကြောင်း ထပ်မံကြားနေရပြန်ပါပြီ။ သူတို့ကတော့ အခုတစ်ကြိမ်မှာ သမိုင်းက သူတို့ဘက်မှာရှိတယ်လို့ အခိုင်အမာပြောနေကြပါတယ်၊ ဒါပေမဲ့ ဥရောပသားတွေအနေနဲ့ ဒီစကားမျိုးကိုလည်း အရင်ကကြားဖူးပြီးပြီဖြစ်ပါကြောင်း။ Ref: RT

ထက်မြတ်

## ဟိုချီမင်းစီးတီး၌ လက်၊ ခြေ၊ ပါးစပ်ရောဂါနှင့် သွေးလွန်တုပ်ကွေးရောဂါ ဖြစ်ပွားမှုမြင့်တက်

**ဟိုချီမင်းစီးတီး၊ ကျန်းမာရေး**

ဗီယက်နမ်နိုင်ငံ ဟိုချီမင်းစီးတီး၌ လက်၊ ခြေ၊ ပါးစပ်ရောဂါနှင့် သွေးလွန်တုပ်ကွေးရောဂါဖြစ်ပွားမှု သိသိသာသာမြင့်တက်လာပြီး ယခုနှစ်ဆန်းပိုင်းမှစ၍ သေဆုံးသူအချို့ရှိကြောင်း မြို့ပြကျန်းမာရေးဌာနက ထုတ်ပြန်ထားသည်။ ဧပြီလအတွင်း လက်၊ ခြေ၊ ပါးစပ်ရောဂါဖြစ်ပွားသူ ၅၂၄၃ ဦးရှိရာ ယခင်လထက် ၁၆၃ ဒသမ ၆ ရာခိုင်နှုန်း မြင့်တက်လာပြီး ၂၀၂၅ ခုနှစ် အလားတူကာလကထက် ၁၀၉ ရာခိုင်နှုန်းကျော်များပြားလာသည်။

ယခုနှစ်အစောပိုင်းမှ ဧပြီလလယ်အထိ ဟိုချီမင်းစီးတီးတွင် လက်၊ ခြေ၊ ပါးစပ်ရောဂါဖြစ်ပွားသူ ၁၂၀၆၃ ဦးရှိရာ ယခင်နှစ်ထက် ၁၆၄ ရာခိုင်နှုန်းတိုးလာပြီး သေဆုံးသူ ငါးဦးရှိသည်။ ထို့အတူ သွေးလွန်တုပ်ကွေးရောဂါဖြစ်ပွားမှုသည်လည်း ယခုနှစ်အစမှ ဧပြီလလယ်အထိ ၁၃၇၃၈ ဦးရှိရာ ၂၀၂၅ ခုနှစ်အလားတူကာလထက် ၇၁ ရာခိုင်နှုန်းကျော်မြင့်တက်လာသည်။ ကျန်းမာရေးဌာနသည် ကူးစက်ရောဂါထိန်းချုပ်ရေးအတွက် ကာကွယ်ဆေးထိုးနှံရေးအစီအစဉ်ကို တင်ပြထားပြီး ရောဂါအခြေအနေကို ဆက်လက်စောင့်ကြည့်လျက်ရှိကြောင်းသိရသည်။

**Ref: SCMP**

## အမေရိကန်သမ္မတ ဒေါ်နယ်ထရမ့် ထိပ်သီးဆွေးနွေးမှုများလုပ်ရန် တရုတ်နိုင်ငံသို့ချစ်ကြည်ရေးခရီးရောက်ရှိ



**ပေကျင်း၊ နိုင်ငံရေး**

အမေရိကန်သမ္မတ ဒေါ်နယ်ထရမ့်သည် တရုတ်သမ္မတ ရှီကျင့်ဖျင်နှင့် ထိပ်သီးဆွေးနွေးမှုများလုပ်ဆောင်ရန် မေလ ၁၃ ရက်ညပိုင်းတွင် တရုတ်နိုင်ငံ ပေကျင်းမြို့သို့ ရောက်ရှိလာပြီဖြစ်သည်။ ဒေါ်နယ်ထရမ့်သည် မေလ ၁၄ ရက်တွင် ရှီကျင့်ဖျင်နှင့် တွေ့ဆုံ၍ ဆွေးနွေးမှုများလုပ်သွားမည်ဖြစ်သည်။

ဒေါ်နယ်ထရမ့်သည် တရုတ်နိုင်ငံသို့ လာရောက်စဉ် ရှီကျင့်ဖျင်အနေဖြင့် တရုတ်နိုင်ငံအတွင်း အမေရိကန်စီးပွားရေးလုပ်ငန်းများလုပ်ဆောင်နိုင်ရေးအတွက် လမ်းဖွင့်ပေးရန်တောင်းဆိုထားသည်။ ထို့ပြင် လာမည့်ဆွေးနွေးပွဲများတွင် နှစ်နိုင်ငံကြား စီးပွားရေးဆိုင်ရာဆက်ဆံရေး ပိုမိုခိုင်မာစေရေးအတွက် အဓိကထားဆွေးနွေးသွားမည်ဖြစ်ကြောင်း ထရမ့်ကပြောသည်။

ယခုခရီးစဉ်တွင် အမေရိကန်သမ္မတနှင့်အတူ Tesla နှင့် SpaceX လုပ်ငန်းများတည်ထောင်သူ အီလွန်မက်နှင့် Apple ကုမ္ပဏီ၏အမှုဆောင်ချုပ် တင်ကွတ်ကဲ့သို့သော ထိပ်တန်းစီးပွားရေးလုပ်ငန်းများလိုက်ပါလာပြီး ရှီကျင့်ဖျင်နှင့်ထိပ်သီးဆွေးနွေးပွဲတွင် ပါဝင်တက်ရောက်သွားမည်ဟု ထရမ့်က လူမှုကွန်ရက်တွင်ရေးထားသည်။

ဒေါ်နယ်ထရမ့်သည် တရုတ်သမ္မတ ရှီကျင့်ဖျင်၏ဖိတ်ကြားချက်အရ တရုတ်နိုင်ငံသို့လာရောက်ခြင်းဖြစ်ပြီး ယခုခရီးစဉ်သည် ၎င်း၏ဒုတိယအကြိမ်သမ္မတသက်တမ်းအတွင်း ပထမဆုံးသော တရုတ်နိုင်ငံခရီးစဉ်ဖြစ်ကြောင်းသိရသည်။

**Ref: FT**

## ဖိလစ်ပိုင်နိုင်ငံ အထက်လွှတ်တော်၌ သေနတ်သံများကြားရ ပစ်ခတ်သူကိုမသိရသေး

**မနီလာ၊ ပစ်ခတ်မှု**

ဖိလစ်ပိုင်နိုင်ငံ၏အထက်လွှတ်တော်၌ မေလ ၁၃ ရက်ညပိုင်းတွင် သေနတ်သံများကြားရပြီးနောက် လုံခြုံရေးတပ်ဖွဲ့ဝင်များရောက်ရှိလာပြီး စုံစမ်းစစ်ဆေးမှုများကို လုပ်ဆောင်နေကြောင်းသိရသည်။ အဆိုပါသေနတ်ပစ်ခတ်မှုလုပ်ဆောင်သူကိုမူ ယခုအချိန်အထိ မသိရသေးကြောင်းနှင့် စောင့်ကြည့်ကင်မရာများကို ပြန်လည်စစ်ဆေးပြီးမှသာ သိရှိနိုင်မည်ဖြစ်ကြောင်း တာဝန်ရှိသူများကပြောသည်။

မူလက လွှတ်တော်အမတ်တစ်ဦးဖြစ်သည့် ဒဲလာရိုဆာကိုဖမ်းဆီးစဉ် ၎င်းအနေဖြင့်အဖမ်းခံရန်ငြင်းဆိုမှုကြောင့် ပစ်ခတ်မှုဖြစ်ပွားခြင်းဖြစ်သည်ဟု သတင်းဌာနအချို့ကထုတ်ပြန်ထားသည်။ သို့သော် လုံခြုံရေးတပ်ဖွဲ့ဝင်များသည် လွှတ်တော်အတွင်းရှိသူများအားလုံး ဘေးကင်းဆောင်ရွက်ရန်သာဖြစ်ပြီး ဒဲလာရိုဆာကိုဖမ်းဆီးသွားမည်မဟုတ်ကြောင်း တာဝန်ရှိသူတစ်ဦးက ပြောသည်။ ဒဲလာရိုဆာသည် ရဲချုပ်အဖြစ်တာဝန်ထမ်းဆောင်စဉ် မူးယစ်ဆေးဝါးနှိမ်နင်းမှုစစ်ဆင်ရေးအတွက် ICC ၏ဝရမ်းထုတ်ခြင်းခံထားရသူဖြစ်သည်။ **Ref: Xinhua**

## ဆော်ဒီအာရေဗျက အီရန်အပေါ် လျှို့ဝှက်တိုက်ခိုက်မှုများ ပြုလုပ်ခဲ့ဟုဆို

**တီဟီရန်၊ စစ်ရေး**

ဆော်ဒီအာရေဗျနိုင်ငံက အရှေ့အလယ်ပိုင်းစစ်ပွဲအတွင်း တိုက်ခိုက်ခံရမှုအတွက် လက်တုံ့ပြန်သည့်အနေဖြင့် အီရန်နိုင်ငံကို လျှို့ဝှက်တိုက်ခိုက်မှုများပြုလုပ်ကြောင်း အနောက်နိုင်ငံအရာရှိများနှင့် အီရန်အရာရှိများကပြောသည်။ ဆော်ဒီလေတပ်က လုပ်ဆောင်သော အဆိုပါတိုက်ခိုက်မှုများသည် မတ်လနှောင်းပိုင်းတွင်ဖြစ်ပွားခြင်းဖြစ်သည်။

ယခုတိုက်ခိုက်မှုများသည် ဆော်ဒီအာရေဗျနိုင်ငံအနေဖြင့် ၎င်း၏အဓိကပြိုင်ဘက်ဖြစ်သော အီရန်နိုင်ငံ၏နယ်မြေအတွင်းသို့ ပထမဆုံးအကြိမ် စစ်ရေးအရ တိုက်ရိုက်တိုက်ခိုက်ခြင်းဖြစ်သည်။ အစဉ်အလာအရ အမေရိကန်စစ်ဘက်၏ အကာအကွယ်ကိုရယူလေ့ရှိသော ဆော်ဒီအာရေဗျသည် အီရန်စစ်ပွဲအတွင်း အမေရိကန်၏ စစ်ရေးအကာအကွယ်ပေးမှုများကြားမှ တိုက်ခိုက်ခံရမှုများရှိသဖြင့် ယခုကဲ့သို့ ကိုယ့်ကိုယ်ကိုယ်ကာကွယ်ရန် ပိုမိုရဲတင်းစွာ လုပ်ဆောင်လာခြင်းဖြစ်သည်။ **Ref: ST**

## ရုရှားက ကမ္ဘာ့အင်အားအပြင်းဆုံးဒုံးကျည်ကို စမ်းသပ်ပစ်ခတ်



**မော်စကို၊ စစ်လက်နက်**

ရုရှားနိုင်ငံသည် ၎င်း၏နျူကလီးယားအင်အားစုများကို ခေတ်မီစေရန်ကြိုးပမ်းမှုတစ်ရပ်အဖြစ် ကမ္ဘာ့အင်အားအပြင်းဆုံးဟု သတ်မှတ်ထားသည့် Sarmat တိုက်ချင်းပစ်အမြင့်ပျံဒုံးကျည်အသစ်ကို မေလ ၁၂ ရက်တွင် စမ်းသပ်ပစ်ခတ်ကြောင်း ရုရှားသမ္မတ ဗလာဒီမာပူတင်ကပြောသည်။

ယူကရိန်းစစ်ပွဲအဆုံးသတ်ရန် နီးကပ်နေပြီဟု ပူတင်ကပြောပြီးနောက် ရက်ပိုင်းအကြာတွင် ယခုကဲ့သို့ စမ်းသပ်မှုပြုလုပ်ခြင်းဖြစ်သည်၊ ဆိုဗီယက်ခေတ်ထုတ် Voyevoda ဒုံးကျည်များနေရာတွင် အစားထိုးရန်ထုတ်လုပ်ထားသည့် နျူကလီးယားထိပ်ဖူးတပ် Sarmat ဒုံးကျည်များသည် ယခုနှစ်ကုန်တွင် စစ်ဆင်ရေးတာဝန်များ စတင်ထမ်းဆောင်မည်ဖြစ်သည်။ ထိုဒုံးကျည်သည် အနောက်အုပ်စုရှိဒုံးကျည်များထက် လေးဆကျော် ပိုမိုပြင်းထန်ကြောင်း ပူတင်ကပြောသည်။

အကွာအဝေး ကီလိုမီတာ ၃၅၀၀၀ ကျော်အထိပစ်ခတ်နိုင်ပြီး မည်သည့်ဒုံးခွင်းဒုံးစနစ်ကိုမဆိုဖောက်ထွင်းနိုင်စွမ်းရှိသည့် Sarmat ဒုံးကျည်သည် အမေရိကန်၏ ဒုံးခွင်းဒုံးစနစ်များကို အသုံးမဝင်အောင်ပြုလုပ်နိုင်မည်ဟု ရုရှားကဆိုသည်။

ထို့ပြင် ရုရှားနိုင်ငံသည် အသံထက် ၂၇ ဆမြန်သည့် Avangard ဒုံးကျည်နှင့် ဥရောပရှိ မည်သည့်ပစ်မှတ်ကိုမဆို ထိမှန်အောင်ပစ်ခတ်နိုင်သည့် Oreshnik ဒုံးကျည်များကိုလည်း အဆင့်မြှင့်တင်အသုံးပြုလျက်ရှိကြောင်းသိရသည်။

**Ref: RT**

## တောင်ကိုရီးယားက ၁၈ နှစ်အတွင်း ပထမဆုံးအဖြစ် အလွန်အပူချိန်မြင့်သတိပေးချက်အသစ်ထည့်သွင်း

**ဆိုး၊ ရာသီဥတု**

တောင်ကိုရီးယားအစိုးရသည် ရာသီဥတုပြောင်းလဲမှုများကြောင့် ဖြစ်ပေါ်လာသည့် ရာသီဥတုအခြေအနေအသစ်များကို ရင်ဆိုင်နိုင်ရန် ၁၈ နှစ်အတွင်း ပထမဆုံးအကြိမ်အဖြစ် အကြီးစားပြင်ဆင်မှုများပြုလုပ်မည်ဖြစ်ကြောင်း မေလ ၁၃ ရက်တွင်ကြေညာသည်။ ထိုအစီအစဉ်အရ အလွန်အပူချိန်မြင့်အရေးပေါ်အခြေအနေဟုခေါ်သော အမြင့်ဆုံးအဆင့်သတိပေးချက်ကို ထည့်သွင်းလိုက်ခြင်းဖြစ်သည်။

ဇွန်လ ၁ ရက်တွင် စတင်အသက်ဝင်မည့် ထိုစနစ်အသစ်အရ နေ့အပူချိန် ၃၉ ဒီဂရီစင်တီဂရိတ်ထက်ကျော်လွန်မည်ဟုခန့်မှန်းရချိန် သို့မဟုတ် ခံစားရသည့်အပူချိန် ၃၈ ဒီဂရီစင်တီဂရိတ်ရောက်ရှိမည့်အချိန်တွင် ယခုအရေးပေါ်သတိပေးချက်ကို ထုတ်ပြန်မည်ဖြစ်သည်။

ဤသတ်မှတ်ချက်သည် ပြည်သူ့ကျန်းမာရေးနှင့် အခြေခံအဆောက်အဦများအတွက် သိသာထင်ရှားသောခြိမ်းခြောက်မှုဖြစ်လာနိုင်ကြောင်း အချက်ပေးရန်သတ်မှတ်ထားခြင်းဖြစ်သည်။ ပြီးခဲ့သည့် ငါးနှစ်အတွင်း တောင်ကိုရီးယား၌ အပူလှိုင်းဖြတ်သည့်ရက်နှင့် ညအပူချိန် ၂၅ ဒီဂရီစင်တီဂရိတ်အထက်ရှိသော အပူပိုင်းညအရေအတွက်မှာ ၁၉၇၀ ပြည့်လွန်နှစ်များနှင့်နှိုင်းယှဉ်ပါက သုံးဆခန့်မြင့်တက်လာသည်ကိုတွေ့ရကြောင်းသိရသည်။

**Ref: SCMP**



## မသန်စွမ်းသက်ငယ်သင်တန်းကျောင်းများမှ ကျောင်းသား၊ ကျောင်းသူများခေါ်ယူခြင်း

လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန၊ လူမှုဝန်ထမ်းဦးစီးဌာန၊ မသန်စွမ်းသက်ငယ်သင်တန်းကျောင်း(ရန်ကုန်)နှင့် မသန်စွမ်းသက်ငယ်သင်တန်းကျောင်း(မန္တလေး) တို့တွင် ၂၀၁၆-၂၀၁၇ ပညာသင်နှစ်အတွက် အခြေခံပညာကျောင်းများတွင် တက်ရောက်နိုင်ခြင်းမရှိသော အောက်ပါသတ်မှတ်ချက်များနှင့် ကိုက်ညီသူများ လျှောက်ထားနိုင်ပါသည်-

**သတ်မှတ်ချက်များ**

၁။ လက်ခံနိုင်သည့် ကိုယ်အင်္ဂါနှင့် ဉာဏ်ရည်မသန်စွမ်းမှုအမျိုးအစားများ
- (က) Down Syndrome
- (ခ) Autism
- (ဂ) Attention Deficit Hyper Activity Disorder (ADHD)
- (ဃ) Global Developmental Delay (GDD)
- (င) အခြားဉာဏ်ရည်မသန်စွမ်းမှုအမျိုးအစားများ
- (စ) ခြေလက်မပြည့်စုံသူ (Amputee)
- (ဆ) သူငယ်နာအကြောတင်း (Cerebral Palsy)

၂။ အသက် (၆) နှစ်မှ (၁၈) နှစ်အတွင်းရှိသူဖြစ်ရမည်။
၃။ အိမ်ထောင်မရှိဖူးသူ (လူပျို/အပျို) ဖြစ်ရမည်။
၄။ ကျား/မ၊ လူမျိုးနှင့် ကိုးကွယ်ရာဘာသာမရွေး လျှောက်ထားနိုင်သည်။
၅။ မိဘ (သို့မဟုတ်) အုပ်ထိန်းသူကိုယ်တိုင်ကျောင်းအပ်နှံပြီး ကျောင်းသား/သူများပါ တစ်ပါတည်း ခေါ်ဆောင်၍ အပ်နှံရမည်။

**ကျောင်းအပ်နှံရာတွင် လိုအပ်သည့်အချက်များ**

၁။ ကလေး၏ ပတ်စ်ပို့ဓာတ်ပုံ (၄) ပုံ၊ မွေးစာရင်း မူရင်းနှင့် မိတ္တူ
၂။ အိမ်ထောင်စုဇယား မူရင်းနှင့် မိတ္တူ
၃။ သတ်မှတ်ထားသောရောဂါအမည် (Diagnosis) မိတ္တူ
၄။ ကျန်းမာရေးနှင့် ပတ်သက်သော ဆေးမှတ်တမ်းများ

ကျောင်းသား၊ ကျောင်းသူဟောင်းများအား မေလဆန်း၊ တတိယပတ်တွင် ကျောင်းအပ်လက်ခံမည် ဖြစ်ပြီး ကျောင်းသား၊ ကျောင်းသူသစ်များအား မေလ၊ စတုတ္ထပတ်မှစ၍ ကျောင်းအပ်လက်ခံသွားမည် ဖြစ်ပါသည်။ ရွေးချယ်ခံရသူသည် ဖွံ့ဖြိုးမှုနယ်ပယ် (၅) ရပ်အပြင် မိမိတို့၏ တစ်နေ့တာလုပ်ဆောင်မှုများအား လေ့ကျင့်သင်ကြားရမည်ဖြစ်ပါသည်။

လျှောက်ထားလိုသူများသည် လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန၊ လူမှုဝန်ထမ်းဦးစီးဌာန၊ မသန်စွမ်းသက်ငယ်သင်တန်းကျောင်း၊ အမှတ်-၆၅၊ ကျိုက်ဝိုင်းဘုရားလမ်း၊ လူမှုဝန်ထမ်းအတတ်သင်သိပ္ပံဝင်း၊ မရမ်းကုန်းမြို့နယ်၊ ရန်ကုန်မြို့သို့လည်းကောင်း၊ မသန်စွမ်းသက်ငယ်သင်တန်းကျောင်း အမှတ် (၂၆) ဘီလမ်း၊ ၅၈ x ၅၉ လမ်းကြား၊ မဟာဇေယျာဘုံရပ်ကွက်၊ အောင်မြေသာဇံမြို့နယ်၊ မန္တလေးမြို့သို့လည်းကောင်း တိုက်ရိုက်ဖြစ်စေ၊တိုင်းဒေသကြီး/ ပြည်နယ်များရှိ လူမှုဝန်ထမ်းရုံးများမှတစ်ဆင့်ဖြစ်စေ စုံစမ်းနိုင်ပါသည်။

အသေးစိတ်သိလိုပါက လူမှုဝန်ထမ်းဦးစီးဌာန၊ မသန်စွမ်းသူများဖွံ့ဖြိုးတိုးတက်ရေးဌာနခွဲ၊ ဖုန်း ၀၆၇-၄၀၄၂၅၂၊ မသန်စွမ်းသက်ငယ်သင်တန်းကျောင်း(ရန်ကုန်) ဖုန်း ၀၉-၄၄၈၀၁၉၀၅၀၊ ၀၉-၂၅၀၀၈၇၂၂၉၊ မသန်စွမ်းသက်ငယ်သင်တန်းကျောင်း (မန္တလေး) ဖုန်း ၀၉-၄၀၀၄၀၇၅၄၂၊ ၀၉-၄၀၂၅၈၃၂၁၆ (ရုံးချိန်အတွင်း) ဆက်သွယ်စုံစမ်းနိုင်ပါသည်။

**လူမှုဝန်ထမ်းဦးစီးဌာန**

## မျက်မမြင်ကျောင်းများမှ ကျောင်းသား၊ ကျောင်းသူများခေါ်ယူခြင်း

လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန၊ လူမှုဝန်ထမ်းဦးစီးဌာန၊ ကြည့်မြင်တိုင်မျက်မမြင်ကျောင်းနှင့် စစ်ကိုင်းမျက်မမြင်ကျောင်းတို့တွင် ၂၀၁၆-၂၀၁၇ ပညာသင်နှစ်အတွက် အောက်ပါသတ်မှတ်ချက်များနှင့် ကိုက်ညီသူများ လျှောက်ထားနိုင်သည်-

**သတ်မှတ်ချက်များ**

၁။ လက်ခံနိုင်သည့် မျက်မမြင်အမျိုးအစား
- (က) လုံးဝမမြင်သူများ
- (ခ) အနည်းငယ်မြင်သူများ (အမြင်အားဖြင့် ၁/၁၀ ထက်မပိုရ)
- (ဂ) ကုသ၍ မရနိုင်သည့် မျက်မမြင်များ

၂။ စာပေနှင့်အသက်မွေးဝမ်းကျောင်းပညာများကို သင်ယူလိုစိတ်ရှိသူဖြစ်ရမည်။
၃။ အသက် (၆) နှစ်မှ (၁၈) နှစ်အတွင်းရှိသူဖြစ်ရမည်။
၄။ အမြင်အာရုံမသန်စွမ်းမှုမှလွဲ၍ ကျန်းမာရေးကောင်းမွန်သူဖြစ်ရမည်။
၅။ မိဘ (သို့မဟုတ်) အုပ်ထိန်းသူရှိရမည်။
၆။ အိမ်ထောင်မရှိဖူးသူ (လူပျို/အပျို) ဖြစ်ရမည်။
၇။ ကျား/မ၊ လူမျိုးနှင့် ကိုးကွယ်ရာဘာသာမရွေး လျှောက်ထားနိုင်သည်။

**ကျောင်းအပ်နှံရာတွင်လိုအပ်သည့်အချက်များ**

၁။ ကလေး၏ ပတ်စပို့ဓာတ်ပုံ (၄) ပုံ၊ မွေးစာရင်း မူရင်းနှင့် မိတ္တူ
၂။ မိဘ(၂)ဦး မှတ်ပုံတင် မူရင်းနှင့် မိတ္တူ
၃။ အိမ်ထောင်စုဇယား မူရင်းနှင့် မိတ္တူ
၄။ သက်ဆိုင်ရာရပ်ကွက်အုပ်ချုပ်ရေးမှူး၏ ရပ်ကွက်တွင်နေထိုင်ကြောင်း ထောက်ခံချက်
၅။ သက်ဆိုင်ရာ မြို့နယ်ကျန်းမာရေးဌာန၏ ကူးစက်ရောဂါကင်းရှင်းကြောင်း ထောက်ခံချက်

လျှောက်ထားလိုသူများသည် လူမှုဝန်ထမ်း၊ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန၊ လူမှုဝန်ထမ်းဦးစီးဌာနလက်အောက်ရှိ ကြည့်မြင်တိုင်မျက်မမြင်ကျောင်း (အမှတ်-၁၃၂၊ ပန်းပင်ကြီးလမ်း၊ ကြည့်မြင်တိုင်မြို့နယ်၊ ရန်ကုန်မြို့)သို့လည်းကောင်း၊ စစ်ကိုင်းမျက်မမြင်ကျောင်း (အမှတ် ၆/၂၈ မြို့သစ်ရပ်ကွက်၊ မရှိခဏာဘုရားအနီး၊ စစ်ကိုင်းမြို့) သို့လည်းကောင်း တိုက်ရိုက်ဖြစ်စေ၊ တိုင်းဒေသကြီး/ ပြည်နယ်များရှိ လူမှုဝန်ထမ်းရုံးများမှ တစ်ဆင့်ဖြစ်စေ စုံစမ်းနိုင်ပါသည်။ စာပေပညာရပ်၊ အသက်မွေးဝမ်းကျောင်းပညာရပ် တက်ရောက်ခွင့်ရရှိပါက ကျောင်းသား/သူများ၏ စားသောက်နေထိုင်ရေးကို နိုင်ငံတော်က တာဝန်ယူမည်ဖြစ်ပြီး ကျောင်းဝင်ကြေးနှင့် ကျောင်းလခပေးသွင်းရန် မလိုပါ။

အသေးစိတ်သိလိုပါက လူမှုဝန်ထမ်းဦးစီးဌာန၊ မသန်စွမ်းသူများဖွံ့ဖြိုးတိုးတက်ရေးဌာနခွဲ၊ ဖုန်း- ၀၆၇-၄၀၄၂၅၂၊ ကြည့်မြင်တိုင်မျက်မမြင်ကျောင်း ဖုန်း- ၀၉-၂၅၇၃၃၈၄၇၉၊ ၀၉-၄၂၀၁၃၈၆၆၁ နှင့် စစ်ကိုင်းမျက်မမြင်ကျောင်း ဖုန်း-၀၉-၄၀၂၆၄၅၁၇၃၊ ၀၉-၂၅၉၂၀၉၄၂၈ တို့ကို (ရုံးချိန်အတွင်း) ဆက်သွယ်စုံစမ်းနိုင်ပါသည်။

**လူမှုဝန်ထမ်းဦးစီးဌာန**

## နားမကြားသောကလေးများကျောင်းမှ ကျောင်းသား၊ ကျောင်းသူများခေါ်ယူခြင်း

လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန၊ လူမှုဝန်ထမ်းဦးစီးဌာန၊ နားမကြားသောကလေးများကျောင်း(ရန်ကုန်)နှင့် နားမကြားသောကလေးများကျောင်း (မန္တလေး) တို့တွင်၂၀၁၆-၂၀၁၇ ပညာသင်နှစ်အတွက် အောက်ပါသတ်မှတ်ချက်များနှင့် ကိုက်ညီသူများ လျှောက်ထားနိုင်သည်-

**သတ်မှတ်ချက်များ**

၁။ အကြားအာရုံ ချို့ယွင်းအားနည်းသူ ဖြစ်ရမည်။
၂။ အသက်(၆)နှစ်မှ (၁၈)နှစ်အတွင်း ရှိသူဖြစ်ရမည်။
၃။ အကြားအာရုံ ချို့ယွင်းအားနည်းမှုမှလွဲ၍ ကျန်းမာရေးကောင်းမွန်သူ ဖြစ်ရမည်။
၄။ စာပေနှင့် အသက်မွေးဝမ်းကျောင်းပညာများကို သင်ယူလိုစိတ်ရှိသူ ဖြစ်ရမည်။
၅။ အိမ်ထောင်မရှိဖူးသူ (လူပျို/အပျို) ဖြစ်ရမည်။
၆။ ကျား/မ ၊ လူမျိုးနှင့် ကိုးကွယ်ရာ ဘာသာမရွေး လျှောက်ထားနိုင်သည်။
၇။ ကျောင်းအပ်နှံပါက မိဘ(သို့မဟုတ်) အုပ်ထိန်းသူကိုယ်တိုင် လာရောက်အပ်နှံရမည်။

**ကျောင်းအပ်နှံရာတွင် လိုအပ်သည့်အချက်များ**

၁။ ကလေး၏ ပတ်စ်ပို့ဓာတ်ပုံ (၄)ပုံ ၊ မွေးစာရင်း မူရင်းနှင့် မိတ္တူ
၂။ မိဘ (၂) ဦး မှတ်ပုံတင် မူရင်းနှင့် မိတ္တူ
၃။ အိမ်ထောင်စုဇယား မူရင်းနှင့် မိတ္တူ
၄။ သက်ဆိုင်ရာရပ်ကွက်အုပ်ချုပ်ရေးမှူး၏ ရပ်ကွက်တွင်နေထိုင်ကြောင်းထောက်ခံချက်
၅။ သက်ဆိုင်ရာ မြို့နယ်ကျန်းမာရေးဌာန၏ ကူးစက်ရောဂါကင်းရှင်းကြောင်း ထောက်ခံချက်
၆။ အကြားအာရုံချို့ယွင်းမှုတိုင်းတာစစ်ဆေးပြီးသည့် နားကြားနှုန်း( Audiograph dB) စာရွက်စာတမ်း

လျှောက်ထားလိုသူများသည် လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန၊ လူမှုဝန်ထမ်းဦးစီးဌာန၊ နားမကြားသောကလေးများကျောင်း ၊ အမှတ်-၃၄ ၊ F, G၊ အိုးစု(၃)လမ်း၊ မေတ္တာညွန့်ရပ်ကွက်၊ တာမွေမြို့နယ်၊ ရန်ကုန်မြို့သို့လည်းကောင်း၊ နားမကြားသော ကလေးများကျောင်း၊ အကွက်-၈၅၈၊ ချမ်း/တောင်ရပ်ကွက်၊ ချမ်းမြသာစည်မြို့နယ်၊ မန္တလေးမြို့သို့လည်းကောင်း တိုက်ရိုက်ဖြစ်စေ၊ တိုင်းဒေသကြီး/ပြည်နယ်များရှိ လူမှုဝန်ထမ်းရုံးများမှတစ်ဆင့်ဖြစ်စေ စုံစမ်းနိုင်ပါသည်။ စာပေပညာနှင့် အသက်မွေးဝမ်းကျောင်းပညာရပ်တက်ရောက်ခွင့်ရရှိပါက သွားလာရေးခက်ခဲသောဒေသများမှ နားမကြားကျောင်းသား/သူများ၏ စားသောက်နေထိုင်ရေးကို နိုင်ငံတော်က တာဝန်ယူမည်ဖြစ်ပြီး ကျောင်းဝင်ကြေးနှင့် ကျောင်းလခပေးရန်မလိုပါ။

အသေးစိတ်သိလိုပါက လူမှုဝန်ထမ်းဦးစီးဌာန၊ မသန်စွမ်းသူများ ဖွံ့ဖြိုးတိုးတက်ရေးဌာနခွဲ၊ ဖုန်းနံပါတ် ၀၆၇- ၄၀၄၂၅၂၊ နားမကြားသောကလေးများကျောင်း (ရန်ကုန်) ဖုန်းနံပါတ် ၀၁- ၉၅၄၈၈၇၂ ၊ ၀၉ - ၂၅၀၀၇၇၂၆၈ နှင့် နားမကြားသောကလေးများကျောင်း(မန္တလေး) ဖုန်းနံပါတ် ၀၉ - ၄၀၂၆၆၂၆၈၉၊ ၀၉-၄၅၉၇၆၀၅၁၆ တို့ကို (ရုံးချိန်အတွင်း) ဆက်သွယ်စုံစမ်းနိုင်ပါသည်။

**လူမှုဝန်ထမ်းဦးစီးဌာန**

# သဘာဝမြေဩဇာ EM ဘိုကာရှီပြုလုပ်အသုံးပြုမှုလက်တွေ့သရုပ်ပြ



ရွှေတောင် မေ ၁၃

ပဲခူးတိုင်းဒေသကြီး ရွှေတောင်မြို့နယ် ကြို့ကုန်းကျေးရွာအုပ်စု ဒေါင်းဇွန်ကျေးရွာနှင့် မီးလောင်ကျေးရွာအုပ်စု မီးလောင်ကျေးရွာ၊ ကိုးတွင်းစင်ကျေးရွာတို့၌ မေလ ၁၃ ရက် နံနက်ပိုင်းတွင် သဘာဝမြေဩဇာ EM ဘိုကာရှီ ပြုလုပ်အသုံးပြုမှု တောင်သူလက်တွေ့သရုပ်ပြ ဆောင်ရွက်သည်။

ထိုသို့ဆောင်ရွက်ရာတွင် မြို့နယ်စိုက်ပျိုးရေးဦးစီးဌာနမှဝန်ထမ်းများက သဘာဝမြေဩဇာ EM ဘိုကာရှီမြေဆွေးပုံပြုလုပ်အသုံးပြုနည်းလက်တွေ့သရုပ်ပြ၍ မြို့နယ်စိုက်ပျိုးရေး၊ မွေးမြူရေးကြီးကြပ်မှုကော်မတီဥက္ကဋ္ဌနှင့်အဖွဲ့ဝင်များက စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ထုတ်ကုန်တိုးမြှင့်ရေးလုပ်ငန်းဆောင်ရွက်နေမှုများကိုဆွေးနွေးကြပြီး ဓာတ်မြေဩဇာသုံးစွဲမှုလျှော့ချရေး၊ သဘာဝမြေဩဇာပြုလုပ်၍ပိုမိုသုံးစွဲရေးတို့ကို ရှင်းလင်းပြောကြားသည်။

ရွှေတောင်မြို့နယ်အနေဖြင့် ၂၀၂၆-၂၀၂၇ ခုနှစ် မိုးစပါးစိုက်ပျိုးရာသီတွင် ကျေးရွာအုပ်စု ၄၈ အုပ်စုတို့မှ သဘာဝမြေဩဇာ EM ဘိုကာရှီပြုလုပ်၍ မိုးစပါးစိုက်ဧကများ ပန်းတိုင်အထွက်နှုန်းပြည့်မီစေရေး အသုံးပြုဆောင်ရွက်သွားမည်ဖြစ်ကြောင်း သိရသည်။

ကိုကိုမင်း(ပြန်/ ဆက်)

# ကျွန်းစုမြို့နယ်၌ ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းကွင်းဆင်းဆောင်ရွက်



ကျွန်းစု မေ ၁၃

တနင်္သာရီတိုင်းဒေသကြီး ကျွန်းစုမြို့နယ် ကပကျေးရွာ၌ မြို့နယ်ပြည်သူ့ကျန်းမာရေးဦးစီးဌာနသည် ရက် ၁၀၀ စီမံချက်ဖြင့် ပြည်သူများအား ကျန်းမာရေးစောင့်ရှောက်မှုပေးခြင်းလုပ်ငန်းကို မေလ ၁၂ ရက် မွန်းလွဲပိုင်းတွင် ကွင်းဆင်းဆောင်ရွက်သည်။

ရှေးဦးစွာ မြို့နယ်အုပ်ချုပ်ရေးမှူး ဦးအောင်စန်းဝင်းက အဖွင့်အမှာစကားပြောကြားပြီး မြို့နယ်ကုသရေးဦးစီးဌာနမှူး ဒေါက်တာရဲမင်းဦးက ပြည်သူများအား ကျန်းမာရေးနှင့်ပတ်သက်သည့်အသိပညာများ ရှင်းလင်းပြောကြားသည်။

ဆက်လက်၍ သက်ကြီးဘိုးဘွားများနှင့် ဒေသခံပြည်သူများအား သွေးပေါင်ချိန်တိုင်းတာပေးခြင်း၊ သွေးတိုးရောဂါ၊ သွေးချိုဆီးချိုရောဂါ၊ နှလုံးရောဂါများအား ကျန်းမာရေးစောင့်ရှောက်မှုစမ်းသပ်စစ်ဆေး ကုသဆောင်ရွက်သည်။

ထို့နောက် သက်ကြီးဘိုးဘွားများနှင့်ဒေသခံပြည်သူများအား လိုအပ်သည့်ဆေးဝါးများ ပေးအပ်ကြောင်း သိရသည်။

ထက်မြင့်(ကျွန်းစု)

# ပွင့်ဖြူမြို့နယ်အတွင်း နှမ်းစိုက်ခင်းများ စိုက်ပျိုးအောင်မြင်ဖြစ်ထွန်းနေမှု ကြည့်ရှုစစ်ဆေး

ပွင့်ဖြူ မေ ၁၃

မကွေးတိုင်းဒေသကြီး ပွင့်ဖြူမြို့နယ်အတွင်း နွေသီးနှံနှမ်းစိုက်ခင်းများ အောင်မြင်ဖြစ်ထွန်းနေမှုအခြေအနေများကို မေလ ၁၂ ရက်တွင် ခရိုင်စီမံခန့်ခွဲရေးနှင့်အုပ်ချုပ်ရေးကော်မတီဥက္ကဋ္ဌ ခရိုင်အုပ်ချုပ်ရေးမှူး ဦးအေးလွင်နှင့် ဌာနဆိုင်ရာတာဝန်ရှိသူများက ကွင်းဆင်းကြည့်ရှုစစ်ဆေးသည်။

ထိုသို့စစ်ဆေးရာတွင် မင်းဘူးခရိုင်စီမံခန့်ခွဲရေးနှင့်အုပ်ချုပ်ရေးကော်မတီဥက္ကဋ္ဌ ခရိုင်အုပ်ချုပ်ရေးမှူး ဦးအေးလွင်နှင့် ကော်မတီအဖွဲ့ဝင်များ၊ ပွင့်ဖြူမြို့နယ်စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေးကော်မတီဥက္ကဋ္ဌ မြို့နယ်အုပ်ချုပ်ရေးမှူး ဦးလင်းလင်းအောင်နှင့် ကော်မတီဝင်များ၊ မြို့နယ်စိုက်ပျိုးရေးဦးစီးဌာန၊ မြို့နယ်ဆည်မြောင်းနှင့်ရေအသုံးချမှုစီမံခန့်ခွဲရေးဦးစီးဌာန၊ ကြေးတိုင်နှင့်မြေစာရင်းဦးစီးဌာန၊ စက်မှုလယ်ယာဦးစီးဌာနမှ တာဝန်ရှိသူများနှင့်အတူ ပွင့်ဖြူမြို့နယ်အတွင်း ၂၀၂၅-၂၀၂၆ ခုနှစ် နွေသီးနှံစိုက်ပျိုးရာသီတွင် မဲဇလီရေလွှဲဆည်ရေဖြင့်စိုက်ပျိုးထားရှိသော ကံသာကြီးကျေးရွာ ကွင်းအမှတ်(၉၅၀)၊ ဦးပိုင်အမှတ်(၁/၂)တွင် ပေါင်ကျယ်နှင့်မြောင်းစနစ်ဖြင့် စိုက်ပျိုးအောင်မြင်ဖြစ်ထွန်းသော နှမ်းစံပြကွက်စိုက်ခင်းအားကြည့်ရှုစစ်ဆေးကာ တစ်ဧကပန်းတိုင်အထွက်နှုန်းရရှိရေး စနစ်ကျသောစိုက်ပျိုးရေးနည်းလမ်းများဖြင့် ကြိုးစားဆောင်ရွက်သွားရန် ဆွေးနွေးမှာကြားပြီး လိုအပ်သည်များကို ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ပေးသည်။

ပွင့်ဖြူမြို့နယ်၌ ယခုနှစ်နွေသီးနှံစိုက်ပျိုးရာသီတွင် ဒေသတွင်းဆီထွက်သီးနှံစိုက်ပျိုးထုတ်လုပ်မှုကဏ္ဍဖွံ့ဖြိုးတိုးတက်စေရန်နှင့်ဆီစားသုံးမှုဖူလုံစေရန်ရည်ရွယ်၍တစ်မြို့နယ်လုံးနှမ်းစိုက်ဧက ၃၃၇၃၇ ဧက လျာထားစိုက်ပျိုးခဲ့ရာ မြေပြင်စိုက်ပျိုးနိုင်မှု ၅၇၆၂၅ ဧကထိ စိုက်ပျိုးနိုင်ပြီး သတ်မှတ်လျာထားဧကထက်ပိုမိုစိုက်ပျိုးနိုင်ကြောင်း သိရသည်။

လှိုင်ဝင်းလေး(ပွင့်ဖြူမြေ)



# ညီညွတ်ချစ်ကြည် ပြည်သစ်တည်စို့

❖ ငြိမ်းချမ်းရေးကို၊ တေးသီကြို၍
ညီကိုရောင်းရင်း၊ ကောင်းခြင်းသွယ်ယှက်
တွဲသောလက်တွေ၊ မိမြန်ပြည်(မြေ)မှာ
ဝေဖြာတင့်ဖြိုး၊ အလှတိုးရန်
ဝန်းရံတို့များ၊ ပြည်သူ့အားနဲ့
ဝင့်ကြွားအလှ၊ ထူထောင်ကြစို့။

❖ တို့ညီနောင်ထု၊ ပြည်ထောင်စုအကျိုး
သယ်ပိုးရွက်ဆောင်၊ ကြံတိုင်းအောင်ဖို့
ရည်ဆောင်မျှော်ကိုး၊ ငြိမ်းချမ်းမိုးရွာ
ပြည်ရွာတစ်ဝန်း၊ စိုပြည်လန်း၍
အေးချမ်းလှပ၊ ချမ်းမြသာယာ
ညီညာနှလုံး၊ အလှဖုံးစို့။

❖ သံသယနှင့်၊ ရန်စတွေအား
စွန့်ခွာထားခဲ့၊ တို့ရဲ့အနာဂတ်
တို့ဆုံးဖြတ်မည်၊ မြင့်မြတ်စိတ်ထား
ရစ်ပွားနှောင်ပြု၊ ပြည်ထောင်စုမြေ
အခွန့်ရှည်ရေး၊ ကြံစည်တွေးလျက်
လေးနက်ကောင်းမှု၊ ကိုယ်တိုင်ပြုစို့။

❖ အို...
ညီနောင်ထုတွေ၊ တို့တစ်တွေသည်
ချစ်ကြည်စိတ်ထား၊ တရားမျှတ
လွတ်လပ်ကြ၍ အေးမြအတူ
ခွင့်တူညီမျှ၊ မြန်မာ့နှလုံး
မေတ္တာဖုံးလွှမ်း၊ ပြည်ငြိမ်းချမ်းဖို့
ရည်မှန်းရှေ့တွက်၊ ခရီးဆက်လှမ်း
ငြိမ်းချမ်းရက်တွေ ရောက်စေဖို့။
ညီညီညွတ်ညွတ် ချစ်ကြည်စို့။ ။

အကျော်ပင်

## MWD Variety Channel

၁၄-၅-၂၀၂၆ (ကြာသပတေးနေ့)

| | | |
|---|---|---|
| ၁။ | ၁၀:၄၀ | ဖန်တီးသူတို့အနုပညာ |
| ၂။ | ၁၂:၂၀ | Variety Choice |
| ၃။ | ၁၇:၃၅ | အားကစားနည်းသမိုင်းကြောင်း |
| ၄။ | ၂၂:၃၅ | လောကကိုအလှဆင် ပန်းတို့ဥယျာဉ် |

# ရက်ပေါင်း(၁၀၀)စီမံချက်ဖြင့် ကရင်ပြည်နယ်၌ ၂၀၂၆ ခုနှစ် မိုးရာသီ စိုက်ပျိုးစရိတ်ချေးငွေများ တိုးမြှင့်ပေးအပ်




ဘားအံ မေ ၁၃

ပြည်ထောင်စုအစိုးရအဖွဲ့၏ ရက်(၁၀၀) စီမံချက်အပေါ် အကောင်အထည်ဖော်ဆောင်ရွက်သည့် ၂၀၂၆ ခုနှစ် မိုးရာသီ စိုက်ပျိုးစရိတ်ချေးငွေတိုးမြှင့်ပေးအပ်ပွဲကို ယနေ့နံနက်ပိုင်းတွင် ဘားအံမြို့ ဖွဲ့ကပင်ခန်းမ၌ကျင်းပရာ ပြည်နယ်ဝန်ကြီးချုပ် ဦးစောမြင့်ဦး တက်ရောက်အမှာစကားပြောကြားသည်။

ထို့နောက်မြန်မာ့လယ်ယာဖွံ့ဖြိုးရေးဘဏ် ပြည်နယ်မန်နေဂျာက ၂၀၂၆ ခုနှစ် မိုးရာသီ စိုက်ပျိုးစရိတ်ချေးငွေ ထုတ်ချေးရေးနှင့် ပတ်သက်၍ သိသင့်သိထိုက်သည်များနှင့် မြန်မာ့အာမခံလုပ်ငန်း ပြည်နယ်မန်နေဂျာက ရာသီဥတုအညွှန်းကိန်း သီးနှံအာမခံ ကိစ္စရပ်များကို ရှင်းလင်းပြောကြားပြီး စိုက်ပျိုးစရိတ်ချေးငွေများကို ထုတ်ချေးပေးကြသည်။

ထို့ပြင် ပြည်နယ်ပြည်သူ့ဆေးရုံကြီး (ဘားအံ)ကို ခုတင်-၃၀၀ သို့ အဆင့်မြှင့်တင်ခဲ့သောအခြေအနေများအား ရှင်းလင်းတင်ပြသည့်အခမ်းအနားသို့ တက်ရောက်အမှာစကားပြောကြားပြီး ပြည်နယ်ပြည်သူ့ဆေးရုံကြီး(ဘားအံ) ကျောက်ကပ်သွေးသန့်စင်ဌာန၌ ဆေးကုသမှုခံယူနေသူများကို တွေ့ဆုံအားပေးစကားပြောကြားခဲ့ကြောင်း သိရသည်။

**စောမျိုးမင်းသိန်း(ပြန်/ဆက်)**

# ဝန်ကြီးချုပ်ဖလား မြို့နယ်ပေါင်းစုံ အသက် ၂၅ နှစ်အောက် အမျိုးသား / အမျိုးသမီး ဘော်လီဘောပြိုင်ပွဲ ဗိုလ်လုပွဲနှင့် ဆုချီးမြှင့်ပွဲကျင်းပ

မုံရွာ မေ ၁၃

၂၀၂၆ ခုနှစ် စစ်ကိုင်းတိုင်းဒေသကြီး ဝန်ကြီးချုပ်ဖလား မြို့နယ်ပေါင်းစုံ အသက် ၂၅ နှစ်အောက် အမျိုးသား/အမျိုးသမီး ဘော်လီဘောပြိုင်ပွဲ ဗိုလ်လုပွဲနှင့် ဆုချီးမြှင့်ပွဲကို ယနေ့နံနက်ပိုင်းတွင် မုံရွာမြို့ ပြည်သူ့အားကစားကွင်းအတွင်းရှိ မိုးလုံလေလုံအားကစားခန်းမ၌ကျင်းပသည်။

ဦးစွာ တိုင်းဒေသကြီးဝန်ကြီးချုပ် ဦးကိုလေးနှင့် တက်ရောက်လာသူများက ဗိုလ်လုပွဲပွဲစဉ်အဖြစ် စစ်ကိုင်းမြို့နယ်အသင်းနှင့် ကန့်ဘလူမြို့နယ်အသင်းတို့ ယှဉ်ပြိုင်ကစားမှုကို ကြည့်ရှုအားပေးကြပြီး ပြိုင်ပွဲအပြီးတွင် စစ်ကိုင်းမြို့နယ်အသင်းက အနိုင်ရရှိသွားသည်။

ထို့နောက် ဆုချီးမြှင့်ပွဲကို ဆက်လက်ကျင်းပရာ တိုင်းဒေသကြီးတရားသူကြီးချုပ်၊ တိုင်းဒေသကြီးဝန်ကြီးများ၊ တိုင်းဒေသကြီးလွှတ်တော်ဒုတိယဥက္ကဋ္ဌတို့က ဆုရအမျိုးသား၊ အမျိုးသမီးအားကစားသမားများအား ဆုတံဆိပ်နှင့် ဂုဏ်ပြုချီးမြှင့်ငွေများ ပေးအပ်သည်။

ယင်းနောက် တိုင်းဒေသကြီးဝန်ကြီးချုပ်က ပထမဆုရရှိကြသည့် ချောင်းဦးမြို့နယ်အမျိုးသမီးအသင်းနှင့် စစ်ကိုင်းမြို့နယ် အမျိုးသားအသင်းတို့ကို ဆုတံဆိပ်၊ ငွေသားဆုနှင့် တံခွန်စိုက်ဆုတို့ကို ပေးအပ်ချီးမြှင့်ခဲ့ကြောင်း သိရသည်။

**ဥဿာတိုင်းသား**



# မိုင်းဆတ်မြို့နှင့်တာချီလိတ်မြို့ ဒေသဖွံ့ဖြိုးရေးလုပ်ငန်းများ ရှမ်းပြည်နယ်ဝန်ကြီးချုပ် ကြည့်ရှုစစ်ဆေး




မိုင်းဆတ် မေ ၁၃

ရှမ်းပြည်နယ်ဝန်ကြီးချုပ် ဦးစိုင်းထိန်စိုးသည် ယနေ့နံနက်ပိုင်းတွင် မိုင်းဆတ်မြို့ရှိ မယ်ဆွမ်ချောင်း ရေကြီးရေလျှံမှုမဖြစ်ပွားစေရေး သဲနုန်းတူးဖော်နေမှု၊ မိုင်းဆတ်-တာချီလိတ်လမ်း(၀/၀မိုင်)(၆၀/၆မိုင်) ရက်(၁၀၀)စီမံကိန်း လမ်းဆောင်ရွက်နေမှုနှင့် မိုင်းဆတ်မြို့နယ် မိုင်းတွမ်ကျေးရွာ၌ ပေါ်ဆန်းမွှေးဆန် စမ်းသပ်စိုက်ပျိုးနေမှုကို ကြည့်ရှုအားပေးသည်။

ထို့နောက် တာချီလိတ်မြို့ရေကြီးရေလျှံမှုလျော့ပေါ့ရေး ရေတားနံရံဆောင်ရွက်မှု၊ တာချီလိတ်မြို့ ပုန်းထွန်ရပ်ကွက်ရှိ ကွန်ကရစ်ကာနံရံ တည်ဆောက်ခြင်းလုပ်ငန်းတို့ကို ကြည့်ရှုစစ်ဆေးသည်။

ယင်းနောက် တာချီလိတ်မြို့ လူဝင်မှုကြီးကြပ်ရေးနှင့်ပြည်သူ့အင်အားဝန်ကြီးဌာနက ရက်(၁၀၀) စီမံချက်ဖြင့် ဒေသခံပြည်သူများ၊ ကျောင်းသား၊ ကျောင်းသူများအား Biometric Data အချက်အလက် ကောက်ယူခြင်းလုပ်ငန်းဆောင်ရွက်နေမှုကို ကြည့်ရှုအားပေးကြပြီး ဆောင်ရွက်ပြီးစီးသည့်ကတ်များကို ပေးအပ်ကြောင်းသိရသည်။

**မောင်မောင်သန်း(တောင်ကြီး)**

၁၃-၅-၂၀၂၆

## ထူးခြားသည့်နေ့အပူချိန်များ

| | | | | |
|---|---|---|---|---|
| မုံရွာ | ၃၉ | ဒသမ | ၀ | ဒီဂရီဆဲလ်စီးယက် |
| ကော့ကရိတ် | ၃၈ | ဒသမ | ၉ | ဒီဂရီဆဲလ်စီးယက် |
| ဂန့်ဂေါ | ၃၈ | ဒသမ | ၆ | ဒီဂရီဆဲလ်စီးယက် |
| ချောက် | ၃၈ | ဒသမ | ၃ | ဒီဂရီဆဲလ်စီးယက် |
| မြင်းခြံ | ၃၈ | ဒသမ | ၂ | ဒီဂရီဆဲလ်စီးယက် |
| ညောင်ဦး | ၃၈ | ဒသမ | ၀ | ဒီဂရီဆဲလ်စီးယက |
| ဆင်ဖြူကျွန်း | ၃၈ | ဒသမ | ၀ | ဒီဂရီဆဲလ်စီးယက် |
| မြင်းမူ | ၃၈ | ဒသမ | ၀ | ဒီဂရီဆဲလ်စီးယက် |

# အပြည်ပြည်ဆိုင်ရာမူးယစ်ဆေးဝါးအလွဲသုံးမှုနှင့် တရားမဝင်ရောင်းဝယ်မှုတိုက်ဖျက်ရေးနေ့ အထိမ်းအမှတ် ပန်းချီ၊ ကာတွန်း၊ ပိုစတာနှင့် ကွန်ပျူတာပန်းချီပြိုင်ပွဲများကျင်းပ



နေပြည်တော် မေ ၁၃

၂၀၂၆ ခုနှစ် ဇွန်လ ၂၆ ရက်တွင်ကျရောက်မည့် (၃၉)ကြိမ်မြောက် အပြည်ပြည်ဆိုင်ရာ မူးယစ်ဆေးဝါးအလွဲသုံးမှုနှင့် တရားမဝင်ရောင်းဝယ်မှုတိုက်ဖျက်ရေးနေ့ အထိမ်းအမှတ်အကြို ပန်းချီ၊ ကာတွန်း၊ ပိုစတာနှင့် ကွန်ပျူတာပန်းချီပြိုင်ပွဲကို ယနေ့နံနက်ပိုင်းတွင် နေပြည်တော် ပုဗ္ဗသီရိမြို့နယ်ရှိ အမှတ်(၃)အခြေခံပညာအထက်တန်းကျောင်း၌ကျင်းပသည်။

အဆိုပါ အပြည်ပြည်ဆိုင်ရာမူးယစ်ဆေးဝါးအလွဲသုံးမှုနှင့် တရားမဝင်ရောင်းဝယ်မှုတိုက်ဖျက်ရေးနေ့အထိမ်းအမှတ်အကြို ပန်းချီ၊ ကာတွန်း၊ ပိုစတာနှင့် ကွန်ပျူတာပန်းချီပြိုင်ပွဲကို နေပြည်တော်အတွင်းရှိ ဥတ္တရခရိုင်နှင့် ဇေယျာသီရိခရိုင်ရှိ အခြေခံပညာကျောင်းများနှင့်ကိုယ်ပိုင်ကျောင်းများမှ ပန်းချီပြိုင်ပွဲတွင် မူလတန်းအဆင့်ကျောင်းသား၊ ကျောင်းသူ ၁၂ ဦး၊ အလယ်တန်းအဆင့် ကျောင်းသား၊ ကျောင်းသူခုနစ်ဦး၊ ကာတွန်းပြိုင်ပွဲတွင် မူလတန်းအဆင့် ကျောင်းသား၊ ကျောင်းသူနှစ်ဦးနှင့် အထက်တန်းအဆင့် ကျောင်းသား၊ ကျောင်းသူ တစ်ဦး၊ ပိုစတာပြိုင်ပွဲတွင် မူလတန်းအဆင့် ကျောင်းသား၊ ကျောင်းသူငါးဦးနှင့် အလယ်တန်းအဆင့် ကျောင်းသား၊ကျောင်းသူတစ်ဦး၊ ကွန်ပျူတာပန်းချီပြိုင်ပွဲတွင် အလယ်တန်းအဆင့် ကျောင်းသား၊ကျောင်းသူတစ်ဦးနှင့်အထက်တန်းအဆင့်ကျောင်းသား၊ ကျောင်းသူတစ်ဦး စုစုပေါင်းကျောင်းသား၊ ကျောင်းသူ ၃၀ ဦးတို့က "မူးယစ်ကင်းစင် တို့ပြည်တစ်ခွင် သာယာလှပအနာဂတ်ဘဝ"၊ "လွယ်လွယ်နဲ့ရ သုံးစွဲကြ မူးယစ်သားကောင်ဖြစ်နေရ ဝိုင်းဝန်းကာကွယ်တားဆီးမှ"၊ "မူးယစ်ကင်းစင်တို့ဝန်းကျင် ပျော်ရွှင်ချမ်းမြ-လုံခြုံလှ"၊ "နိုင်ငံအနာဂတ်လှပဖို့ မူးယစ်ဆေးကို အမြစ်ဖြတ်စို့"၊ "ဗလငါးတန်ခိုင်မြဲဖို့ မူးယစ်ဆေးကိုတိုက်ဖျက်စို့"၊ "အဆိုးကျော့စက်ဝန်း အဆုံးသတ်ဖို့ အုပ်စုဖွဲ့မှုခင်းတိုက်ဖျက်စို့" စသည့်ခေါင်းစဉ်များဖြင့် ဝင်ရောက်ယှဉ်ပြိုင်ခဲ့ပြီး ပြိုင်ပွဲတွင်ဆုရရှိသူများအား ဇွန်လ ၂၆ ရက်တွင်ကျရောက်မည့် (၃၉) ကြိမ်မြောက် အပြည်ပြည်ဆိုင်ရာမူးယစ်ဆေးဝါး အလွဲသုံးမှုနှင့် တရားမဝင်ရောင်းဝယ်မှု တိုက်ဖျက်ရေးနေ့တွင် ဆုများချီးမြှင့်ပေးသွားမည်ဖြစ်ကြောင်း သိရသည်။ (၄၀၂)

## မင်္ဂလာတောင်ညွန့်မြို့နယ် ကြက်ဘဲဈေးသို့ တစ်ရက်လျှင် ကြက်အဝင်ပိဿာ ရှစ်သောင်းခန့် ဝင်ရောက်

**ရန်ကုန်  မေ  ၁၃**

ရန်ကုန်တိုင်းဒေသကြီး မင်္ဂလာတောင်ညွန့်မြို့နယ်ရှိ ကြက်၊ ဘဲဈေးသို့ ကြက်အဝင်ပိဿာရှစ်သောင်းခန့် နေ့စဉ်ဝင်ရောက်နေပြီး တစ်ရက်လျှင် အသားတိုးကြက်ပိဿာ ခြောက်သောင်းခန့်ဝင်ရောက်မှုရှိကြောင်း မင်္ဂလာတောင်ညွန့် ကြက်၊ ဘဲဈေးမှ ကြက်၊ ဘဲ ရောင်းဝယ်ရေးလုပ်ငန်းလုပ်ကိုင်သူတစ်ဦး၏ပြောပြချက်အရ သိရသည်။

"မင်္ဂလာတောင်ညွန့်ကြက်၊ ဘဲဈေးကို နေ့စဉ် ကြက်အဝင်က ပိဿာ ရှစ်သောင်းလောက်ဝင်တယ်။ အရင်လတွေကလည်း ဒီလောက်ပါပဲ။ အသားတိုးကြက်ကတော့ အများဆုံးဝင်ပါတယ်။ တစ်ရက်ကို ပိဿာခြောက်သောင်းလောက်ရှိတယ်"ဟု ၎င်းကပြောသည်။

မင်္ဂလာတောင်ညွန့်မြို့နယ်ရှိ ကြက်၊ ဘဲဈေးသို့ ရန်ကုန်တိုင်းဒေသကြီး၊ ဧရာဝတီတိုင်းဒေသကြီးနှင့် ပဲခူးတိုင်းဒေသကြီးတို့မှ ကြက်များဝင်ရောက်ပြီး အဆိုပါဈေးမှ ရန်ကုန်တိုင်းဒေသကြီးရှိ မြို့နယ်တချို့သို့ ပြန်လည်ဖြန့်ဖြူးရောင်းချကြောင်း သိရသည်။

ပြည်တွင်း၌ အသားတိုးကြက်၊ ဒံပေါက်ကြက်၊ ဥစားကြက်များနှင့်ဥနှုန်းကျလာ၍ ရောင်းထုတ်ကြသည့် ဥတုံးကြက်ခေါ် ကြက်နီမတို့ကို မွေးမြူကြပြီး မွေးမြူပုံနှင့် ဈေးကွက်အနေအထားတူညီမှုမရှိသည့် တိုင်းရင်းကြက်ခေါ် မြန်မာကြက်များကိုလည်း မွေးမြူကြောင်း သိရသည်။

စောယု

## ကော့သောင်းခရိုင်လူထုအခြေပြုဗဟိုဌာန၌ အသိပညာပေးလုပ်ငန်းများဆောင်ရွက်



**ကော့သောင်း  မေ  ၁၃**

တနင်္သာရီတိုင်းဒေသကြီး ကော့သောင်းခရိုင် ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာန၊ အိမ်တွင်းမှုသင်တန်းကျောင်း၊ အမျိုးသမီးရေးရာအဖွဲ့၊ မိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်းနှင့် စာပေချစ်သူများအဖွဲ့တို့ပူးပေါင်း၍ ကော့သောင်းမြို့ရှိ ခရိုင်လူထုအခြေပြုဗဟိုဌာန၌ မေလ ၁၂ ရက်က အသိပညာပေးလုပ်ငန်းများ ဆောင်ရွက်သည်။

ထိုသို့ဆောင်ရွက်ရာတွင် ခရိုင်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန လက်ထောက်ညွှန်ကြားရေးမှူး ဒေါ်ဝါဝါခိုင်က ဌာန၏ လုပ်ငန်းဆောင်ရွက်ချက်များနှင့် အသိပညာပေးလုပ်ငန်းများ ဆောင်ရွက်ရသည့်ရည်ရွယ်ချက်များကို ရှင်းလင်းပြောကြားသည်။

ယင်းနောက် မြို့နယ်အမျိုးသမီးရေးရာအဖွဲ့ဥက္ကဋ္ဌ ဒေါ်အေးငြိမ်းငြိမ်းစံက လိင်ပိုင်းဆိုင်ရာ အကြမ်းဖက်မှုအကြောင်း အသိပညာပေးပြောကြားပြီး မြို့နယ်မိခင်နှင့် ကလေးစောင့်ရှောက်ရေးအသင်းမှ တာဝန်ရှိသူတစ်ဦးက အိမ်တွင်းအကြမ်းဖက်မှုအကြောင်း အသိပညာပေးပြောကြားကာ စာပေချစ်သူများက စာအုပ်စာပေများမှ ဗဟုသုတရဖွယ်အကြောင်းအရာများကို ဆွေးနွေးပြောကြားသည်။

ဆွေးနွေးပွဲအပြီးတွင် ခရိုင်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနမှ တာဝန်ရှိသူတစ်ဦးက အိမ်တွင်းမှုသင်တန်းကျောင်း၌ သင်တန်းတက်ရောက်နေကြသော ရပ်ကွက်/ကျေးရွာ အသီးသီးမှ သင်တန်းသူများအား အခြေခံစာကြည့်တိုက်ပညာ အသိပညာပေးအကြောင်းအရာများကို ရှင်းလင်းပြောကြားသည်။

ထို့နောက် တာဝန်ရှိသူများနှင့်သင်တန်းသူများက လူထုအခြေပြုဗဟိုဌာန၌ ခင်းကျင်းပြသထားသော သုတ၊ ရသ စာအုပ်၊ စာစောင်များ၊ Mini Museum ပြခန်း၊ အသိပညာပေးနံရံကပ်စာစောင်များကို ကြည့်ရှုလေ့လာကြကြောင်း သိရသည်။

ချမ်းမြေ့

## မိုးစပါးဧက ၁၀၀၀ ကို ကန်ထရိုက်လယ်ယာစနစ်ဖြင့်ဆောင်ရွက်ရန်နှင့် စပါးအထွက်နှုန်း တိုးတက်စေရန် ပညာပေးဆွေးနွေး

**မြိတ်  မေ  ၁၃**

တနင်္သာရီတိုင်းဒေသကြီး မြိတ်မြို့နယ်၌ မိုးစပါးစိုက်ပျိုးရာသီတွင် မိုးစပါးဧက ၁၀၀၀ ကို ကန်ထရိုက်လယ်ယာစနစ်ဖြင့် ဆောင်ရွက်ရန်နှင့် စပါးစိုက်ပျိုးရာတွင် တစ်ဧကအထွက်နှုန်းတိုးတက်စေရန် မေလ ၁၂ ရက်က ကျောက်ဖျာကျေးရွာရှိ OK ရတနာအဆင့်မြင့်ဆန်စက်၌ ဌာနဆိုင်ရာတာဝန်ရှိသူများမှ တောင်သူများအားပညာပေးဆွေးနွေးကြသည်။

ထိုသို့ဆွေးနွေးရာတွင် မြိတ်ခရိုင်စိုက်ပျိုးရေးဦးစီးဌာနဦးစီးမှူး ဒေါ်အင်ကြင်းခိုင်က စပါးစိုက်ပျိုးရာတွင် မြေမှန်၊ မျိုးမှန်၊ စိုက်နည်းမှန်၊ ရာသီမှန်အောင် စိုက်ဟူသည့်အတိုင်း တောင်သူများအနေဖြင့် မြေယာပြုပြင်ထွန်ယက်ခြင်းနှင့် စိုက်နည်းစနစ်မှန်ကန်စေရန်အတွက် အလေးထားဆောင်ရွက်ရန်လိုအပ်ကြောင်းနှင့် ကန်ထရိုက်လယ်ယာစနစ်နှင့်ပတ်သက်သည့်အကြောင်းအရာများကို ဆွေးနွေးပြောကြားသည်။

ဆက်လက်၍ မြို့နယ်သမဝါယမဦးစီးဌာန ဦးစီးမှူး ဒေါ်စမ်းစမ်းမိုးက စပါးစိုက်ပျိုးရာတွင် လိုအပ်သောသွင်းအားစုများအား တောင်သူများအတွက် မတည်ပေးမည့်အစီအစဉ်များကို ရှင်းလင်းပြောကြားပြီး OK ရတနာအဆင့်မြင့်ဆန်စက်ပိုင်ရှင် ဦးထွေးဝေက ကန်ထရိုက်လယ်ယာစနစ်ကို သက်ဆိုင်ရာဌာန၏မူဝါဒများနှင့်အညီ တောင်သူများအား ဆောင်ရွက်ပေးမည်ဖြစ်ကြောင်း ပြောကြားသည်။

ယင်းနောက် မြို့နယ်စိုက်ပျိုးရေးဦးစီးဌာန ဦးစီးမှူး ဦးဝင်းမြတ်စိုးက စပါးအထွက်နှုန်းတိုးတက်ရေးအတွက် မျိုးကောင်းမျိုးသန့်မျိုးစပါးများ ရွေးချယ်အသုံးပြုရန်နှင့် လိုအပ်သော သွင်းအားစုများကိုအသုံးပြုကြရန် ဆွေးနွေးပြောကြားပြီး မြို့နယ်



သမဝါယမအသင်းစု ဒုတိယဥက္ကဋ္ဌ ဦးထွန်းမင်းက သမဝါယမအခန်းကဏ္ဍဖြင့် ဆောင်ရွက်မည့်အစီအစဉ်များကို ဆွေးနွေးပြောကြားသည်။

ထို့နောက် တက်ရောက်လာကြသည့် တောင်သူများက သိရှိလိုသည်များနှင့် လိုအပ်ချက်များကိုမေးမြန်းကြရာ တာဝန်ရှိသူများက ပြန်လည်ဆွေးနွေးဖြေကြားပေးကြသည်။

အဆိုပါဆွေးနွေးပွဲသို့ ကျောက်ဖျာ၊ အထူးဆိပ်၊ ကဘင်း၊ အဒွင်း၊ ဝန်ဖို့၊ ပရည်တောင်၊ သဘွတ်၊ ပင်းအို၊ သစ်ယာဝနှင့် သဗျာကျေးရွာတို့မှတောင်သူများ တက်ရောက်ကြသည်။ ကန်ထရိုက်လယ်ယာစနစ်ဖြင့် မိုးစပါးဧက ၁၀၀၀ ကို ကျေးရွာငါးရွာ၌ ဌာနဆိုင်ရာတာဝန်ရှိသူများ၊ OK ရတနာဆန်စက်နှင့် တောင်သူများပူးပေါင်းဆောင်ရွက်မည်ဖြစ်ကြောင်း သိရသည်။

ခိုင်ထူး(ပြန်/ဆက်)

## ဟိုင်းကြီးကျွန်းမြို့၌ သစ်စိမ်းမြေဩဇာမျိုးစေ့ပေးအပ်ပွဲနှင့်ကြဲပက်ပွဲကျင်းပ



**ဟိုင်းကြီးကျွန်း  မေ ၁၃**

ဧရာဝတီတိုင်းဒေသကြီး ပုသိမ်ခရိုင် ဟိုင်းကြီးကျွန်းမြို့၌ စပါးရေတော်မိုးတော်ဧရိယာအတွင်း သစ်စိမ်းမြေဩဇာ(ပိုက်ဆန်လျှော်) ထည့်သွင်းနိုင်ရေးအတွက် မျိုးစေ့ပေးအပ်ပွဲနှင့် ကြဲပက်ပွဲကို မေလ ၁၃ ရက်တွင် ကညင်ချောင်းကျေးရွာအုပ်စု ကညင်ချောင်းကျေးရွာ၌ ကျင်းပကြောင်း သိရသည်။

ရှေးဦးစွာဟိုင်းကြီးကျွန်းမြို့ အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန ဒုတိယဦးစီးမှူး ဦးသန့်ဇော်လင်းနှင့်တာဝန်ရှိသူများသည် အခမ်းအနားတက်ရောက်လာသော တောင်သူများအား ရေတော်မိုးတော်ဧရိယာများ၌ ပိုက်ဆန်လျှော်မျိုးစေ့ကြဲပက်မြေမြှုပ်စိုက်ပျိုးရေး၊ ပန်းတိုင်အထွက်နှုန်းရရှိရေး၊ တစ်ဧက အထွက်နှုန်းတိုးရေး၊ တစ်သီးမှ သုံးသီးစိုက်ပျိုးရေး၊ လမ်းဘေးဝဲယာရိုးပြတ်ကျန်မှုမရှိစေရေး၊ အဓိကသီးနှံ ၁၀ မျိုး ပန်းတိုင်အထွက်နှုန်းရောက်ရှိရေး စသည့် စိုက်ပျိုးရေးအသိပညာများကို ဟောပြောသည်။

ထို့နောက် တာဝန်ရှိသူများက တောင်သူများအား ပိုက်ဆန်လျှော်မျိုးစေ့များ ပေးအပ်၍ တောင်သူဒေါ်ငွေကြည်၏ ကွင်းအမှတ်(၁၈၆၈/က) ဦးပိုင်အမှတ် (၈၅/၁) ၁ ဒသမ ဝ၃ ဧကရှိ လယ်မြေပေါ်၌ ပိုက်ဆန်လျှော်မျိုးစေ့များ ကြဲပက်စိုက်ပျိုးကြောင်း သိရသည်။

လှိုင်မျိုးအောင်

## ကျောက်ဆည်မြို့၌ သံပရိုပင်များ အောင်မြင်ဖြစ်ထွန်းသဖြင့် စိုက်ပျိုးသူပိုမိုများပြားလာ

**ကျောက်ဆည်  မေ  ၁၃**

မန္တလေးတိုင်းဒေသကြီး ကျောက်ဆည်ခရိုင် ကျောက်ဆည်မြို့၌ သံပရိုပင်များ အောင်မြင်ဖြစ်ထွန်းသဖြင့် စိုက်ပျိုးသူပိုမိုများပြားလာကြောင်း သိရသည်။

သံပရိုစိုက်ပျိုးမည်ဆိုပါက ပင်ခြား၊ တန်းခြား ၅ ပေမှ ၈ ပေ အကွာ စိုက်ပျိုးမှသာ ကိုင်းဖြာထွက်မှုကောင်းခြင်းနှင့် လိုအပ်သည့်အချိန်များတွင် ဆေးဖျန်းခြင်း၊ မြေဩဇာကျွေးခြင်း၊ ရေတင်ပေးခြင်းနှင့် ပေါင်းမြက်နှင့် မလိုအပ်သည့်ကိုင်းများကို ရှင်းပေးခြင်းဖြင့် အပင်ကြီးထွားမှုနှင့်အသီးအထွက်နှုန်း ပိုမိုကောင်းမွန်ကြောင်း၊ စိုက်ပျိုးပြီး ရှစ်လအကြာတွင် အပွင့်များ စတင်ပွင့်ပြီး တစ်နှစ်အကြာတွင် အသီးများ စတင်ခူးဆွတ်ရောင်းချရသည့် ကိုင်းကူးပျိုးပင်များ ပို၍စိုက်ပျိုးကြကြောင်း သိရသည်။

သံပရိုသည် မိသားစုတစ်နိုင်တစ်ပိုင် စိုက်ပျိုးနိုင်သည့် နှစ်ရှည်ပင်တစ်မျိုးဖြစ်ပြီး မြေနုကျွန်းများနှင့်နုန်းမြေများ၌ ကောင်းစွာဖြစ်ထွန်းကြောင်း၊ အပင်အပြုအစုကောင်းပါက တစ်နှစ်ပတ်လုံး အဖူး၊ အပွင့်၊ အသီးများဖြင့်ပြည့်စုံပြီး နေ့စဉ်နီးပါး ခူးဆွတ်ရောင်းချနိုင်ကြောင်းနှင့် ယခုအခါ သံပရိုပင်များ အောင်မြင်ဖြစ်ထွန်း၍ အသီးသီးနှုန်းကောင်းမွန်သည့်အတွက် စိုက်ပျိုးသူများပြားလာကြောင်း သံပရိုစိုက်တောင်သူများ၏ပြောပြချက်အရ သိရသည်။

သက်မောင်(ကျောက်ဆည်)

# Golden Boy ဆုအတွက် ပီအက်စ်ဂျီအသင်း လူငယ်ကစားသမား ဇိုင်အမ်မရီ ထိပ်ဆုံး၌ဦးဆောင်နေပြီး ၁၀ ဦးစာရင်းတွင် ပီအက်စ်ဂျီအသင်းမှ နှစ်ဦးပါဝင်

ရောမ မေ ၁၃

အီတလီနိုင်ငံအခြေစိုက် ထိပ်တန်းအားကစားအဖွဲ့အစည်းတစ်ခုဖြစ်သည့် Tuttosport က နှစ်စဉ်ချီးမြှင့်ပေးအပ်သောဆုတစ်ခုဖြစ်သည့် Golden Boy ဆုအတွက် အဆင့်သတ်မှတ်ချက်တွင် ပီအက်စ်ဂျီအသင်းမှ လူငယ်ကစားသမား ဇိုင်အမ်မရီက ထိပ်ဆုံး၌ ဦးဆောင်နေပြီး ၁၀ ဦးစာရင်းတွင် ပီအက်စ်ဂျီအသင်းမှ ကစားသမားနှစ်ဦး ပါဝင်လာခဲ့ကြောင်း သိရသည်။

Golden Boy ဆုကို ၂၀၀၃ ခုနှစ်က စတင်ရွေးချယ်ချီးမြှင့်ခဲ့ခြင်းဖြစ်ကာ ကမ္ဘာ့တစ်ဝန်းရှိ အသက် ၂၁ နှစ်အောက်ကစားသမားများမှ စိစစ်ရွေးချယ်ချီးမြှင့်ပေးအပ်ခြင်းဖြစ်သည်။ အဆိုပါဆုကို ရွန်းနီ၊ မက်ဆီ၊ ဖာဘရီဂတ်၊ ပေါ့ဂ်ဘာ၊ ပက်ဒရီ၊ ဂါဗီ၊ ဘယ်လင်ဟမ်၊ ယာမယ် စသည့် ကစားသမားများ ဆွတ်ခူးခဲ့ပြီး ၂၀၂၅ ခုနှစ်က ပီအက်စ်ဂျီအသင်း လူငယ်ကစားသမား ဒူအဲက ဆွတ်ခူးနိုင်ခဲ့သည်။

ဇိုင်အမ်မရီသည် ပီအက်စ်ဂျီအသင်းနှင့်အတူ ယခုဘောလုံးရာသီတွင် အကောင်းဆုံးခြေစွမ်းပြလျက်ရှိပြီး အသင်းကွင်းလယ်ပိုင်းအပြင် အသင်းခံစစ်ပိုင်းတွင်ပါ အကောင်းဆုံးကစားနိုင်ပြီးနောက် Golden Boy ဆုအတွက် အဆင့်သတ်မှတ်ချက်တွင် ထိပ်ဆုံး၌ ဦးဆောင်နေခြင်းဖြစ်သည်။

Golden Boy ဆုအတွက် အဆင့်သတ်မှတ်ချက်၌ ဇိုင်အမ်မရီ၏နောက်တွင် လိုက်ပဇစ်အသင်းမှ ဒီယိုမန်ဒီ၊ ဘာစီလိုနာအသင်းမှ ကျူစီဘာ၊ ဘိုင်ယန်မြူးနစ်အသင်းမှ လန်နက်ခါးလ်၊ ချယ်လ်ဆီးအသင်းမှ အက်စ်တီဗာအို၊ ဂလာဘတ်အသင်းမှ ဇက်ကိုဗစ်၊ လိုင်ယွန်အသင်းမှ အန်းဒရစ်၊ ဘုန်းမောက်အသင်းမှ ကာရိုပီနှင့် ယာဝမ်၊ ပီအက်စ်ဂျီအသင်းမှ မာယူလူတို့က ထိပ်ဆုံး ၁၀ ဦးစာရင်း၌ ရပ်တည်လျက်ရှိပြီး ၁၀ ဦးစာရင်းတွင် ဘာစီလိုနာအသင်းနှင့် ရီးယဲလ်မက်ဒရစ်အသင်းမှ ကစားသမားတစ်ဦးမှပါဝင်ခြင်းမရှိကြောင်း သိရသည်။

*Ref;Score 90*

# အင်္ဂလန်အသင်းနှင့် အာဆင်နယ်အသင်းကစားသမားဘန်ဝိုက် ဒူးဒဏ်ရာကြောင့် ၂၀၂၆ ကမ္ဘာ့ဖလားပြိုင်ပွဲကိုလွဲချော်မည်

လန်ဒန် မေ ၁၃

အင်္ဂလန်အသင်းနှင့် အာဆင်နယ်အသင်း ခံစစ်ကစားသမား ဘန်ဝိုက်သည် ဒူးဒဏ်ရာကြောင့် အာဆင်နယ်အသင်းနှင့်အတူ ယခုဘောလုံးရာသီကုန်အထိအနားယူရမည်ဖြစ်သည့်အပြင် အင်္ဂလန်အသင်းနှင့်လည်း ၂၀၂၆ ကမ္ဘာ့ဖလားပြိုင်ပွဲကို လွဲချော်မည်ဖြစ်ကြောင်း သိရသည်။

အသက် ၂၈ နှစ်အရွယ် ဘန်ဝိုက်သည် အာဆင်နယ်အသင်းက ဝက်စ်ဟမ်းအသင်းကို အနိုင်ရရှိသည့်ပွဲစဉ်၌ ပွဲချိန် ၂၈ မိနစ်တွင် ဒူးဒဏ်ရာရရှိပြီးနောက် လူစားလဲထွက်ခွာခဲ့ရပြီး ဒဏ်ရာနှင့်ပတ်သက်၍ အသေးစိတ်ဆေးစစ်မှုများလုပ်ဆောင်ရာတွင် ဒဏ်ရာပြင်းထန်သည့်အတွက် အနည်းဆုံး တစ်လကျော် အနားယူရမည်ဖြစ်သည်။

ဘန်ဝိုက်အနေဖြင့် ဒဏ်ရာကြောင့် တစ်လကျော် အနားယူရမည်ဖြစ်သည့်အတွက် အင်္ဂလန်အသင်းနှင့် ၂၀၂၆ ကမ္ဘာ့ဖလားပြိုင်ပွဲကို လွဲချော်မည်ဖြစ်သည့်အပြင် အာဆင်နယ်အသင်းနှင့် အရေးကြီးပွဲစဉ်များကိုလည်း လွဲချော်မည်ဖြစ်သည်။

ဘန်ဝိုက်သည် ယခုဘောလုံးရာသီတွင် အာဆင်နယ်အသင်းနှင့်အတူ အကောင်းဆုံးခြေစွမ်းပြလျက်ရှိပြီး နည်းပြ အာတီတာလက်အောက်တွင် အဓိကခံစစ်ကစားသမားအဖြစ် ပါဝင်နေသူဖြစ်ကာ လက်ကျန်အရေးကြီးပွဲစဉ်များကစားရန်ရှိနေသည့် အာဆင်နယ်အသင်းအတွက် ထိုးနှက်ချက်ဖြစ်လာခဲ့သည်။

ဘန်ဝိုက်သည် ယခုဘောလုံးရာသီတွင် အာဆင်နယ်အသင်းနှင့်အတူ ပြိုင်ပွဲစုံ ပွဲ ၃၀ ပါဝင်ကစားထားပြီး တစ်ဂိုးသွင်းယူနိုင်ကာ ဂိုးဖန်တီးမှုနှစ်ကြိမ်ပြုလုပ်ထားကြောင်း သိရသည်။

*Ref;Fabrizio Romano*



# ရီးယဲလ်မက်ဒရစ်အသင်းက မော်ရင်ဟိုအား နည်းပြသစ်အဖြစ် ခန့်အပ်နိုင်ရန်နီးစပ်နေပြီး နောက်ဆုံးအဆင့်ဆွေးနွေးမှုများပြုလုပ်နေ



မက်ဒရစ် မေ ၁၃

ရီးယဲလ်မက်ဒရစ်အသင်းက ယခုဘောလုံးရာသီအကုန်တွင် နည်းပြသစ်အဖြစ် နည်းပြမော်ရင်ဟိုအား ခန့်အပ်နိုင်ရန်နီးစပ်နေပြီး နောက်ဆုံးအဆင့်ဆွေးနွေးမှုများ ပြုလုပ်နေကြောင်း သိရသည်။

ရီးယဲလ်မက်ဒရစ်အသင်းသည် ယခုဘောလုံးရာသီတွင် နည်းပြသစ်အဖြစ် နည်းပြအလွန်ဆိုအား ခန့်အပ်ခဲ့သော်လည်း နည်းပြအလွန်ဆိုနှင့်အသင်းမှ အဓိကကစားသမားများကြား ဆက်ဆံရေးတင်းမာမှုများကြောင့် ရာသီဝက်ကာလတွင် နည်းပြအလွန်ဆိုအား ရာထူးမှထုတ်ပယ်ပြီး ယခုဘောလုံးရာသီကုန်အထိ ယာယီနည်းပြအဖြစ် နည်းပြအာဘီလိုအာအား တာဝန်ပေးအပ်ခဲ့ခြင်းဖြစ်သည်။

ရီးယဲလ်မက်ဒရစ်အသင်းအနေဖြင့် နည်းပြ အာဘီလိုအာလက်အောက်တွင် ရလဒ်များ မတည်မငြိမ်ဖြစ်ခဲ့ပြီး စပိန်လာလီဂါပြိုင်ပွဲတွင် ချန်ပီယံဆုလက်လွှတ်ခဲ့ရပြီးနောက် ရာသီအကုန်တွင် နည်းပြသစ်ခန့်အပ်ရန် ကြိုးပမ်းခဲ့ခြင်းဖြစ်သည်။

နည်းပြမော်ရင်ဟိုသည် ၂၀၁၀ ပြည့်နှစ်မှ ၂၀၁၃ ခုနှစ်အထိ ရီးယဲလ်မက်ဒရစ်အသင်းကို တာဝန်ယူကိုင်တွယ်ခဲ့ပြီး စပိန်လာလီဂါဖလား၊ စပိန်ကိုပါဒယ်ရေးဖလားနှင့် စပိန်စူပါဖလားတို့ကိုဆွတ်ခူးနိုင်ခဲ့ပြီး အသင်းကိုအောင်မြင်မှုများရရှိအောင် စွမ်းဆောင်ပေးနိုင်ခဲ့သူဖြစ်သည်။

ရီးယဲလ်မက်ဒရစ်အသင်းဥက္ကဋ္ဌ ပီရက်ဇ်က နည်းပြသစ်ကို ဥရောပတွင် အတွေ့အကြုံရှိသည့် ဝါရင့်နည်းပြကို ခန့်အပ်မည်ဟု အတည်ပြုခဲ့ပြီးနောက် ဥရောပတွင် ချယ်လ်ဆီးအသင်း၊ မန်ယူအသင်း၊ အင်တာမီလန်အသင်း စသည့်အသင်းများနှင့် ဥရောပအတွေ့အကြုံအများအပြားရှိသည့် နည်းပြမော်ရင်ဟိုအား ခန့်အပ်ရန်ကြိုးပမ်းနေခြင်းဖြစ်သည်။

နည်းပြမော်ရင်ဟိုသည် ဗီနာဘာချီအသင်းနှင့် လမ်းခွဲပြီးနောက် ယခုဘောလုံးရာသီတွင် ဘင်ဖီကာအသင်းကို နှစ်နှစ်စာချုပ်ဖြင့် တာဝန်ယူကိုင်တွယ်နေသူဖြစ်ပြီး အသင်းနှင့်စာချုပ်သက်တမ်းကုန်ဆုံးရန် တစ်နှစ်ကျန်ရှိနေသေးသော်လည်း ရီးယဲလ်မက်ဒရစ်အသင်းက ရာသီအကုန်တွင် နည်းပြသစ်အဖြစ် ခန့်အပ်ရန် ဆွေးနွေးမှုများလုပ်ဆောင်နေခြင်းဖြစ်ကာ မကြာမီခန့်အပ်နိုင်ရန် နီးစပ်လျက်ရှိကြောင်း သိရသည်။

*Ref;Fabrizio Romano*

# ကမ္ဘာ့ဖလားပြိုင်ပွဲသမိုင်းတွင် အသက်အကြီးဆုံးနည်းပြအဖြစ် အက်ဗိုကက် မှတ်တမ်းဝင်မည်

ဝီလမ်စတက် မေ ၁၃

ကူရာကာအိုအသင်းက နည်းပြသစ်အဖြစ် အက်ဗိုကက်အား ခန့်အပ်ရန် သဘောတူညီမှုရရှိပြီးနောက် ကမ္ဘာ့ဖလားပြိုင်ပွဲသမိုင်းတွင် အသက်အကြီးဆုံး နည်းပြအဖြစ် မှတ်တမ်းဝင်မည်ဖြစ်သည်။

အသက် ၇၈ နှစ်အရွယ် နည်းပြ အက်ဗိုကက်သည် ကူရာကာအိုအသင်းကို ၂၀၂၆ ကမ္ဘာ့ဖလားပြိုင်ပွဲ ခြေစစ်ပွဲအောင်မြင်အောင် စွမ်းဆောင်ပေးနိုင်ပြီးနောက် မိသားစုကိစ္စအကြောင်းပြကာ အသင်းနည်းပြရာထူးမှ ရုတ်တရက်နုတ်ထွက်ခဲ့ခြင်းဖြစ်သည်။

ကူရာကာအိုအသင်းက လစ်လပ်နေသည့်အသင်းနည်းပြရာထူးအတွက် ဟပ်တန်ကို အသင်းနည်းပြသစ်အဖြစ်ခန့်အပ်ခဲ့သော်လည်း ဟပ်တန်သည် နှစ်ပွဲကိုင်တွယ်ရာ နှစ်ပွဲစလုံးရှုံးနိမ့်သည့်အတွက် အသင်းနည်းပြရာထူးမှ ထုတ်ပယ်ခဲ့ခြင်းဖြစ်သည်။

ကူရာကာအိုအသင်းက နည်းပြဟပ်တန်အား နည်းပြရာထူးမှ ထုတ်ပယ်ပြီးနောက် နည်းပြသစ်အဖြစ် အသင်းကို သမိုင်းဝင်ခြေစစ်ပွဲအောင်မြင်အောင် စွမ်းဆောင်ပေးနိုင်ခဲ့သည့် နည်းပြအက်ဗိုကက်အား ခန့်အပ်ရန်ဆွေးနွေးရာ သဘောတူညီမှုရရှိသည့်အတွက် ကမ္ဘာ့ဖလားပြိုင်ပွဲသမိုင်းတွင် အသက်အကြီးဆုံးနည်းပြအဖြစ် မှတ်တမ်းဝင်မည်ဖြစ်ကြောင်း သိရသည်။

*Ref;Fotmob*

# လူထုဖြန့်ပျိုးပင်များ ပျိုးထောင်ထားမှုနှင့် ဝန်ထမ်းအိမ်ရာများ တည်ဆောက်ပြုပြင်ဆောင်ရွက်မှုတို့ကို ကယားပြည်နယ်ဝန်ကြီးချုပ် ကြည့်ရှုစစ်ဆေး



**လွိုင်ကော် မေ ၁၃**

ကယားပြည်နယ်ဝန်ကြီးချုပ် ဦးအုံ့မော်သည် ယနေ့နံနက်ပိုင်းတွင် ပြည်နယ်သစ်တောဦးစီးဌာနသို့ သွားရောက်၍ သစ်တောဦးစီးဌာန၏လုပ်ငန်းများအကောင်အထည်ဖော်ဆောင်ရွက်နေမှုများနှင့် လူထုဖြန့်ပျိုးပင်များ စိုက်ပျိုးထားရှိမှုကို ကြည့်ရှုစစ်ဆေးသည်။

ထို့နောက် ကန္တရဝတီပျိုးဥယျာဉ်အတွင်း ကျွန်း၊ စိန်ပန်းနီ၊ စိန်ပန်းပြာ၊ မဟော်ဂနီ၊ ယမနေ သစ်မျိုးများအပါအဝင် သစ်မျိုး ၁၁ မျိုး ပျိုးပင်ပေါင်း ကိုးသောင်းကျော် ပျိုးထောင်ထားရှိမှု၊ ပြည်နယ်လျှပ်စစ်အင်ဂျင်နီယာရုံး လေးခန်းတွဲလေးထပ်ဝန်ထမ်းအိမ်ရာဆောက်လုပ်ပြီးစီးမှု၊ ဒေါဥခူရပ်ကွက်ရှိ မြို့ပြနှင့်အိမ်ရာဖွံ့ဖြိုးရေးဦးစီးဌာနတွင် အကြမ်းဖက်သောင်းကျန်းသူများကြောင့် ထိခိုက်ပျက်စီးခဲ့သည့် လေးခန်းတွဲငါးထပ် ဝန်ထမ်းအိမ်ရာ တိုက်အမှတ်(၁)နှင့်(၂) တို့ကို အကြီးစားပြုပြင်မွမ်းမံဆောင်ရွက်မည့်အခြေအနေများကိုကြည့်ရှုစစ်ဆေးသည်။

ယင်းနောက် ဌာနဆိုင်ရာ စုပေါင်းရုံး၌ ရုံးအဆောက်အအုံ ပြန်လည်ပြင်ဆင်ပြီးစီးမှု၊ ရုံးများပြန်လည်ဖွင့်လှစ်ရန် သက်ဆိုင်ရာရုံးခန်းအသီးသီးတွင် ရွှေ့ပြောင်းပြင်ဆင်ဆောင်ရွက်နေမှုများကိုလှည့်လည်ကြည့်ရှုကြောင်းသိရသည်။

ပြည်နယ်(ပြန်/ဆက်)

# အာရှဖလား ယူ - ၁၇ ပြိုင်ပွဲ အုပ်စုနောက်ဆုံးပွဲတွင် မြန်မာနှင့်ထိုင်းသရေကျ



**ရန်ကုန် မေ ၁၃**

၂၀၂၆ အာရှဖလား ယူ-၁၇ ပြိုင်ပွဲအုပ်စု (A)နောက်ဆုံးနေ့ကို မေလ ၁၂ ရက်ညပိုင်းက ဆော်ဒီအာရေဗျနိုင်ငံ၌ကျင်းပရာ မြန်မာနှင့်ထိုင်းအသင်း နှစ်ဂိုးစီသရေကျခဲ့သည်။

**နိုင်ပွဲရရှိရန်ကြိုးပမ်း**

မြန်မာအသင်းရော ထိုင်းအသင်းပါ အုပ်စုဒုတိယပွဲပြီးကတည်းက နောက်တစ်ဆင့်တက်ရောက်ခွင့် ဆုံးရှုံးပြီးဖြစ်သော်လည်း ဂုဏ်သိက္ခာပိုင်းအတွက် နိုင်ပွဲရရှိရန်ကြိုးပမ်းခဲ့သည်။ မြန်မာအသင်းအနေဖြင့် အနိုင်သုံးမှတ်ရရှိသင့်သည့်ပွဲဖြစ်သော်လည်း နှစ်ဂိုးပြတ်ဦးဆောင်ပြီး ထိုင်းအသင်းက ချေပဂိုးနှစ်ဂိုးပြန်သွင်းကာ သရေကျခဲ့ခြင်းဖြစ်သည်။

မြန်မာအသင်းသည် ပွဲထွက်လူစာရင်းကို အပြောင်းအလဲအချို့ပြုလုပ်ခဲ့သော်လည်း အတောင့်တင်းဆုံးလူစာရင်းဖြင့် ပွဲထွက်လာသည်။ ပွဲစကတည်းက နှစ်သင်းစလုံးအပြန်အလှန်တိုက်စစ်ဆင်ကစားနိုင်ခဲ့ပြီး တိုက်စစ်မှူးစိုင်းမြတ်မင်းက ၁၉၊ ၂၂ မိနစ်တွင် နှစ်ဂိုးဆက်သွင်းယူကာ မြန်မာအသင်းနှစ်ဂိုးပြတ်ဦးဆောင်နိုင်ခဲ့သည်။ သို့သော် မိနစ် ၃၀ တွင် ဆူသီဖာပရာက ထိုင်းအသင်းအတွက် ပထမချေပဂိုးပြန်သွင်းခဲ့သဖြင့် ပထမပိုင်းအပြီးတွင် မြန်မာအသင်းက ၂ ဂိုး ၁ ဂိုးဖြင့် ဦးဆောင်နေသည်။ ဒုတိယပိုင်းတွင် ထိုင်းအသင်းက ချေပဂိုးရရန် အားပိုထည့်လာပြီး ၇၅ မိနစ်တွင် ဂါဘရတ်က ဒုတိယဂိုးသွင်းယူခဲ့သဖြင့် နှစ်ဂိုးစီ သရေကျခဲ့ခြင်းဖြစ်သည်။

အုပ်စု(A)အခြားပွဲတွင်အိမ်ရှင်ဆော်ဒီအာရေဗျအသင်းနှင့် တာဂျစ်ကစ္စတန်အသင်း ငါးဂိုးစီသရေကျခဲ့သည်။ အုပ်စု(A) ပွဲစဉ်များအပြီးတွင် ဆော်ဒီအာရေဗျအသင်းနှင့် တာဂျစ်ကစ္စတန်အသင်းက ခုနစ်မှတ်စီဖြင့် ကွာတားဖိုင်နယ်တက်ရောက်ပြီး ထိုင်းအသင်းနှင့် မြန်မာအသင်းက တစ်မှတ်စီရရှိကာ အုပ်စုမှထွက်ခဲ့ရသည်။

သတင်း-ကိုညီလေး၊ ဓာတ်ပုံ- MFF

# မြဝတီမြို့နယ်ကိုယ်စားပြု လူရည်ချွန် ကျောင်းသား၊ ကျောင်းသူ ငါးဦးအား ကြိုဆိုဂုဏ်ပြု

**မြဝတီ မေ ၁၃**

ကရင်ပြည်နယ် မြဝတီခရိုင် မြဝတီမြို့၌ ကရင်ပြည်နယ်မှ ဝင်ရောက်ယှဉ်ပြိုင်ကြသည့် လူရည်ချွန်မောင်မယ် ၁၃ ဦးအနက် လူရည်ချွန်ရွေးချယ်ခံရသည့် မြဝတီမြို့ကိုယ်စားပြု နှစ်ထပ်ကွမ်းလူရည်ချွန်ကျောင်းသား နှစ်ဦး၊ လူရည်ချွန် ကျောင်းသား၊ ကျောင်းသူ သုံးဦး စုစုပေါင်း ငါးဦးအား ယမန်နေ့မွန်းလွဲ ၁ နာရီက အမှတ် (၄) ရပ်ကွက် အာရှလမ်းမကြီးရှိ လျှပ်စစ်ဓာတ်အားဖြန့်ဖြူးရေးရုံးရှေ့၌ ဂုဏ်ပြုကြိုဆိုကြသည်။

ထိုသို့ဂုဏ်ပြုကြိုဆိုရာ၌ ခရိုင်စီမံခန့်ခွဲရေးနှင့်အုပ်ချုပ်ရေးကော်မတီဥက္ကဋ္ဌ ခရိုင်အုပ်ချုပ်ရေးမှူး ဦးကောင်းစံလင်း၊ မြို့နယ်စီမံခန့်ခွဲရေးနှင့်အုပ်ချုပ်ရေးကော်မတီဥက္ကဋ္ဌ မြို့နယ်အုပ်ချုပ်ရေးမှူး ဦးဇော်မော်အောင်၊ မြို့နယ်ပညာရေးမှူး ဦးမိုးကျော်၊ ကျောင်းအကျိုးတော်ဆောင်များ၊ ဆရာ၊ ဆရာမများက လူရည်ချွန်စခန်းမှ ပြန်လည်ရောက်ရှိလာသည့် အုပ်ချုပ်ကြီးကြပ်အထက်တန်းပြဆရာ ဦးခိုင်ဝင်းနှင့်အတူ မြဝတီမြို့ကိုယ်စားပြု လူရည်ချွန်မောင်မယ် ကျောင်းသား၊ ကျောင်းသူ ငါးဦးအား ဂုဏ်ပြုပန်းစည်းဖြင့်ကြိုဆိုပြီး အမှတ်(၁)အခြေခံပညာအထက်တန်းကျောင်းခန်းမ၌ ဂုဏ်ပြုပွဲအခမ်းအနားအား ဆက်လက်ကျင်းပသည်။

အခမ်းအနားတွင် ခရိုင်စီမံခန့်ခွဲရေးနှင့်အုပ်ချုပ်ရေးကော်မတီဥက္ကဋ္ဌ ခရိုင်အုပ်ချုပ်ရေးမှူး ဦးကောင်းစံလင်းက ဂုဏ်ပြုအမှာစကား ပြောကြားကာ အမှတ်(၁) အခြေခံပညာအထက်တန်းကျောင်းမှ Grade -11 နှစ်ထပ်ကွမ်း လူရည်ချွန်ကျောင်းသားမောင်မြတ်ထင်လင်းက ကျေးဇူးတင်စကားပြန်လည်ပြောကြားပြီး ဂုဏ်ပြုကြိုဆိုပွဲအခမ်းအနားအားရုပ်သိမ်းခဲ့ကြောင်း သိရသည်။

(၄၀၆)

| မြို့ | အနိမ့်ဆုံး | / | အမြင့်ဆုံးအပူချိန် |
|---|---|---|---|
| နေပြည်တော် | ၂၅˚c | / | ၃၄˚c |
| ရန်ကုန် | ၂၄˚c | / | ၃၂˚c |
| မန္တလေး | ၂၅˚c | / | ၃၆˚c |

**လျှပ်စစ်မီးကို ချွေတာသုံးစွဲပါ**

**အဖိုးတန်ရေချိုကို ချွေတာကြပါစို့**

## မှတ်သားဖွယ်ရာမိုးရေချိန်များ

၁၃-၅-၂၀၂၆

| | | | | | |
|---|---|---|---|---|---|
| ဖြူး | ၃ ဒသမ | ၀၃ လက်မ | ဟသ်ာတ | ၀ ဒသမ | ၉၈ လက်မ |
| ကြို့ပင်ကောက် | ၁ ဒသမ | ၈၁ လက်မ | မြောင်းမြ | ၀ ဒသမ | ၉၄ လက်မ |
| လပွတ္တာ | ၁ ဒသမ | ၃၄ လက်မ | တောင်ငူ | ၀ ဒသမ | ၉၁ လက်မ |
| ဟိုင်းကြီးကျွန်း | ၁ ဒသမ | ၃၀ လက်မ | ကျိုက္ခမီ | ၀ ဒသမ | ၈၇ လက်မ |
| နေပြည်တော် | ၀ ဒသမ | ၉၈ လက်မ | တောင်ကြီး | ၀ ဒသမ | ၈၇ လက်မ |
| (ဒက္ခိဏသီရိမြို့နယ်) | | | မာန်အောင် | ၀ ဒသမ | ၇၉ လက်မ |

ရန်ကုန်မြို့နှင့် မန္တလေးမြို့အတွက် ရည်ညွှန်းလက်ကားဈေးနှုန်းများနှင့် ပြည်ထောင်စုနယ်မြေ နေပြည်တော်၊ တိုင်းဒေသကြီး/ပြည်နယ်မြို့တော်များအတွက် ရည်ညွှန်းလက်လီဈေးနှုန်းများ

၁၄-၅-၂၀၂၆ ကျပ်/လီတာ

| Fuel (လက်လီဈေးနှုန်း) | ရန်ကုန် | မန္တလေး | နေပြည်တော် | ပဲခူး | မကွေး | ထားဝယ် | မုံရွာ | ပုသိမ် | မြစ်ကြီးနား | စစ်တွေ | ဘားအံ | မော်လမြိုင် | လားရှိုး | တောင်ကြီး | လွိုင်ကော် | ဟားခါး |
|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|
| 92 Ron | ၄၅၀၀ | ၄၆၉၀ | ၄၆၃၀ | ၄၅၂၀ | ၄၆၉၀ | ၄၇၀၅ | ၄၇၅၅ | ၄၆၀၀ | ၄၇၅၅ | ၅၀၇၀ | ၄၆၂၀ | ၄၈၁၅ | ၄၇၂၅ | ၄၆၈၀ | ၄၆၈၀ | ၄၈၉၀ |
| 95 Ron | ၄၆၅၀ | ၄၈၄၀ | ၄၇၇၅ | ၄၆၆၅ | ၄၈၄၀ | ၄၈၅၀ | ၄၉၀၀ | ၄၇၅၀ | ၄၉၀၀ | ၅၂၂၀ | ၄၇၇၀ | ၄၉၈၅ | ၄၈၇၅ | ၄၈၃၀ | ၄၈၃၀ | ၅၀၄၀ |
| HSD (500 ppm) | ၅၀၅၀ | ၅၂၃၀ | ၅၁၇၀ | ၅၀၆၅ | ၅၂၃၀ | ၅၂၄၀ | ၅၂၉၀ | ၅၁၄၅ | - | ၅၃၈၅ | ၅၁၆၅ | ၅၆၁၅ | ၅၂၆၅ | ၅၂၂၀ | ၅၂၂၀ | ၅၄၂၀ |
| HSD (50 ppm) | ၆၀၇၀ | ၆၂၆၀ | ၆၂၀၀ | ၆၀၉၀ | ၆၂၆၀ | ၆၂၇၀ | ၆၃၂၀ | ၆၁၇၀ | ၆၃၂၀ | ၆၆၄၀ | ၆၁၉၀ | ၆၄၇၅ | ၆၂၈၅ | ၆၂၅၀ | ၆၂၅၀ | ၆၄၆၀ |
| HSD (10 ppm) | ၆၀၇၀ | ၆၂၆၀ | ၆၂၀၀ | ၆၀၉၀ | ၆၂၆၀ | ၆၂၇၀ | ၆၃၂၀ | ၆၁၇၀ | | ၆၆၄၀ | ၆၁၉၀ | ၆၄၇၅ | ၆၂၈၅ | ၆၂၅၀ | ၆၂၅၀ | ၆၄၆၀ |

ကျပ်/လီတာ

| Fuel (လက်ကားဈေးနှုန်း) | ရန်ကုန် | မန္တလေး |
|---|---|---|
| 92 Ron | ၄၂၆၉ | ၄၃၈၈ |
| 95 Ron | ၄၄၁၃ | ၄၅၃၅ |
| HSD (500 ppm) | ၄၈၁၅ | ၄၉၄၁ |
| HSD (50 ppm) | ၅၇၈၉ | ၅၉၃၄ |
| HSD (10 ppm) | ၅၇၈၉ | ၅၉၃၄ |

**မှတ်ချက်။** (၁) MOPS ဈေးနှုန်းပေါ်တွင် အခြေခံတွက်ချက်ထားခြင်းဖြစ်ပါသည်။

(၂) သုံးစွဲသူမိဘပြည်သူများအနေဖြင့် စက်သုံးဆီများဝယ်ယူသုံးစွဲရာတွင် ကျေနပ်မှုမရှိပါက ကော်မတီ၏အောက်ဖော်ပြပါ ဖုန်းနံပါတ်များသို့ လုံခြုံစိတ်ချစွာဖြင့် သတင်းပေးတိုင်ကြားနိုင်ပါကြောင်း အသိပေးအပ်ပါသည်-

၀၆၇-၄၁၁၃၇၃၊ ၀၉-၂၅၄၆၂၅၄၇၇

၀၆၇-၄၁၁၂၈၂၊ ၀၉-၆၈၀၅၈၉၈၈၈

**စက်သုံးဆီတင်သွင်းသိုလှောင်ဖြန့်ဖြူးခြင်း လုပ်ငန်းကြီးကြပ်ရေးကော်မတီ**

**စုလျားရစ်ပတ်ထိမ်းမြားမင်္ဂလာ ကျေးဇူးတင်လွှာ**

စစ်ကိုင်းတိုင်းဒေသကြီး၊ မြင်းမူမြို့နေ

ဦးဉာဏ်ထွန်း(မူအုပ်/ငြိမ်း)+ဒေါ်အမာတို့၏သားလတ်

**ဗိုလ်ကြီးအောင်ဇေယျာထွန်း**

M.B.,B.S(DSMA),

M.Med(Army Medical University, Chongqing),

Diploma in Cardiology(AMU, Chongqing)

နှင့်

နေပြည်တော်ကောင်စီနယ်မြေ၊ ဒက္ခိဏသီရိမြို့နယ်နေ

ဦးလှမြင့်စိုး+ဒေါ်စကားဝါလွင်တို့၏သမီးကြီး

**မယွန်းပန်းအိမ်**

B.A(English),

MBA(University of the Thai Chamber of Commerce, Bangkok),

Diploma in Business Law,

Diploma in English Language Proficiency(SEAMEO CHAT)

တို့၏ ၁၀-၅-၂၀၂၆ ရက်တွင် နေပြည်တော်၊ မင်္ဂလာသီရိဟိုတယ်၌ကျင်းပပြုလုပ်သော စုလျားရစ်ပတ်ထိမ်းမြားမင်္ဂလာ ဧည့်ခံပွဲအခမ်းအနားသို့ကြွရောက်ချီးမြှင့်ပေးပါသော ဂုဏ်သရေရှိလူကြီးမင်းများ၊ စစ်တက္ကသိုလ်အမှတ်စဉ်(၃၁)မှ သူငယ်ချင်းမိသားစုများ၊ နှစ်ဖက်သောဆွေမျိုးမိတ်သင်္ဂဟများအားလည်းကောင်း၊ ကိုယ်တိုင်ကြွရောက်ချီးမြှင့်နိုင်ခြင်းမရှိသော်လည်း မေတ္တာဖြင့်မင်္ဂလာလက်ဖွဲ့များပေးပို့ကြသည့် ဂုဏ်သရေရှိလူကြီးမင်းများအားလည်းကောင်း၊ မင်္ဂလာအခမ်းအနားမှူးအဖြစ် ဆောင်ရွက်ပေးပါသော တက္ကသိုလ်အားမာန်၊ မင်္ဂလာအခါတော်ပေး သီကျူးပေးပါသော တေးသံရှင် အိအိထွန်း၊ စောင်းပညာရှင် ဘိုဘို၊ မင်္ဂလာတေးသီချင်းများ သီဆိုဧည့်ခံပေးကြပါသော သီရိကျက်သရေမြန်မာမှုတေးဂီတအဖွဲ့မှ ဂီတမှူးနှင့်တေးသံရှင်များ၊ မင်္ဂလာပန်းများ ဖြန့်ကြဲပေးပါသော သမီးငယ် မရွှေယွန်းပြည့်၊ မထက်ဝတီခိုင်၊ မင်္ဂလာအောင်စံပယ်ပန်းကုံးနှင့် မင်္ဂလာလက်ထပ်လက်စွပ်ကိုင်ဆောင်ပေးပါသော မမေဇင်သက်ဝေ၊ မနှင်းမိုးသက်၊ မင်္ဂလာသတို့သားအရံအဖြစ်ဆောင်ရွက်ပေးပါသော ဗိုလ်ကြီးစိုးမင်းမောင်၊ ဗိုလ်ကြီးဟိန်းသူရနိုင်၊ မင်္ဂလာသတို့သမီးအရံအဖြစ်ဆောင်ရွက်ပေးပါသော မမျိုးသန္တာကျော်၊ မခြူးသဇင်အိ၊ မင်္ဂလာဝတ်စုံ ဒီဇိုင်းဖန်တီးပေးပါသော Mei.Nova၊ မင်္ဂလာလက်ဝတ်ရတနာများဆင်မြန်းပေးပါသော "ဝိနို့ဖူး" စိန်ရွှေရတနာဆိုင်၊ မိတ်ကပ်နှင့်ဆံပင်အလှဖန်တီးပေးပါသော အိန္ဒြာနှင့်အဖွဲ့၊ မင်္ဂလာဓာတ်ပုံ၊ ဗီဒီယိုများရိုက်ကူးပေးပါသော Glossy Photography Tint Phone Aung နှင့်အဖွဲ့၊ မင်္ဂလာအခမ်းအနားနှင့် ပန်းအလှပြင်ဆင်ပေးပါသော ရွှေလက်တွဲ Wedding Floral Service အဖွဲ့၊ ကျွေးမွေးဧည့်ခံပေးပါသော မင်္ဂလာသီရိဟိုတယ်မှ တာဝန်ရှိလူကြီးမင်းများ၊ မန်နေဂျာနှင့် ဝန်ထမ်းများအားလည်းကောင်း၊ မင်္ဂလာဧည့်ခံပွဲ အောင်မြင်ရေးအတွက် အဘက်ဘက်မှပိုင်းဝန်းကူညီပေးပါသော နှစ်ဖက်သောဆွေမျိုးမိတ်သင်္ဂဟများနှင့် ကျေးဇူးတင်ထိုက်သူများအားလုံးကို လှိုက်လှဲစွာကျေးဇူးအထူးတင်ရှိပါသည်။

**နှစ်ဖက်သောမိဘများနှင့်**
**ဗိုလ်ကြီးအောင်ဇေယျာထွန်း+မယွန်းပန်းအိမ်**

---

**ဖခင်အမည်မှန်**

နေပြည်တော်၊ လယ်ဝေးမြို့နယ်၊ မင်းပြင်ကျေးရွာ၊ အ.ထ.က(ခွဲ)မင်းပြင်ကျောင်း Grade-8 တွင် ပညာသင်ကြားနေသော မနှင်းနှင်းဝေ ၉/ပမန(နိုင်) ၃၀၅၁၇၄ ၏ဖခင်အမည်မှန်မှာ ဦးညီညီနိုင် ၉/ပမန(နိုင်)၂၃၈၉၁၉ ဖြစ်ပါကြောင်း။ **ဦးညီညီနိုင်**

**ပျောက်ဆုံးကြောင်း**

ဦးမောင်(ဘ)ဦးခမ်းထွမ်း ၁၃/တယန(နိုင်) ၁၀၅၃၀၀ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(MK 497963)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။

**ဖုန်း-၀၉-၆၆၄၃၉၄၁၄၅**

**ပျောက်ဆုံးကြောင်း**

သီသီခိုင်(ဘ)ဦးစိုးမောင် ၇/ညလပ(နိုင်) ၀၉၇၇၀၉ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(မမှတ်မိ)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။

**ဖုန်း-၀၉-၉၇၄၈၀၅၃၂၇**

**ပျောက်ဆုံးကြောင်း**

အိသန္တာဖြိုး(ဘ)ဦးညွန့်ပိုင် ၉/ကဆန(နိုင်) ၁၃၅၆၄၀ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(MJ 598962)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။

**ဖုန်း-၀၉-၉၇၄၈၀၅၃၂၇**

**ပျောက်ဆုံးကြောင်း**

ညီညီထွေး(ဘ)ဦးလှအောင် ၉/ငသရ(နိုင်) ၀၁၂၀၁၈ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(မမှတ်မိ)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။

**ဖုန်း-၀၉-၉၇၄၈၀၅၃၂၇**

**ပျောက်ဆုံးကြောင်း**

မွှေးမွှေးချော(ဘ)ဦးချစ်ပို ၁၃/ကလန(နိုင်) ၀၆၅၇၃၀ ကိုင်ဆောင်သူ၏ နိုင်ငံကူး လက်မှတ်အမှတ်(MB 464874)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။

**ဖုန်း-၀၉-၄၂၀၇၄၁၅၆၂**

---

**မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ**
**အဆောက်အအုံနှင့်ကုန်ရုံဌာန**
**အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း**

၁။ မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ၊ အဆောက်အအုံနှင့်ကုန်ရုံဌာနမှ ၂၀၂၆-၂၀၂၇ ဘဏ္ဍာရေးနှစ်အတွင်း အောက်ဖော်ပြပါတည်ဆောက်ရေးနှင့်ပြင်ဆင်ထိန်းသိမ်းခြင်းလုပ်ငန်းများအား အိတ်ဖွင့်တင်ဒါခေါ်ယူ၍ ဆောင်ရွက်သွားမည်ဖြစ်ပါသဖြင့် စိတ်ပါဝင်စားသောကုမ္ပဏီများမှ အိတ်ဖွင့်တင်ဒါတင်သွင်းနိုင်ပါရန် ဖိတ်ခေါ်အပ်ပါသည်-

(က) တင်ဒါပုံစံ စတင်ရောင်းချမည့်နေ့ - (၁၃-၅-၂၀၂၆)မှ(၂၆-၅-၂၀၂၆)ထိ

(ခ) တင်ဒါသွင်းရမည့် နောက်ဆုံးရက်/အချိန် - (၂၆-၅-၂၀၂၆)ရက်၊ (၁၆:၀၀)နာရီ

(ဂ) တင်ဒါဖွင့်မည့်ရက် - (၂၈-၅-၂၀၂၆)ရက်၊ (ခန့်မှန်း)

(ဃ) တင်ဒါဖွင့်မည့်နေရာ - အဆောက်အအုံနှင့်ကုန်ရုံဌာန မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ

(င) တင်ဒါလျှောက်လွှာတစ်စုံဈေးနှုန်း

Lot(1) - အောင်မြေသာစံမြို့နယ်၊ ရွှေကျင်တိုးဂိတ်ပြင်ဆင်ခြင်း၊ Electronic Toll Collection စနစ်တပ်ဆင်ခြင်းအတွက် ကတ္တားများတပ်ဆင်ပြုပြင်ခြင်းနှင့် ဆက်စပ်လုပ်ငန်းများဆောင်ရွက်ခြင်း - ၁၀၀၀၀ ကျပ်

Lot(2) - အမရပူရမြို့နယ်၊ ရွှေကြက်ယက်ဂိတ်၊ ၆၂ လမ်းဂိတ်၊ ၆၇ လမ်းဂိတ်ပြင်ဆင်ခြင်းနှင့် ရွှေကြက်ယက်ဂိတ်တွင် Electronic Toll Collection စနစ်တပ်ဆင်ခြင်းအတွက် ကတ္တားများတပ်ဆင်ပြုပြင်ခြင်းနှင့် ဆက်စပ်လုပ်ငန်းများဆောင်ရွက်ခြင်း - ၁၀၀၀၀ ကျပ်

Lot(3) - ချမ်းမြသာစည်မြို့နယ်၊ တမ္ပဝတီဝန်ထမ်းအိမ်ရာ(C)ဆောင်၊ RC(၃)ထပ်ပြင်ဆင်ခြင်းနှင့်ဆက်စပ်လုပ်ငန်းများဆောင်ရွက်ခြင်း - ၁၀၀၀၀ ကျပ်

Lot(4) - ပြည်ကြီးတံခွန်မြို့နယ်၊ ချမ်းမြရွှေပြည်ဈေး အမိုးရေတံလျှောက်ပြင်ဆင်ခြင်းနှင့်ဆက်စပ်လုပ်ငန်းများဆောင်ရွက်ခြင်း - ၁၀၀၀၀ ကျပ်

Lot(5) - ချမ်းမြသာစည်မြို့နယ်၊ တမ္ပဝတီဝန်ထမ်းအိမ်ရာ(A,B)ဆောင်၊ RC(၅)ထပ်ပြင်ဆင်ခြင်းနှင့်ဆက်စပ်လုပ်ငန်းများဆောင်ရွက်ခြင်း - ၁၀၀၀၀ ကျပ်

၂။ အသေးစိတ်အချက်အလက်များသိရှိလိုပါက ရုံးချိန်အတွင်း အဆောက်အအုံနှင့်ကုန်ရုံဌာန၊ ဖုန်း ၀၉-၂၀၅၄၇၅၁၊ ၀၉-၂၀၀၁၂၄၇ သို့ ဆက်သွယ်စုံစမ်းနိုင်ပါသည်။

**အဆောက်အအုံနှင့်ကုန်ရုံဌာန**
**မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ**

---

**ရန်ကုန်တိုင်းဒေသကြီးအထွေထွေအုပ်ချုပ်ရေးဦးစီးဌာန**
**အိတ်ဖွင့်တင်ဒါ(Open Tender)ခေါ်ယူခြင်း**

၁။ ရန်ကုန်တိုင်းဒေသကြီးအထွေထွေအုပ်ချုပ်ရေးဦးစီးဌာန ရုံးအဆင့်ဆင့်တွင် ၂၀၂၆-၂၀၂၇ ဘဏ္ဍာရေးနှစ်၊ ငွေလုံးငွေရင်းခွင့်ပြုရန်ပုံငွေဖြင့် ရုံးအဆောက်အအုံနှင့် ဝန်ထမ်းအိမ်ရာများဆောက်လုပ်မည်ဖြစ်ပါ၍ အိတ်ဖွင့်တင်ဒါခေါ်ယူလိုပါသည်။

၂။ အိတ်ဖွင့်တင်ဒါလျှောက်လွှာပုံစံနှင့်စည်းကမ်းချက်များကို ရန်ကုန်တိုင်းဒေသကြီးအထွေထွေအုပ်ချုပ်ရေးဦးစီးဌာန(အစိုးရအဖွဲ့ရုံး)ဂိတ်အမှတ်(၄)၊ အလုံလမ်းတွင် ၀၉၃၀ အချိန်မှ ၁၆၃၀ အချိန်အတွင်း(ရုံးပိတ်ရက်မပါ)ဝယ်ယူနိုင်ပါသည်။

၃။ တင်ဒါလျှောက်လွှာစတင်ရောင်းချမည့်ရက် - ၁၄-၅-၂၀၂၆ ရက်

၄။ တင်ဒါလျှောက်လွှာအရောင်းပိတ်မည့်ရက် - ၂၇-၅-၂၀၂၆ ရက်

၅။ တင်ဒါလျှောက်လွှာတင်သွင်းရမည့်နေ့ရက် - ၂၉-၅-၂၀၂၆ ရက်(ရုံးချိန်အတွင်း) ရန်ကုန်တိုင်းဒေသကြီးအထွေထွေအုပ်ချုပ်ရေးဦးစီးဌာန

၆။ တင်ဒါဖွင့်မည့်ရက်/အချိန် - ထပ်မံကြေညာပါမည်။

၇။ တင်ဒါဖွင့်မည့်နေရာ - ရန်ကုန်တိုင်းဒေသကြီးအထွေထွေအုပ်ချုပ်ရေးဦးစီးဌာန၊ အစည်းအဝေးခန်းမ

၈။ သတ်မှတ်ရက်ထက်ကျော်လွန်တင်သွင်းသည့် လျှောက်လွှာများကို ထည့်သွင်းစဉ်းစားမည်မဟုတ်ပါ။ အသေးစိတ်သိရှိလိုပါက ရုံးချိန်အတွင်း ဖုန်းနံပါတ် ၀၁-၈၃၀၂၅၆၄ သို့ ဆက်သွယ်မေးမြန်းနိုင်ပါသည်။

**တင်ဒါလက်ခံရေးနှင့် စိစစ်ရေးကော်မတီ**

---

DIINSIDER COMPANY LIMITED

Notice Of Appointment of Liquidator of the Company (Oversea Corporation Branch Office Ceasing to Carry on Business in Union)

At the Extraordinary General Meeting of Directors and Shareholders of the company held on (13.5.2026)the special resolution that oversea corporation branch office was ceasing to carry on business in union(Myanmar)and U KYAWT MG(Advocate)(MAIP No.109550)was appointed as a liquidator was passed on Extraordinary General Meeting Resolution.

All of the creditor (if any)of the company are requiries to contact the liquidator before (13.6.2026)with detailed particulars of their claim attached with complete supporting documents. The company shall not take any responsibility for or settle debts that are claimed and submitted after such date.

**U KYAWT MG (Advocate)(MAIP No.109550)**
**Liquidator (PAI Consultant Service)**

**Liquidator Office: No. 6/8, Room 104, Upper Pazuntaung Road, Pazuntaung Township, Yangon, Myanmar. PAI Consultant Service(Phone: 09-422217514, 09-774788846)**

---

**ပျောက်ဆုံးကြောင်း**

ရဲဝင်း(ဘ)ဦးဝင်း ၁၀/ကမရ(နိုင်)၁၃၀၂၅၇ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(မမှတ်မိ)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။ **ဖုန်း-၀၉-၄၂၀၇၄၁၅၆၂**

---

**ပျောက်ဆုံးကြောင်း**

ထွန်းဝင်း(ဘ)ဦးရမ်းမဒါတ် ၁၂/ပဇတ(နိုင်) ၀၂၉၈၆၅ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(မမှတ်မိ)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။

**ဖုန်း-၀၉-၄၂၀၇၄၁၅၆၂**

**ပျောက်ဆုံးကြောင်း**

စည်သူစိုး(ဘ)ဦးစိုးနိုင် ၈/အလန(နိုင်) ၁၈၆၃၄၃ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(မမှတ်မိ)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။

**ဖုန်း-၀၉-၆၇၃၄၉၆၃၀၃**

**ပျောက်ဆုံးကြောင်း**

ကျော်ထက်အောင်(ဘ)ဦးအောင်သိန်းဖေ ၁၂/တတန(နိုင်)၁၈၀၈၆၈ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(မမှတ်မိ)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။

**ဖုန်း-၀၉-၇၆၈၂၅၁၀၆၁**

**ပျောက်ဆုံးကြောင်း**

ကျော်တိုးလွင်(ဘ)ဦးသန်းအေး ၁၂/ဒလန(နိုင်)၀၆၂၈၁၈ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(MI 962249)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။

**ဖုန်း-၀၉-၇၉၂၈၂၆၇၃၆**

**ပျောက်ဆုံးကြောင်း**

စန္ဒာဝင်း(ဘ)ဦးကျော်မြင့် ၁၂/ရပသ(နိုင်) ၁၂၉၂၈၆ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(မမှတ်မိ)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။

**ဖုန်း-၀၉-၇၉၉၂၄၄၃၇၃**

**ပျောက်ဆုံးကြောင်း**

အောင်မျိုးသန့်(ဘ)ဦးစိန်ကုလား ၇/သဝတ(နိုင်)၀၉၄၀၃၄ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(မမှတ်မိ)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။

**ဖုန်း-၀၉-၆၆၂၆၉၀၉၆၂**

**ပျောက်ဆုံးကြောင်း**

ဇင်မာခိုင်(ဘ)ဦးမောင်ဝင်း ၈/မသန(နိုင်) ၁၄၁၃၄၂ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(မမှတ်မိ)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။

**ဖုန်း-၀၉-၆၈၇၁၅၇၅၄၃**

**ပျောက်ဆုံးကြောင်း**

စောသန့်ဇော်ဦး(ဘ)ဦးတားတူ ၃/လဘန(နိုင်)၂၀၄၅၅၈ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(မမှတ်မိ)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။

**ဖုန်း-၀၉-၆၅၀၂၆၆၅၁၇**

**ပျောက်ဆုံးကြောင်း**

နန်းနီနီဝင်း(ဘ)ဦးကျော်ရင် ၃/ပကန(နိုင်) ၀၀၄၉၃၉ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(မမှတ်မိ)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။

**ဖုန်း-၀၉-၆၅၀၂၆၆၅၁၇**

**ပျောက်ဆုံးကြောင်း**

နန်းချိုချိုညွန့်(ဘ)ဦးမြသိန်း ၃/လဘန(နိုင်) ၀၇၈၄၁၀ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(678937)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။

**ဖုန်း-၀၉-၂၅၀၅၁၁၇၇၇**

**ပျောက်ဆုံးကြောင်း**

စောအုန်းကျော်(ဘ)ဦးဖားကရော ၃/လဘန(နိုင်)၁၃၃၇၈၄ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(MG 457969)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။

**ဖုန်း-၀၉-၂၅၀၅၁၁၇၇၇**

**ပျောက်ဆုံးကြောင်း**

တွယ်တာလင်း(ဘ)ဦးစိန်လွင် ၉/ပသက(နိုင်)၁၂၇၇၄၆ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(MI 696022)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။

**ဖုန်း-၀၉-၇၈၁၂၃၀၁၃၇**

**ပျောက်ဆုံးကြောင်း**

နန်းမုဒ္ဒတ်(ဘ)ဦးပီဖူ ၃/ဘအန(နိုင်) ၂၆၂၄၆၄ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(ME 374103)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။

**ဖုန်း-၀၉-၆၈၇၉၀၅၀၈၁**

**တစ်ဦးတည်းဖြစ်ပါကြောင်း**

ဗဟန်းမြို့နယ်နေ အဘ ဦးထွန်းမောင်နု၏သား ၁၂/ဗဟန(နိုင်)၁၁၄၆၉၁ ကိုင်ဆောင်သူ မောင်ဟိန်းသူဇော်(ခ)မောင်သင့်လှိုင်ဇင်မှာ တစ်ဦးတည်းဖြစ်ပါကြောင်း။

**မောင်ဟိန်းသူဇော်(ခ)မောင်သင့်လှိုင်ဇင်**

**ပျောက်ဆုံးကြောင်း**

မင်းထက်စံ(ဘ)ဦးစောလွင် ၁၂/ဗဟန(နိုင်) ၁၀၈၇၉၈ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(မမှတ်မိ)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။

**ဖုန်း-၀၉-၉၇၄၈၀၅၃၂၇**

**ပျောက်ဆုံးကြောင်း**

လင်းလင်းထွန်း(ဘ)ဦးလှထွန်း ၁၂/သဃက(နိုင်)၁၄၇၆၄၄ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(မမှတ်မိ)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။

**ဖုန်း-၀၉-၇၉၉၅၄၀၁၁၆**

**ပျောက်ဆုံးကြောင်း**

ဆန်းဝင်းနွယ်(ဘ)ဦးဝေလှမောင် ၁၁/ကဖန(နိုင်)၀၉၃၃၄၉ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(မမှတ်မိ)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။

**ဖုန်း-၀၉-၂၅၀၇၆၄၁၉၄**

**ပျောက်ဆုံးကြောင်း**

နန်းဝင်းငွေကျော်(ဘ)စခွါဖိုး ၁၀/ပမန(နိုင်) ၂၀၁၇၈၄ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(မမှတ်မိ)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။

**ဖုန်း-၀၉-၆၈၃၃၅၆၆၈၄**

**ပျောက်ဆုံးကြောင်း**

အေးသူသူမြင့်(ဘ)ဦးလှမြင့် ၁၂/တမန(နိုင်) ၁၀၆၄၁၉ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(မမှတ်မိ)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။

**ဖုန်း-၀၉-၇၉၉၂၃၉၂၀၈**

**ပျောက်ဆုံးကြောင်း**

မိုးမိုး(ဘ)ဦးသာညွန့် ၁၁/သတန(နိုင်) ၀၄၈၁၃၆ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(မမှတ်မိ)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။

**ဖုန်း-၀၉-၂၆၆၃၈၈၈၉၇၉**

**ပျောက်ဆုံးကြောင်း**

ချစ်ဖြိုးဇော်(ဘ)ဦးခင်ဝင်း ၁၂/သခန(နိုင်) ၁၁၈၉၄၀ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(မမှတ်မိ)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။

**ဖုန်း-၀၉-၂၆၀၀၈၈၈၂၀**

**ပျောက်ဆုံးကြောင်း**

မာစီ(ဘ)ဦးသာဦး ၈/မမန(နိုင်)၁၈၈၉၅၄ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(မမှတ်မိ)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။

**ဖုန်း-၀၉-၈၈၆၅၇၇၄၄၇**

**ပျောက်ဆုံးကြောင်း**

ညီညီအောင်(ဘ)ဦးထွန်းညွန့် ၈/တတက(နိုင်)၁၈၅၁၄၂ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(မမှတ်မိ)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။

**ဖုန်း-၀၉-၄၂၀၇၄၁၅၆၂**

**ပျောက်ဆုံးကြောင်း**

ပန်းအိမွှေး(ဘ)ဦးဝင်းရွှေ ၁၀/ဘလန(နိုင်) ၁၉၂၁၂၇ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(မမှတ်မိ)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။

**ဖုန်း-၀၉-၇၈၁၁၈၆၄၂၄**

**ပျောက်ဆုံးကြောင်း**

ညောင်လေးပင်မြို့၊ မြို့မ(၃)ရပ်ကွက်နေ ဒေါ်အိအိမြတ်(ဘ)ဦးတင်ဦး ၇/ညလပ(နိုင်)၀၀၁၄၃၉ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(မမှတ်မိ)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။

**ဖုန်း-၀၉-၉၅၆၄၅၅၉၄၉**

**ဖခင်အမည်မှန်နှင့်မွေးသက္ကရာဇ်အမှန်**

မော်လမြိုင်မြို့၊ ညောင်ပင်ဆိပ်ရပ်ကွက်၊ ဘုရားကုန်း(၂)ရပ်၊ အိမ်အမှတ်(၂၇၈)နေ မောင်အောင်ပြည့်ဖြိုး၏မွေးသက္ကရာဇ်အမှန်မှာ ၁-၁၁-၂၀၁၅ ဖြစ်ပြီး ဖခင်အမည်မှန်မှာ ဦးစိန်မြင့် ၁/မဝတ(နိုင်)၀၆၅၅၅၁ ဖြစ်ပါကြောင်း။

**၁-၁၁-၂၀၁၅၊ ဦးစိန်မြင့်**

**အမည်ပြောင်း**

နေပြည်တော်၊ ဥတ္တရသီရိမြို့နယ်၊ CAE ကိုယ်ပိုင်အထက်တန်းကျောင်း Grade-7 တွင် ပညာသင်ကြားနေသော အဘ ဦးကျော်ဝဏ္ဏ ၉/မတလ(နိုင်)၂၀၉၁၈၃ ၏သမီး မနှင်းချယ်ရီသက်အား မထက်နဒီမေ ၉/ဥတသ(နိုင်)၀၂၁၈၁၀ ဖြစ်ပါကြောင်း။

**မထက်နဒီမေ**

**တစ်ဦးတည်းဖြစ်ပါကြောင်း**

နေပြည်တော်၊ ပျဉ်းမနားမြို့၊ ရွှေချီရပ်ကွက်၊ ဥတ္တံတားလမ်း၊ အမှတ်(၁၁/၅၇)နေ အဘ ဦးတင်အောင်၏သမီး ဒေါ်ခင်လုံးနှင့် ဒေါ်ခင်လှိုင်ဝင်း ၉/ပမန(နိုင်)၀၇၃၁၆၀ မှာတစ်ဦးတည်းဖြစ်ပါကြောင်း။

**ဒေါ်ခင်လုံး(ခ)ဒေါ်ခင်လှိုင်ဝင်း**


SINCE 1959
မြန်မာ့ကြယ်ငါးပွင့်သင်္ဘောလုပ်ငန်းကုမ္ပဏီလီမိတက်
နိုင်ငံတကာ ကုန်စည်သယ်ယူပို့ဆောင်ရေးလုပ်ငန်း
ကုန်သေတ္တာသယ်ယူပို့ဆောင်ရေးလုပ်ငန်း
ကမ်းရိုးတန်း ကုန်စည်ပို့ဆောင်ရေးလုပ်ငန်း
သာကေတ ကုန်သေတ္တာထားသိုစခန်း
သာကေတ ဆိပ်ခံတံတားလုပ်ငန်း
သာကေတ ကုန်လှောင်ရုံလုပ်ငန်း
ဆက်သွယ်ရန် ဖုန်းနံပါတ်
၀၁ ၈၂၉ ၆၂၅၁၊ ၀၉ ၅၅၀ ၃၉၃၄ – ရုံးချုပ်
၀၉ – ၅၅၀ ၄၅၄၆၊ ၀၉ – ၇၈၅ ၁၅၄ ၀၇၈၊ ၀၉ – ၅၁၅ ၉၆၉၇ – သာကေတရုံး


အောင်သစ္စာဦးအထွေထွေအာမခံကုမ္ပဏီလီမိတက်
"ဆုံးရှုံးမှုအန္တရာယ်ဘေး
မျှဝေခံစားပေးမှာ
အောင်သစ္စာဦး အာမခံပါ"
Hotline - 09-450450561, 09-450450562, 09-450450563
AUNG THITSA OO INSURANCE


ယုံကြည်စိတ်ချ အားထားရန် မြန်မာ့အင်းဝဘဏ်
INNWA BANK LIMITED
စာရင်းရှင်အပ်ငွေစာရင်း
အချိန်ပိုင်းအပ်ငွေစာရင်း
ပြည်တွင်းငွေလွှဲလုပ်ငန်း
ဘဏ်အာမခံလုပ်ငန်း
အပ်ငွေစာရင်းချိတ်ဆက်ခြင်း
နိုင်ငံခြားဘဏ်လုပ်ငန်း
ငွေစုဘဏ်အပ်ငွေစာရင်း
ချေးငွေများထုတ်ချေးခြင်း
ငွေပေးအမိန့်လွှာလုပ်ငန်း
INNWA BANK
MYANMAR ECONOMIC CORPORATION
MPU
အင်းဝဘဏ်လီမိတက် ဘဏ်ခွဲပေါင်း (၇၆)ခု နှင့် နိုင်ငံခြားငွေ လဲလှယ်ရောင်းဝယ်ရေးကောင်တာ
( MONEY CHANGER COUNTER )(၀၃) ခုတို့တွင်
လူကြီးမင်း၏ ငွေကြေးဆိုင်ရာ ကိစ္စရပ်များအား ၏လွယ်ကူလျင်မြန်စွာ ဆက်သွယ်ဆောင်ရွက်နိုင်ပါသည်။
အင်းဝဘဏ်လီမိတက်(ရုံးချုပ်)နေပြည်တော်
ဖုန်း-၀၆၇ ၃၄၃၄၇၅၁၊ ၀၆၇ ၃၄၃၄၇၅၂
အင်းဝဘဏ်လီမိတက်(ရန်ကုန်)
ဖုန်း-၀၁ ၂၅၆၂၅၄၊ ၀၁ ၃၇၄၇၅၂
အင်းဝဘဏ်လီမိတက်(မန္တလေး)
ဖုန်း-၀၂ ၄၀၃၆၅၇၇၊ ၄၂၄၅၉၅၊ ၄၀၂၁၂၀၁၊ ၂၈၄၈၄၁
INNWA BANK LIMITED

❖ နိုင်ငံတော်ရှေ့သီးဖို့ ကုန်ထုတ်လုပ်မှုအားပေးစို့။

❖ နိုင်ငံတော်ဖွံ့ဖြိုးဖို့ ပညာရေးကိုအားပေးစို့။

❖ နိုင်ငံတော်သာယာဖို့ သဘာဝပတ်ဝန်းကျင်ထိန်းကြစို့။

# မက်မန်းမြို့နယ်အတွင်းရှိ သံလွင်မြစ်အနီး၌ အွန်လိုင်းလိမ်လည်လောင်းကစားမှုလုပ်ငန်းများလုပ်ကိုင်နေသည့် တရုတ်နိုင်ငံသား ၉၀ ဦးအား လုပ်ငန်းသုံးဆက်စပ်ပစ္စည်းများနှင့်အတူဖမ်းဆီးရမိ



အွန်လိုင်းလိမ်လည်လောင်းကစားမှုကျူးလွန်ရာတွင် ပါဝင်ပတ်သက်ခဲ့သည့် တရုတ်နိုင်ငံသား အမျိုးသား ၂၃ ဦးကိုတွေ့မြင်ရစဉ်။

နေပြည်တော် မေ ၁၃

နိုင်ငံတော်အစိုးရအနေဖြင့် နိုင်ငံတကာနှင့် တစ်ကမ္ဘာလုံးကို အန္တရာယ်ပေးနေသည့် အွန်လိုင်းလိမ်လည်လောင်းကစားမှု တိုက်ဖျက်ရေး လုပ်ငန်းစဉ်များကို အမျိုးသားရေး တာဝန်တစ်ရပ်အဖြစ်ခံယူကာ မြန်မာနိုင်ငံအတွင်း လုံးဝအခြေမပြုနိုင်ရေးအတွက် ပြည်တွင်းအင်အားစုများအပြင် အိမ်နီးချင်းနိုင်ငံအစိုးရများနှင့်လည်း ပေါင်းစပ်ညှိနှိုင်း၍ တက်ကြွစွာဆောင်ရွက်လျက်ရှိရာ မေလ ၁၂ ရက်နှင့် ယနေ့တို့တွင် ရှမ်းပြည်နယ် (မြောက်ပိုင်း)၊ မက်မန်းမြို့နယ်အတွင်းရှိ သံလွင်မြစ်အနီး၌ အွန်လိုင်းလိမ်လည်လောင်းကစားမှုများ လုပ်ကိုင်နေသည့် တရုတ်နိုင်ငံသား ၉၀ ဦးကို လုပ်ငန်းလုပ်ကိုင်ရာတွင် အသုံးပြုသည့် ပစ္စည်းများနှင့်အတူ ဖမ်းဆီးရမိခဲ့ကြောင်း သိရှိရသည်။

ရှမ်းပြည်နယ်(မြောက်ပိုင်း)၊ မက်မန်းခရိုင်၊ မက်မန်းမြို့နယ် အတွင်းရှိ သံလွင်မြစ် အရှေ့ဘက် ကမ်းတစ်လျှောက်၌ အွန်လိုင်းလိမ်လည်လောင်းကစားမှုများ လုပ်ဆောင်နေကြောင်း သတင်းအရ လုံခြုံရေးတပ်ဖွဲ့ဝင်များပါဝင်သော ပူးပေါင်းအဖွဲ့က ရှာဖွေစစ်ဆေးမှုများဆောင်ရွက်ရာ မေလ ၁၂ ရက် ညနေ ၄ နာရီခန့်တွင် မက်မန်းမြို့၏ အနောက်တောင်ဘက် ၅၅ ကီလိုမီတာခန့်အကွာရှိ သံလွင်မြစ်အနီး၌ အွန်လိုင်းလိမ်လည်လောင်းကစားမှုများလုပ်ကိုင်ရာတွင် အသုံးပြုသည့် အလျား ၈၀ ပေ၊ အနံ ၄၀ ပေရှိ လူနေမိုးကာ တဲ ၃ လုံးနှင့် စားဆောင်မိုးကာတဲ ၁ လုံး၊ အလျား ၆၀ ပေ၊ အနံ ၂၀ ပေရှိ နှစ်ထပ်အိပ်စင်ပါ

စာမျက်နှာ ၁၆ ကော်လံ ၁ ➲

## အင်းတော်မြို့ အခြေခံပညာအထက်တန်းကျောင်း(ခွဲ) ၌ ကျောင်းအုပ်ချုပ်မှုကိစ္စများ ဆောင်ရွက်နေသည့် ပညာရေးဝန်ထမ်းများအား အကြမ်းဖက်သောင်းကျန်းသူများက FPV Suicide Drone များဖြင့်ယုတ်မာစွာ အကြောင်းမဲ့ပစ်လွှတ်တိုက်ခိုက်ခဲ့သဖြင့် ပညာရေးဝန်ထမ်း ၃ ဦး ထိခိုက်ဒဏ်ရာရရှိ

စာ - ၁၅ သို့

## အာရှဖလား ယူ - ၁၇ ပြိုင်ပွဲ အုပ်စုနောက်ဆုံးပွဲတွင် မြန်မာနှင့်ထိုင်းသရေကျ

စာ - ၂၉ သို့

## လေဖိအားနည်းရပ်ဝန်း ပိုမိုအားကောင်းလာကာ အားကောင်းသောလေဖိအားနည်းရပ်ဝန်းအဖြစ်ရောက်ရှိ

နေပြည်တော် မေ ၁၃

ယနေ့မွန်းလွဲ ၁၂ နာရီခွဲအချိန်တိုင်းထွာချက်များအရ ဘင်္ဂလားပင်လယ်အော် အနောက်တောင်ပိုင်းနှင့် ယင်းနှင့်ဆက်စပ်လျက်ရှိသော ဘင်္ဂလားပင်လယ်အော် အနောက်အလယ်ပိုင်းတို့တွင်ဖြစ်ပေါ်နေသော လေဖိအားနည်းရပ်ဝန်း(Low Pressure Area) သည် ပိုမိုအားကောင်းလာကာ အားကောင်းသောလေဖိအားနည်း ရပ်ဝန်း(Well Marked Low Pressure Area)အဖြစ်သို့ ရောက်ရှိခဲ့သည်။

(မိုး/ဇလ)

